ကောင်း သန့် စီ ရင် သည်

# စံ-ဗာလဟိုဘို

သရှု့နှဝဓုသီအချစ်



ကောင်းသန့်စာပေ
အမှတ် ၂၀၉၊ ပ-ထပ်(ယာ)၊ ၃၈ လမ်း (ထက်)
ရန်ကုန်မြို့။ ဖုန်း - ၇၂၂၀၅၃

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက် ၁၁၁/၂၀၀၃(၂)
မျက်နှာဖုံးခွင့်ပြုချက် ၁၁၉/၂၀၀၃(၂)

**ထုတ်ဝေသူ** ဦးသန်းဆွေ(မြဲ-၀၁၄၇၃)
စစ်သည်တော်စာပေ
အမှတ် ၁၁၃၁၊ ဥယျာဉ်လမ်း၊
၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)
ရန်ကုန်မြို့။

**ပုံနှိပ်သူ** ဒေါ်ဝင်းဝင်းအေး(မြဲ-၀၆၇၄၉)
ကောင်းသန့်ပုံနှိပ်တိုက်
အ-ထ-က(၆)
ဗိုလ်တထောင်ကျောင်းဝင်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ** ကိုဆန်း

**အတွင်းပလင်** မဟာမီဒီယာ

**ကွန်ပျူတာစာစီ** ကိုတင်ထွန်း

**ပုံနှိပ်ခြင်း** ဒုတိယအကြိမ်

**ပြီးစီးသည့်လ** ၂၀၀၃ ခုနှစ်၊ မတ်လ

**စာအုပ်ချုပ်** စိန်ကြည်

**ဖြန့်ချိရေး** ကောင်းသန့်စာပေ
အမှတ် ၂၀၉၊ ပ-ထပ်(ယာ)
၃၈ လမ်း(ထက်)၊ ရန်ကုန်မြို့။
ဖုန်း-၇၂၂၀၅၃

**အုပ်ရေ** ၅၀၀

**တန်ဖိုး** ၅၀၀ ကျပ်

စံ–ဓာဏီဘို

# ဆယ့်နှစ်ရာသီ

# အချစ်

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံနေတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အဖွင့်နိဒါန်း

ကျွန်ုပ်သည် အချစ်နှင့်ပတ်သက်သော အကြောင်းအရာများကို တစ်ပါးသူအား အကြံပေးခြင်း၊ ဆွေးနွေးခြင်း၊ ဟောပြောခြင်း ပြု၍ အသက်မွေးသူ ဖြစ်သည်။ အချစ်ဟူသောအရာကို ကျွန်ုပ် ဤသို့ နားလည်သဘောပေါက်သည်။

"အချစ်သည် ချိုမြိန်သည်။
အချစ်သည် ခါးသီးသည်။
အချစ်သည် ပျော်ရွှင် ရယ်မောခြင်းကို
ဖြစ်ပေါ်စေသည်။
အချစ်သည် ကြေကွဲ ငိုကြွေးခြင်းကို စေစားသည်။
အချစ်သည် ဘဝကို လှပရှင်သန်စေသည်။
အချစ်သည် ဘဝမျှော်လင့်ချက် အလုံးစုံကို
တစ်စစီ ပျက်စီးစေသည်။

နှလုံးသားကိုယ်စီ ပိုင်ဆိုင်ကြသော လူသားတို့သည် ချစ်တတ်သည်။ အပြန်အလှန် ချစ်ကြသည်။ ချစ်သူဘဝသို့ ရောက်ကြသည်။ နှလုံးသားကို အရင်းတည်၍ ချစ်ကြလင့်ကစား . . .

"ချစ်တိုင်း မညား . . ."

ဟူသော ဆိုရိုးစကားကြီးတစ်ခုသည် လူသားတိုင်းအတွက် တစ်စုံတစ်ရာသော အတိုင်းအတာအထိ မှန်ကန်နေဆဲဖြစ်သည်။

ချစ်သူတို့ အကြား၌လည်းကောင်း၊ အိမ်ထောင်သည်တို့ ကြား၌လည်းကောင်း၊ ဘီလူးနှင့် လူ လက်ထပ်၍ မရ။ ဘီလူးက လူကို စားမည်၊ နက္ခတ်ချင်း မတည့်။ သူ၏ မွေးနံသည် မိမိ မဟာဘုတ် အောက်တန်း၌ ရောက်နေသည်။ မဟာဘုတ်၏ လင်ဂြိုလ်၊ မယားဂြိုလ်တို့ မရဏ ရောက်နေသည်။ ဇာတာ၏ လဂ်သမသတ်တွင် စနေဂြိုလ် တည်၍ လဂ်သမသတ် မြွေခွေး လင်သေ မုဆိုးမ ဖြစ်မည်။ တနင်္လာနှင့် အင်္ဂါတစ်အိမ်တည်း ပူးမြင်ရာ ဖောက်ပြားတတ်သည်။ ကျားနှစ် မွေးသော ကျားမဖြစ်၍ ဒုက္ခပေးမည်။ မေ္ဃာ၊ သောက၊ အင်း၀၊ ရာဇာ အနေအထားဖြစ်နေသည်။ မိမိနှင့် နေ့ချင်းတည့်လင့်ကစား မိဘနှင့်မတည့် . . . စသည် . . . စသည်တို့ကြောင့် မပေါင်း ရ၊ မပေါင်းဖြစ်သော ချစ်သူများ ဒုနှင့်ဒေး။ အသက်

အရွယ် ကွာခြားမှုများ၊ ဂုဏ်ပကာသန ဝန်းကျင် ကွာဟမှုများကြောင့် ချစ်သူဘဝမှ အိမ်ထောင်ဖက်ရန် ရှေ့တိုး မဝံ့ရဲခြင်း၊ လက်မထပ်ရဲခြင်း၊ လက်မထပ်ရ၊ အိမ်ထောင် မပြုကြရခြင်းများ ဖြစ်လေ့ရှိသည်။ အချို့သည်လည်း ချစ်သူ ရှိလျက်နှင့်ပင် ကိုယ့်ချစ်သူနှင့် နေ့၊ နက္ခတ်၊ ဇာတာ မတည့်၍ လမ်းခွဲကာ ဗေဒင်အလိုအရ တည့်သောသူကို ဇွတ်မှိတ်၍ အိမ်ထောင်ပြုကြသည်။

ထိုကဲ့သို့ ရိုးရာဗေဒင် နည်းပညာများအရ မတည့်ကြ လင့်ကစား ပျော်ရွှင် ချမ်းမြေ့စွာ ရာသက်ပန် ရိုးမြေကျအောင် ပေါင်းသင်းနေထိုင်သွားသော အိမ်ထောင်မြောက်မြားစွာ ရှိသည်။ နေ့ချင်း၊ နက္ခတ်ချင်း ဗေဒင်ကိန်းအရ တည့်လင့်ကစား မသင့်မမြတ်ဖြစ်၊ လမ်းခွဲ၊ လက်တွဲဖြုတ်ကြသော အိမ်ထောင်များလည်း အများအပြားရှိသည်။

အချို့သည်လည်း မိမိနှလုံးသား မိမိနားမလည်။ မိမိအချစ်ကို မိမိ မသိ။ ချစ်သူလက်တွဲသူရှိပြီးမှ နှလုံးသားမှ အချစ်စစ်သည် ပေါ်ထွက်လာသည်။ ချစ်သူလက်တွဲထားသူနှင့် ဖြစ်ရခြင်း၊ လူပြောင်းရခြင်း၊ ပေးထားခဲ့ဖူးသော ကတိစကားများ၊ ဆုံးဖြတ်ချက်များကို ပြန်လည် ပြင်ဆင် ပြောင်းလဲခြင်းတို့ ပြုကြရသည်။

"ချစ်သူတိုင်း ညား၍. . . ညားသူတိုင်း မြဲစေရန်"ကျွန်ုပ်သည် အလွန်လိုလားသောသူ ဖြစ်သည့်အားလျော်စွာ လူသားအားလုံး မိမိနှလုံးသားမှ စီးဆင်းလာသော အချစ်ကို သိစေလိုသည်။ မိမိချစ်သူ၏ အချစ်ကိုလည်း နားလည် သိရှိစေလိုပေသည်။

လုပ်ငန်းအတွေ့အကြုံအရလည်းကောင်း၊ ဆရာတို့ထံမှ လေ့လာ ဆည်းပူးခဲ့သည်တို့မှလည်းကောင်း၊ ဖတ်ရှုဖူးသော ကျမ်းဂန်စာပေများအရလည်းကောင်း၊ အချစ်ရေး၊ အိမ်ထောင်ရေးရာ ကိစ္စာအဖြာဖြာတွင် ရှေးဟောင်းလောကီပညာ အခြေခံဖြစ်သည့် ကမ္ဘာသုံးရာသီခွင်များကို အသုံးပြုဆောင်ရွက်၍ ဟောပြော၊ အကြံပေးခြင်းသည် အမှန်ကန်ဆုံး၊ အထိရောက်ဆုံးနှင့် အကျိုးအရှိဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဤနည်းကို လက်တွေ့အသုံးပြုအကြံပေးကာ လက်တွေ့အသုံးချသော ချစ်သူစုံတွဲများ၊ အိမ်ထောင်သည်များ၏ လမ်းကြောင်းသည် သာယာ၊ ဖြောင့်ဖြူးလှကြောင်း တွေ့ရှိရသည်။

နှလုံးသား တစ်ခုနှင့် တစ်ခု၊ လူသား တစ်ဦးနှင့် တစ်ဦး ပေါင်းစပ်မှုအား ရာသီခွင်များမှတစ်ဆင့် လေ့လာနိုင်သည်။ ဤနက်နဲခက်ခဲလှသော **ဆယ့်နှစ်ရာသီအချစ်** နည်းပညာကို

ဖော်ကျူးရာတွင် ပေဒင်ပညာ အခြေခံမရှိသူမှ အစ နားလည်စေရန် ကျွန်ုပ် စီစဉ်တင်ပြအပ်ပေသည်။

**ဤစာအုပ်သည် ပေဒင်ပညာရှင်များအတွက် ရည်ရွယ်သော ကျမ်းစာအုပ် တစ်အုပ် မဟုတ်ပါ။ အများပြည်သူ ဖတ်ရှုရန်အတွက်သာ ဖြစ်ပါသည်။**

ш

# ရာသီများ၏ သဘောသဘာဝ

# မိဿရာသီ (ARIES)

မတ်လ (၂၁) ရက်မှ ဧပြီ (၁၉) ရက်ကြား မွေးနေ့ တည်ရှိသောသူများကို ARIES မိဿရာသီဖွားများကို သတ်မှတ်သည်။ မြန်မာလ တန်ခူးလနှင့် နီးစပ်တူညီသည်။

| | |
|---|---|
| သင်္ကေတ | ♈ |
| ရာသီရုပ် | တောင်ဆိတ် |
| စိုးမိုးဂြိုလ် | အင်္ဂါဂြိုလ် |
| ဓာတ်သဘာဝ | မီး |
| အရောင် | ခရမ်း၊ အပြာ၊ ကြက်သွေး၊ နို့နှစ် |
| ရတနာ | ပတ္တမြား၊ ဂေါ်မုတ် |

## သော့ချက်ဗီဇ

အငြိမ်မနေတတ်၊ လွတ်လပ်မှု မြတ်နိုးသည်။ တစ်ပါးသူ မလုပ်လိုသော မလုပ်နိုင်သော အရေးကိစ္စများကို ဆောင်ရွက် အောင်မြင်စေနိုင်သော အစွမ်းအစရှိသည်။ အစဉ်အလာ လမ်းရိုးအတိုင်း မလုပ်လို။ အရာရာ ကိုယ်ပိုင်ဟန်နှင့် ဆောင်ရွက်တတ်သည်။ စိတ်ကြီးသည်။ ဇွဲကြီးသည်။

အလွယ်တကူ လက်မလျှော့တတ်။ အတိုက်အခံ၊ အခက်အခဲများအား ကျော်လွှားပြီး ထူးခြားသော အောင်မြင်မှုကို ရရှိမည်။

## လက်သုံးဆောင်ပုဒ် MOTTO 'I AM'

ကိုယ်ကတော့ . . .

## ချစ်ရေးဆို ရက်ကောင်းများ LUCKY DATES

လစဉ်လတိုင်း၏

| | | | |
|---|---|---|---|
| 3 | 6 | 7 | 9 |
| 10 | 15 | 18 | 21 |
| 24 | 27 | 30 | |

နေ့များတွင် ချစ်ရေးဆိုရန် အခါကောင်းပါသည်။ ဤကား မိဿရာသီဖွားတို့၏ စန်းကောင်းရက်များ ဖြစ်ပေသည်။

## အချစ်အဖြေပေး ရက်ကောင်း LUCKY DAYS

အင်္ဂါနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့များတွင် မိမိကို ချစ်ရေးဆိုသူအား **မိဿရာသီဖွား** များမှ အဖြေပေးရန် ကောင်းလှပေသည်။

❏

# ပြိဿရာသီ (TAURUS)

ဧပြီလ (၂၀) မှ မေလ (၂၀) ရက်ကြား မွေးသောသူများကို TAURUS ပြိဿရာသီဖွားများဟု သတ်မှတ်သည်။ မြန်မာလ ကဆုန်လနှင့် နီးစပ်တူညီသည်။

| | |
|---|---|
| သင်္ကေတ | ♉ |
| ရာသီရုပ် | နွားလားဥသဘ |
| စိုးမိုးဂြိုလ် | သောကြာ |
| ဓာတ်သဘာဝ | မြေကြီး |
| အရောင် | အပြာရောင် အနုနှင့်အရင့်၊ အစိမ်း၊ ခရမ်း |
| ရတနာ | မြ၊ ကျောက်စိမ်း |

## သော့ချက်ဗီဇ

ခေါင်းမာသည်။ မာနရှိသည်။ စည်းစနစ်ကြီးသည်။ အေးချမ်းတည်ငြိမ်သည်။ အရာရာ ပိုင်ပိုင်နိုင်နိုင် သုံးသပ်ပြီးမှ စနစ်တကျလုပ်တတ်သည်။ နှေးသော်လည်း သေချာမှုရှိသည်။ မောင်ဆိုး၊ နှမဆိုးဒဏ် ခံရမည်။ မိသားစု မိဘအပေါ် အလွန်တာဝန်ယူပေးဆပ်ရမည်။ ယုံကြည်လွှဲအပ်ခံရမည်။ သစ္စာကြီးသည်။ စိတ်ဓာတ်တွင် အလွန်နူးညံ့သိမ်မွေ့သည်။ စိတ်တိုဒေါသထွက်လျှင်မူ ပေါက်ကွဲသော မီးတောင်အလား ဖြစ်မည်။ လှပသော ဝန်းကျင် အေးချမ်းသော အိုးအိမ်၊ နူးညံ့သောစကား၊ ဒဏ္ဍာရီဆန်သော မေတ္တာဝန်းကျင်တွင် မွေ့ပျော်တတ်သည်။

## လက်သုံးဆောင်ပုဒ် MOTTO 'I have'

ကိုယ့်ဆီမှာကတော့ . . .

## ချစ်ရေးဆို ရက်ကောင်းများ LUCKY DATES

လစဉ်လတိုင်း၏

| | | | |
|---|---|---|---|
| 3 | 5 | 6 | 9 |
| 10 | 14 | 15 | 17 |
| 19 | 21 | 13 | 27 |

ရက်နေ့များတွင် ချစ်ခွင့်ပန်၊ ချစ်ရေးဆိုရန် အခွင့်သာတတ်သည့် အခါကောင်းများ ဖြစ်ပေသည်။

## အချစ်အဖြေပေး ရက်ကောင်း LUCKY DAYS

အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့များတွင် ချစ်ရေးဆိုလာသူအား နှစ်သက်ပါက မေတ္တာတုံ့ပြန် အဖြေပေးလျှင် မေတ္တာလမ်း အဆင်ပြေလှပေမည်။

ꩻ

## မေထုန်ရာသီ (GEMINI)

မေလ (၂၁) ရက်နေ့မှ ဇွန်လ (၂၀) ရက်နေ့ကြား မွေးသော သူများကို GEMINI မေထုန်ရာသီဖွားများဟု သတ်မှတ်ပါသည်။ မြန်မာလ နယုန်လနှင့် နီးစပ်တူညီသည်။

| | |
|---|---|
| သင်္ကေတ | ♊ |
| ရာသီရုပ် | အမြွှာလူသား |
| စိုးမိုးဂြိုလ် | ဗုဒ္ဓဟူးဂြိုလ် |
| ဓာတ်သဘာဝ | လေ |
| အရောင် | အဖြူ မီးခိုး၊ အညို |
| ရတနာ | ငွေ၊ ပလက်တီနမ်၊ စိန် |

သော့ချက်ဗီဇ

တွေးခေါ်မှု ဉာဏ်ရည် ထက်မြက်သည်။ တစ်ပါးသူနှင့် ဆန့်ကျင်သော ရှုထောင့်မှ တွေးခေါ်၊ ပြောဆို၊ လုပ်ကိုင်တတ်သည်။ အခွင့်အရေး နှစ်မျိုးနှစ်ခွ အမြဲကြုံရမည်။ မနာလို အပြိုင်အဆိုင် အတိုက်အခံများကြားမှ ဘဝ တိုးတက်မည်။ မွေးရပ်ကို ခွာ၍ ကြီးပွားမည်။ နှုတ်မှုရေးရာ ထက်မြက်သည်။ သူစိမ်း၊ လူမျိုးကွဲ အကျိုးပေးမည်။ အသစ်အဆန်းဖြစ်သော အတွေ့အကြုံများနှင့် တိုးတက်မှုကို အမြဲမျှော်လင့်သည်။

## လက်သုံးဆောင်ပုဒ် MOTTO 'I think'

ကိုယ်ထင်တာက . . .

## ချစ်ရေးဆို ရက်ကောင်းများ LYCKY DATES

လစဉ်လတိုင်း၏

| | | | |
|---|---|---|---|
| 1 | 3 | 5 | 6 |
| 10 | 14 | 15 | 17 |
| 19 | 21 | 23 | 24 |

ရက်များတွင် ချစ်ရေးဆို၊ ချစ်ခွင့်ပန်ရန် အလွန် အခွင့်သာ အဆင်ပြေခြင်းမှာ ဤရာသီဖွား အမျိုးသားများအတွက် ဖြစ်မည်။

## အချစ်အဖြေပေး ရက်ကောင်း LUCKY DAYS

တနင်္ဂနွေနေ့၊ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့များတွင် ချစ်ရေးဆိုလာသူအား ဤရာသီဖွား မိန်းကလေးများမှ နှစ်သက်မှုရှိပါက အဖြေပေးရန် ရက်ကောင်းပေသည်။

ျ

## **ကရကဋ်ရာသီ** (CANCER)

ဇွန်လ (၂၁) ရက်မှ ဇူလိုင် (၂၂) ရက်နေ့ကြား မွေးသောသူများကို ကရဋ်ရာသီ CANCER ရာသီဖွားများဟု သတ်မှတ်သည်။ မြန်မာလ ဝါဆိုလနှင့် နီးစပ်တူညီသည်။

| | |
|---|---|
| သင်္ကေတ | ♋ |
| ရာသီရုပ် | လက်မထောင် ဂဏန်းကောင် |
| စိုးမိုးဂြိုလ် | တနင်္လာဂြိုလ် |
| ဓာတ်သဘာဝ | ရေ |
| အရောင် | အစိမ်း၊ အဖြူ၊ နို့နှစ်၊ မီးခိုး |
| ရတနာ | ပုလဲ၊ သန္တာ၊ စိန် |

## သော့ချက်ဗီဇ

စိတ်ဆိုးလွယ် စိတ်ပြေလွယ်သည်။ စိတ်ဓာတ် တက်လွယ် ကျလွယ်သည်။ အငြိမ်မနေတတ်။ မွေးရပ်ကို ခွဲခွာ၍ ကြီးပွားမည်။ ဘဝတွင် အတက်အကျ များမည်။ စိတ်ကူး ကောင်း ရှိသည်။ တီထွင် ဖန်တီးမှုစွမ်းရည် မြင့်သည်။ မိမိအကြောင်းကို အမြဲစဉ်းစားတတ်သည်။ အတိတ်ကာလကို ပြန်လည်စဉ်းစား စိတ်ကူးမှုများသည်။ ဘဝတွင် မိမိမျှော်လင့် မထားခဲ့သော အတိုင်းအတာအထိ ဥစ္စာပိုင်ဆိုင်မည်။ ဘဝ တိုးတက်မှု ရမည်။ သို့သော် ပတ်ဝန်းကျင်နှင့် တစ်စစ ကင်းကွာမည်။ ချမ်းသာသော်လည်း အထီးကျန်ဆန်မည်။

## လက်သုံးဆောင်ပုဒ် MOTTO 'I feel'

ကိုယ်ခံစားရတာက . . .

## ချစ်ရေးဆို ရက်ကောင်းများ LUCKY DATES

လစဉ်လတိုင်း၏

| | | | |
|---|---|---|---|
| 1 | 2 | 4 | 7 |
| 10 | 11 | 19 | 20 |
| 25 | 28 | | |

ရက် နေ့ များသည် ဤရာသီ ဖွား အမျိုးသားများအတွ က် နှလုံးသားအား ဖွင့်လှစ်၍ အချစ်ရေးဆိုရန် ရက်ကောင်းများ ဖြစ်ပါသည်။

အချစ်အဖြေပေး ရက်ကောင်း ူ့ယိုဗ္

တနင်္ဂနွေနေ့၊ တနင်္လာနေ့၊ သောကြာနေ့များတွင် မိမိကို ချစ်ရေးဆိုလာသူအား တုံ့ပြန်မေတ္တာ နှင်းအပ်၊ အဖြေပေး ခေါင်းညိတ်ရန် လျော်ကန်သင့်မြတ်ပါသည်။

## သိဟ်ရာသီ (LEO)

ဇူလိုင်လ (၂၃) ရက်မှ ဩဂုတ်လ (၂၂) ရက်ကြား မွေးနေ့ရှိသော၊ မွေးဖွားသူများကို သိဟ်ရာသီဖွား ပုဂ္ဂိုလ် များဟု သတ်မှတ်၏။ မြန်မာလ ဝါခေါင်လနှင့် နီးစပ်တူညီသည်။

| | |
|---|---|
| သင်္ကေတ | ♌ |
| ရာသီရုပ် | ခြင်္သေ့ဖို |
| စိုးမိုးဂြိုလ် | တနင်္ဂနွေ |
| ဓာတ်သဘာဝ | မီး |
| အရောင် | ရွှေရောင်၊ အဝါ၊ လိမ္မော်၊ နို့နှစ်ရောင် |
| ရတနာ | ပယင်း၊ စိန်၊ ဥဿဖရား |

### သော့ချက်ဗီဇ

ရည်ရွယ်ချက်၊ ရည်မှန်းချက် မြင့်မားသည်။ အလွယ်နှင့် အလျှော့မပေးတတ်။ ဆုံးဖြတ်ပြီးလျှင် မဖြစ်မနေ လုပ်တတ်သည်။ အရာရာ မိမိဆန္ဒကို ဦးစားပေးမည်။ ဖွဲ့ကြီးသည်။ စည်းစနစ်ကြီးသည်။ နှလုံးရည်သမား ဖြစ်သည်။ ရောက်သည့်

နေရာတွင် ဦးဆောင်ရသော သဘာဝ ရှိသည်။ ဘဝ တစ်လျှောက် အတိုက်အခံ၊ အနှောင့်အယှက်၊ အခက်အခဲများ ကြားမှ ထူးခြားစွာ အရည်အသွေးပြနိုင်၊ အောင်မြင်နိုင်မည်။

## လက်သုံးဆောင်ပုဒ် MOTTO 'I will'

ကိုယ်လုပ်ရမယ့် . . .

## ချစ်ရေးဆို ရက်ကောင်းများ LUCKY DATES

လစဉ်လတိုင်း၏

| | | | |
|---|---|---|---|
| 1 | 2 | 4 | 7 |
| 10 | 11 | 14 | 17 |
| 19 | 21 | 25 | 28 |

များသည် ချစ်သူအား ချစ်ကြောင်းပြော၊ ချစ်ခွင့်ပန်ရန် ရက်ကောင်းများ ဖြစ်၏။

## အချစ်အဖြေပေး ရက်ကောင်း LUCKY DAYS

တနင်္ဂနွေနေ့၊ တနင်္လာနေ့၊ သောကြာနေ့များတွင် မိမိကို ချစ်ရေး ဆိုလာသူများအား အဖြေပေး ခေါင်းညိတ်ရန် လျော်ကန် သင့်မြတ်ပါသည်။

❏

# **ကန်ရာသီ** (VITGO)

ဩဂုတ်လ (၂၃) ရက်နေ့မှ စက်တင်ဘာလ (၂၂) ရက်နေ့ကြား မွေးသောသူများကို VIRGO ကန်ရာသီဖွားများဟု သတ်မှတ်သည်။ မြန်မာလ တော်သလင်းနှင့် နီးစပ်တူညီပါသည်။

| | |
|---|---|
| သင်္ကေတ | ♍ |
| ရာသီရုပ် | ကညာစင် |
| စိုးမိုးဂြိုလ် | ဗုဒ္ဓဟူးဂြိုလ် |
| ဓာတ်သဘာဝ | မြေကြီး |
| အရောင် | အညို၊ အဖြူ၊ မီးခိုး၊ အပြာ |
| ရတနာ | စိန်၊ ငွေ၊ မြ |

## သော့ချက်ဗီဇ

ဆင်ခြင် တွေးခေါ်မှု ကောင်းသည်။ စည်းစနစ် ကျနမှုနှင့် ဘဝတွင် အောင်မြင်မှုများ ထူးခြားစွာ ရရှိပေလိမ့်မည်။ ပြောင်းလဲမှု၊ လှုပ်ရှားမှုများကို အခြေခံ၍ ဘဝတိုးတက်မည်။ ရည်မှန်းချက် သုံးကြိမ်ပြောင်းပြီးမှ ဘဝတိုးတက်တည်ငြိမ်မည်။ အရွဲ့တိုက်ခြင်း၊ ကလဲ့စားချေခြင်း၊ သဘာဝကို လျော့ပစ်သင့်

သည်။ လုပ်ငန်းနှင့်ပညာတွဲ၍ ဘဝတိုးတက်မည်။ ဉာဏ်ရည် အတတ်ပညာကို သုံး၍ ဘဝတိုးတက်မည်။

## လက်သုံးဆောင်ပုဒ် MOTTO 'I analyze'

ကိုယ် သုံးသပ်မိသလောက်တော့ . . .

## ချစ်ရေးဆို ရက်ကောင်းများ LUCKY DATES

လစဉ်လတိုင်း၏

| | | | |
|---|---|---|---|
| 5 | 6 | 9 | 14 |
| 15 | 18 | 23 | 24 |
| 27 | | | |

ရက်နေ့များတွင် မိမိစကား အောင်မည်ဖြစ်သဖြင့် ယင်းရက်များတွင် ချစ်ရေးဆို ချစ်ခွင့်ပန်အပ်ပါသည်။

## အချစ်အဖြေပေး ရက်ကောင်း LUCKY DAYS

ဗုဒ္ဓဟူးနေ့၊ သောကြာနေ့၊ အင်္ဂါနေ့များတွင် တုံ့ပြန်မေတ္တာ အဖြေပေး၊ ခေါင်းညိတ်ခြင်းကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

❑

# တူရာသီ (LIBAR)

စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်ကြား မွေးကြသောသူများကို ချိန်ခွင် တူရာသီဖွားများဟု သတ်မှတ်သည်။ မြန်မာလ သီတင်းကျွတ်လနှင့် နီးစပ်တူညီသော သဘာဝရှိသည်။

| | |
|---|---|
| သင်္ကေတ | ♎ |
| ရာသီရုပ် | ချိန်ခွင်ပုံ |
| စိုးမိုးဂြိုလ် | သောကြာဂြိုလ် |
| ဓာတ်သဘာဝ | လေ |
| အရောင် | အဖြူ နှင်းဆီ၊ ကြက်သွေး၊ ပန်းရောင် |
| ရတနာ | မြ၊ နီလာ |

## သော့ချက်ဗီဇ

မျှမျှတတ တွေးခေါ် လုပ်ကိုင်တတ်သည်။ လူသားအချင်းချင်း စာနာတတ်သည်။ နှလုံးသား နူးညံ့သလောက် စကားပြောဘုကျ၊ ဂွပြော၊ မနူးညံ့၍ ရန်များတတ်သည်။ မွေးရပ် အကျိုးမပေးပါ။ စီးပွားရေးတွင် ငွေမမက်၍ ငွေမမြဲပါ။ အများအပေါ်

ဦးဆောင်ရမည်။ ဘဝတွင် မိမိက မျှတသလောက် မိမိကို မမျှမတ အနိုင်ယူသူ ပေါ်များတတ်သည်။

## လက်သုံးစကားဆောင်ပုဒ် MOTTO 'I balance'

ကိုယ် ချိန်ဆကြည့်လိုက်တော့ . . .

## ချစ်ရေးဆို ရက်ကောင်းများ LUCKY DATES

လစဉ်လတိုင်း၏

| | | | |
|---|---|---|---|
| 1 | 3 | 6 | 9 |
| 10 | 12 | 15 | 18 |
| 19 | 21 | 24 | 27 |

ရက်များသည် ချစ်ရေးဆို၊ ချစ်ခွင့်ပန်ရန် စကားအောင်မြင်မှု ကံပွင့်သော ရက်ကောင်းများ ဖြစ်သည်။

## အချစ်ဖြေပေး ရက်ကောင်း LUCKY DAYS

သောကြာနေ့၊ ကြာသပတေးနေ့၊ အင်္ဂါနေ့များသည် မေတ္တာရေး အဖြေပေး ခေါင်းညိတ်ရန် ရက်ကောင်းများ ဖြစ်သည်။

❑

## ဗြိစ္ဆာရာသီ (SCORPIO)

အောက်တိုဘာလ (၂၃) ရက်နေ့မှ နိုဝင်ဘာလ (၂၁) ရက် အကြား မွေးဖွားသောသူများကို SCORPIO ဗြိစ္ဆာရာသီဖွား များဟု သတ်မှတ်သည်။ မြန်မာလ တန်ဆောင်မုန်းလနှင့် နီးစပ်တူညီသည်။

| | |
|---|---|
| သင်္ကေတ | ♏ |
| ရာသီရုပ် | ကင်းမြီးကောက် |
| စိုးမိုးဂြိုလ် | ပလူတို |
| ဓာတ်သဘာဝ | ရေ |
| အရောင် | မိုးကြိုး၊ အပြာ၊ အညို |
| ရတနာ | နီလာ၊ ကျောက်နီ |

သော့ချက်ဗီဇ

အေးတိအေးစက် ထင်ရာစိုင်းတတ်သည်။ လျှို့ဝှက်သည်။ တစ်ပါးသူမသိအောင် အရာရာလုပ်တတ်သည်။ စိတ်ကြီးသည်။ တဇွတ်ထိုး လုပ်တတ်သည်။ စိတ်ကူးကောင်းသည်။ ဉာဏ်ရည်ထက်မြက်သည်။ မိမိက မှန်သည်ထင်လျှင် ဘာကိုမှ ဂရုမစိုက်ဘဲ ရှေ့တိုးဆောင်ရွက်မည်။ စိတ်ခံစားမှု ပြင်းထန်သည်။ စိတ်အလိုလိုက်၍ အပြောင်းအလဲများသည်။ အသစ်အဆန်း အပြောင်းအလဲကို အမြဲဖန်တီးမည်။ အခက်အခဲ၊ အတိုက်အခံ၊ ပဋိပက္ခကြားမှ ထူးခြားသော အောင်မြင်မှုရမည်။

လက်သုံးစကားဆောင်ပုဒ် MOTTO ]I desire'

ကိုယ့် ဆန္ဒကတော့ . . .

ချစ်ရေးဆို ရက်ကောင်းများ LUCKY DATES

လစဉ်လတိုင်း၏

| | | | |
|---|---|---|---|
| 4 | 7 | 9 | 13 |
| 16 | 18 | 22 | 25 |
| 27 | 31 | | |

ရက်များတွင် မိမိစကား အောင်မြင်မှုရှိမည်။ အဆိုပါ နေ့ရက်များတွင် မိမိစိတ်ဆန္ဒကို တစ်ပါးသူမသိအောင် ပြော နိုင်မည်။ ထို့ကြောင့် ချစ်ရေးဆိုရန် ကောင်းလှပါသည်။

## အချစ်အဖြေပေး ရက်ကောင်း LUCKY DAYS

တနင်္ဂနွေနေ့၊ တနင်္လာနေ့၊ အင်္ဂါနေ့များတွင် ချမှတ်သော ဆုံးဖြတ်ချက်၊ သုံးသပ်မှုသည် ဘဝအတွက် မှန်ကန် မည်ဖြစ်ရာ အဆိုပါ နေ့များတွင် မေတ္တာတုံ့ပြန် ဆုံးဖြတ် အဖြေပေး ခေါင်းညိတ်နိုင်မည်။

ပ

## **ဓနုရာသီ** (SAGITTARIUS)

နိုဝင်ဘာလ (၂၂) ရက်နှင့် ဒီဇင်ဘာလ (၂၁) ရက်ကြား မွေးသောသူများကို ဓနုရာသီဖွား SAGITTARIUS များဟု သတ်မှတ်သည်။ မြန်မာ နတ်တော်လနှင့် နီးစပ်တူညီသည်။

| | |
|---|---|
| သင်္ကေတ | ♐ |
| ရာသီရုပ် | လေးမြားကိုင်လူ၊ မြင်း |
| စိုးမိုးဂြိုလ် | ကြာသပတေးဂြိုလ် |
| ဓာတ်သဘာဝ | မီး |
| အရောင် | ခရမ်း၊ ကြက်သွေး၊ မီးခိုး၊ နို့နှစ် |
| ရတနာ | ပြောင်ခေါင်းစိမ်း၊ ခရမ်းစွဲ |

### သော့ချက်ဗီဇ

သနား စာနာလွယ်သော နူးညံ့သည့် နှလုံးသား ရှိသည်။ တဇွတ်ထိုး ပြောတတ် လုပ်တတ်သည်။ လက်တွေ့သမား ဖြစ်သည်။ အရာရာကို ကိုယ်ချင်းစာနာပြီးမှ လုပ်တတ် ဆုံးဖြတ်တတ်သည်။ ရည်မှန်းချက် အလွန်မြင့်သည်။ နောက်လိုက် မလုပ်လို။ မိမိအား ထိခိုက်လာလျှင် နောက်မဆုတ် ဇွတ်တိုးပြီး ပြန်လည် တုံ့ပြန်တတ်သည်။ အပြိုင်အဆိုင် မနာလိုသူ အတိုက်

အခံကြားမှ ကိုယ်ပိုင်အစွမ်းအစ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် ဘဝအောင်မြင်မှု ရရှိမည်။

## လက်သုံးစကားဆောင်ပုဒ် MOTTO 'I see'

ကိုယ့် အမြင်ကတော့ . . .

## ချစ်ရေးဆို ရက်ကောင်းများ LUCKY DAYS

လစဉ်လတိုင်း၏

| | | | |
|---|---|---|---|
| 3 | 6 | 9 | 12 |
| 15 | 18 | 21 | 24 |
| 27 | 30 | | |

ရက်များသည် မိမိမျက်နှာပွင့်၊ စကားအောင်ကိန်း ရှိရာ ထိုရက်များတွင် ချစ်ရေးဆိုရန် ကောင်းလှပေသည်။

## အချစ်အဖြေပေး ရက်ကောင်း LUCKY DAYS

အင်္ဂါနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့များသည် အလွန်အဆင်ပြေနိုင်ပြီး စကားတည်၊ ဆုံးဖြတ်ချက် မှန်နိုင်သဖြင့် ထိုနေ့များတွင် တုံ့ပြန်မေတ္တာ ချစ်အဖြေ ပေးသင့်လှပါသည်။

ပ

## မကာရရာသီ (CAPRICORN)

ဒီဇင်ဘာ (၂၂) ရက်မှ ဇန်နဝါရီလ (၁၉) ရက်ကြား မွေးသော သူများကို မကာရရာသီဖွား CAPRICORN များဟု သတ်မှတ်ပါသည်။ မြန်မာလ ပြာသိုလနှင့် နီးစပ်တူညီပါသည်။

| | |
|---|---|
| သင်္ကေတ | ♑ |
| ရာသီရုပ် | မကန်းကောင် |
| စိုးမိုးဂြိုလ် | စနေဂြိုလ် |
| ဓာတ်သဘာဝ | မြေကြီး |
| အရောင် | အနက်၊ မီးခိုးရင့်၊ နက်ပြာ၊ ခရမ်း |
| ရတနာ | နီလာရင့်၊ ပုလဲ၊ စိန် |

### သဘောချက်ဗီဇ

သူတစ်ပါးအပေါ် မှီခိုလိုစိတ် မရှိ။ လွတ်လပ်မှုကို အလွန်မြတ်နိုးသည်။ သီးသန့်နေလိုစိတ် ပြင်းထန်သည်။ သို့သော် အဆိုးမြင်သဘာဝ ဗီဇရှိသည်။ အရာရာတွင် မိမိက ပေးဆပ်ရမည်။ တစ်ပါးသူ တိုးတက်မှုအတွက် ပါရမီဖြည့်ပေးရမည်။ တစ်ပါးသူကို ကူညီရင်း မိမိပါ ထိပ်တန်းရောက်မည်။ သတိပြုရန်မှာ မိမိကို သူတစ်ပါးမှ ခုတုံး လုပ်တတ်သည်။ လူမျိုး၊

ဘာသာ၊ စကား၊ မွေးရပ်မတူ ခြားနားသူများနှင့် တိုက်ရိုက် ဆက်ဆံ၍ ဘဝတိုးတက်မည်။

## လက်သုံးစကားဆောင်ပုဒ် MOTTO 'I use'

ကိုယ် သုံးလေ့၊ လုပ်လေ့ရှိတဲ့
အနေအထားအရတော့ . . .

## ချစ်ရေးဆို ရက်ကောင်းများ LUCKY DATES

လစဉ်လတိုင်း၏

| | | | |
|---|---|---|---|
| 5 | 6 | 8 | 14 |
| 15 | 17 | 23 | 24 |
| 26 | | | |

ရက်နေ့များတွင် ချစ်ခွင့်ပန်၊ ချစ်ရေးဆိုရန် အခါကောင်းပါသည်။

## အချစ်အဖြေပေး ရက်ကောင်း LUCKY DAYS

ဗုဒ္ဓဟူး၊ သောကြာ၊ စနေနေ့များတွင် အချစ်အဖြေပေးရန် ရက်ကောင်းကျရောက်ပါသည်။

၂

## **ကုမ်ရာသီ** (AQUARIUS)

ဇန်နဝါရီ (၂၀) ရက်မှ ဖေဖော်ဝါရီ (၁၈) ရက်ကြား မွေးသော သူများကို ကုမ်ရာသီဖွား AQUARIUS များဟု သတ်မှတ်သည်။ မြန်မာလ တပို့တွဲလနှင့် နီးစပ်တူညီသော ကာလ ဖြစ်သည်။

| | |
|---|---|
| သင်္ကေတ | ♒ |
| ရာသီရုပ် | ရေသွန်လူသား |
| စိုးမိုးဂြိုလ် | ယူရေးနပ် |
| ဓာတ်သဘာဝ | လေ |
| အရောင် | အစိမ်း၊ အဝါ၊ အဖြူ |
| ရတနာ | မဟူရာ၊ ကြောင်မျက်လုံး |

### သော့ချက်ဗီဇ

အစဉ်အလာ လမ်းရိုးလမ်းဟောင်းမှ ခွဲထွက်၍ ဘဝတိုးတက်မည်။ ထိပ်တိုက်ရင်ဆိုင်မှုများ၊ ပဋိပက္ခများမှ အောင်မြင်မှု

အသီးအပွင့်ရရှိမည်။ အေးတိအေးစက်နှင့် ဖြစ်လိုရာ၊ ဆန္ဒရှိရာကို ဖြစ်အောင် လုပ်တတ်သည်။ အကောင်အထည်ဖော်တတ်သည်။ မေတ္တာ၊ ခံစားချက် ပြင်းထန်သည်။ ဘဝတွင် ဦးတည်ချက်သုံးကြိမ်ပြောင်းပြီး ထူးခြားစွာ အောင်မြင်ချမ်းသာမည်။

## လက်သုံးစကားဆောင်ပုဒ် MOTTO 'I know'

ကိုယ်သိနေတယ်လေ. . .

## ချစ်ရေးဆို ရက်ကောင်းများ LUCKY DATES

လစဉ်လတိုင်း၏

| | | | |
|---|---|---|---|
| 4 | 7 | 8 | 10 |
| 13 | 17 | 25 | 26 |
| 31 | | | |

ရက်နေ့များတွင် ချစ်ရေးဆို၊ ချစ်ခွင့်ပန်ရန် ကောင်းလှပေသည်။

## အချစ်အဖြေပေး ရက်ကောင်း LUCKY DAYS

စနေနေ့၊ တနင်္ဂနွေညနေ၊ တနင်္လာညနေ ကာလများသည် ချစ်ရေးဆိုသူအား တစ်စုံတစ်ရာ အဖြေပေးဆုံးဖြတ်ရန် ကောင်းသောကာလ ဖြစ်ပါသည်။

□

## မိန်ရာသီ (PISCES)

ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်ကြား မွေးဖွားသောသူများကို မိန်ရာသီဖွား PISCES များဟု သတ်မှတ်သည်။ မြန်မာလ တပေါင်းလနှင့် နီးစပ်တူညီသည်။

| | |
|---|---|
| သင်္ကေတ | ♓ |
| ရာသီရုပ် | ငါး (၂) ကောင်ပုံ |
| စိုးမိုးဂြိုလ် | နက်ပကျွန်း |
| ဓာတ်သဘာဝ | ရေ |
| အရောင် | အပြာ၊ မီးခိုး၊ အစိမ်း၊ နို့နှစ် |
| ရတနာ | ပုလဲစိမ်း၊ နီလာ |

### သော့ချက်ဗီဇ

စိတ်ရှည် သည်းခံခြင်း၊ ခံနိုင်ရည်ရှိခြင်းနှင့် ပြည့်စုံသည်။ သို့သော် ပြတ်ပြတ်သားသား ပြောတတ်၊ လုပ်တတ်သော အနေအထား လုံးဝမရှိ။ အရာရာ မသေမချာ၊ မရေမရာ တွေဝေ ဒွိဟ ဖြစ်တတ်သော ဘာဘာဝရှိသည်။ တစ်ပါးသူအပေါ် အနစ်နာခံပြီး ကူညီတတ်သသော သဘောထားပိုင်ဆိုင်သည်။ ဘဝတွင် အမြဲ အရွေးရခက်အောင် အခွင့်အရေးနှစ်မျိုး တစ်ပြိုင်တည်း ပေါ်

တတ်သည်။ မွေးရပ်ကိုကျော်၍ တိုင်းတစ်ပါးအထိ ရောက်ရှိအောင်မြင်မည်။

## လက်သုံးဆောင်ပုဒ် MOTTO 'I believe'

ကိုယ်ယုံကြည်တာကတော့ . . .

## ချစ်ရေးဆို ရက်ကောင်းများ LUCKY DATES

လစဉ်လတိုင်း၏

| | | | |
|---|---|---|---|
| 3 | 7 | 9 | 12 |
| 16 | 18 | 21 | 25 |
| 27 | 30 | | |

ရက်များသည် မိမိ ပြောဆိုဆောင်ရွက်မှုများအပေါ် တစ်ပါးသူက လေးလေးနက်နက် အသိအမှတ်ပြုခံရမည် ရက်ကောင်းများ ဖြစ်သည်။ ထိုရက်များတွင် ချစ်ခွင့်ပန်ရန် အခါကောင်းကျရောက်ပါသည်။

## အချစ်အဖြေပေး ရက်ကောင်း LUCKY DAYS

တနင်္လာနေ့၊ အင်္ဂါနေ့၊ ကြာသပတေးနေ့များသည် မိမိမေတ္တာ တုံ့ပြန်အဖြေပေးရန် အထူးကောင်းသော နေ့များဖြစ်ပါသည်။

❑

# ရာသီနှင့် အချစ်ဒဿန

# မိဿ အချစ်ဒဿန

မတ်လ (၂၁) ရက်မှ ဧပြီလ (၁၉) ရက်ကြား မွေးသော မိဿ ရာသီဖွား ARIES တို့၏ နှလုံးသားသည် အလွန်မြင့်မြတ် သိမ်မွေ့သည်ဟု ကမ္ဘာ့နက္ခတ်ပညာရှင်များက တညီတညွတ်တည်း သတ်မှတ်ထားသည်။

*နှလုံးသားစပ်ပွဲမှူး ဒေါက်တာဒေဗော်ရာဖွတ်ရှား ဘိုဝေယောက် မိန်းလွှဲမှုများကြားမှ အလှုပ်ရှားတတ်သော နှလုံးသားပိုင်ရှင် မြင့်မြတ်သော အချစ်ရှိသူဟု မှတ်ချက်ပြုထားသည်။*

အပြင်သဏ္ဌာန်တွင် ကြမ်းတမ်းသည်ဟု ထင်ရလင့်ကစား အတွင်းစိတ်မှာ နူးညံ့သည်။ မေတ္တာရေးတွင် အပေးသမား ဖြစ်သည်။ ရယူခြင်းထက် ပေးဆပ်ခြင်းကို ဦးစားပေးမည်။ လူတစ်ဦးတစ်ယောက်ကို ချစ်မိလျှင် မျက်စိအောက်က အပျောက်မခံ။ မုန်းမိလျှင်လည်း မမေ့နိုင်။ သံယောဇဉ်တနွယ်နွယ် ဖြစ်တတ်သည်။ သဘောထား ကြီးမြတ်မည်။ သည်းခံ ခွင့်လွှတ်တတ်သော အချစ်နှင့် နှလုံးသားကို ပိုင်ဆိုင်သည်။

*အလွန် အသွင်ဆိုးပုံသောအချစ်ကို ပိုင်ဆိုင်ထားသည်။*
*အချစ်အားလုံးလိုလားသည်။ မိမိအပေါ် မေအေးအေးချမ်းချမ်း*
*သိမ်သိမ်မွေ့မွေ့၊ နူးနူးညံ့ညံ့၊ အမေးမေးပေး၍*
*ဆက်ဆံသူအား လိုလားသည်။ ထို့အပြင် သနားချစ်၊*
*အားနာချစ်ကိုလည်း ဦးစားမပေးတတ်သည်။*

အချစ်ရေးကိစ္စ၊ အိမ်ထောင်ရေးကိစ္စ အလုံးစုံတွင် ဦးနှောက်ကို ဦးစားမပေး၊ နှလုံးသားနှင့် ဆုံးဖြတ်တတ်သည်။ အချစ်အတွက် ဘာကိုမဆို ပေးဆပ်ရဲသော သတ္တိရှိသည် တဇွတ်ထိုးလုပ်ခြင်း၊ စိတ်ဒေါသကြီးခြင်းများ ရှိလင့်ကစား မေတ္တာဘဝလမ်းကြောင်းတွင် အနှောင့်အယှက်ဖြစ်လောက်အောင်အထိ မကျရောက်နိုင်ပါ။

ဤရာသီဖွားများသည် မျက်နှာများလိမ့်မည်။ အပြိုင်ရည်းစားထားလိမ့်မည်။ နောက်ဆုံး အိမ်ထောင်ပြုသောအခါတွင် နီးစပ်မှုအရှိဆုံးသောသူနှင့် အိမ်ထောင်ကျမည်။ အချစ်ဦးနှင့် ဆုံးစည်းကိန်း မရှိပါ။ သို့သော် အိမ်ထောင်ပြုပြီးသောအခါ အိမ်ထောင် တစ်ဆက်တည်းနှင့် မြဲစေရန် အမြဲထိန်းသိမ်းကြိုးစားမည်။

*မိမိသည် နှင့်မည်မျှကိုက်ညီသူ (သို့မဟုတ်) ထက်စုံထက်ရှား*
*ဘဝတွင် အချစ်ကံခေခဲ့သူအား ပို၍ တိမ်းညွှတ်ချစ်ခင်တတ်*
*မေတ္တာ နှလုံးသားကို ပိုင်ဆိုင်သည်။ အချစ်ကို ဦးစား*

*ဝေးမည်၊ ချစ်သူမရကြောင့် မိမိဝန်းကျင် အသိုင်းအဝိုင်း အတွင်း အပျော်ရှာအသုံး ခံရသည်။ သို့သော် ထိုအရွယ်သည် ပင် မိမိအား ပျော်ရွှင်ချမ်းမြေ့မှုကို မပေးလိမ့်မည်။*

ဤရာသီဖွားများ၏ အချစ်ဒဿနမှာ အသက်အရွယ်ကိုလိုက်၍ ကွာခြားသွားမည်။ အသက် (၁၅) နှစ်မှ (၁၉) နှစ်ကြား လူငယ်များသည် အချစ်ကို ရင်ခုန်စရာ၊ စိတ်လှုပ်ရှားစရာ တစ်ခုဟု ခံစားသတ်မှတ်မည်။ အသက် (၂၀) နှစ်မှ (၂၅) နှစ်ကြား အရွယ်သည် အချစ်ကို ကြေကွဲစေခြင်း၊ ဝမ်းနည်းစေခြင်း၊ နှလုံးသားအား နာကျင်စေသော အရာဟု သတ်မှတ်မည်။ အသက် (၂၅) နှစ်မှ (၃၀) နှစ်အကြားအရွယ်သည် အချစ်ကို ပေးဆပ်ခြင်းဟု ယူဆသော ဒဿနရှိသည်။ အသက် (၃၀) အထက်တွင်မူ ချစ်ခြင်းမေတ္တာသည် မိမိက ပေးမှသာလျှင် တစ်ပါးသူထံမှ ပြန်လည်ရရှိမည်ဟူသော ဒဿနကို ရင်ဝယ်ထားရှိမည်။ အသက် (၄၀) အထက်တွင်မူ တစ်ပါးသူက မိမိအား သံယောဇဉ်ထားခြင်း၊ အလိုလိုက်ခြင်း၊ ဂရုစိုက်ခြင်းနှင့် ချစ်မြတ်နိုးမှုကို အလွန်တောင့်တသည်။

ဤကား မိဿရာသီဖွားတို့၏ အချစ်ဒဿန ဖြစ်ပေသည်။

■

## ပြိဿ အချစ်ဒဿန

ဧပြီလ (၂၀) ရက်မှ မေလ (၂၀) ရက်ကြား မွေးသော ပြိဿ ရာသီဖွား TAURU တို့၏ နှလုံးသား ချစ်ခြင်းမေတ္တာသည် အလွန်သစ္စာတရား ကြီးမားပြီး ပေးဆပ်ခြင်းကို ဦးစားပေး သော မေတ္တာတရား ကြီးမားသူများဟု ကမ္ဘာ့နက္ခတ်ပညာရှင် များက တညီတညွတ်တည်း သတ်မှတ်ထားသည်။

*၅၂၈ နှင့် ၁၅၀၁ ပေတ္တာသွန်ပွဲများ၊ ၁၁၀ ထွာမြီး မှုမှားအကြား မကျောက်ဆစ်၊ ကျောက်တောင်ကဲ့သို့ မကော့ကာသော နှလုံးသားအလယ်မှ ထူးခြားစွာ ဖွင့်သန်း သော နတ်ပန်းကဲ့သို့ ပွင့်အံ၊ ချွမ်ခဲသော၊ နူးပြက်သော အချစ်၊ ကည့်ပဲ့ပေတ္တာ အချစ်နှလုံးသားအား ပိုင်ဆိုင်သူ ဟု ဖော်ညွှန်းထားသည်။*

မေတ္တာတရားအား ဆုံးဖြတ်သောအခါတွင် သေချာစွာ အချိန်ယူ ဆုံးဖြတ်ပြီးမှ ချစ်တတ်၊ တွယ်တာတတ်သည်။ ပြောခဲ့သော စကား၊ ဆုံးဖြတ်ထားသော အရာအား ဘယ်တော့မှ ပြန်မပြင်၊ သစ္စာတရားအား ရင်ဝယ်ပိုက်ထားသူဖြစ်သည်။

*ယခုနှစ်ကို ဦးစားပေးဟတ်သည်။ နိုင်မာသော မေတ္တာ ကို ပိုင်ဆိုင်သည်။ မိမိဘ ချစ်ရသူအပေါ် အမြဲ စိတ် ချမ်းသာအောင် ဖြည့်ဆည်းပေးရမည် ဟုဆိုသော ဒသန ကို ပိုင်ဆိုင်သည်။*

သံယောဇဉ်ကြီးသည်။ အချော့ကြိုက် အပျော့ကြိုက်ဖြစ်သည်။ ချစ်ခဲသည်။ အချစ်မြဲသည်။ အချစ်အတွက်ဆိုလျှင် ပတ်ဝန်း ကျင်နှင့် ဆန့်ကျင်ရန်လည်းကောင်း၊ မိသားစုနှင့် ဆန့်ကျင်ရန် လည်းကောင်း ဝန်မလေး။ ကိုယ်တိုင် ဆုံးဖြတ်မည်။ အသိုင်း အဝိုင်း ဝန်းကျင်မတူသူကို ရွေးမည်။ ထို့ကြောင့် မေတ္တာ လမ်းကြောင်းသည် မချောမွေ့၊ အခက်အခဲများမည်။ ချစ်သူနှင့်

**ပေါင်းဖက်ရန် ဆုံစည်းရန်သာ အဓိကထားသည်။ အပျော် ချစ်သူ လုံးဝမထားတတ်။**

*အချစ်ကို ဦးစားပေးသည်။ ကိုယ်ပိုင်ကလေးညှိ တစ်ပါး သူ့အား ပိုက်ဆွေးပေးပေးသည်။ မိမိကိုယ်ကိုပင်ပေးနိုး အပေးအယူကြိုက်မှုနှင့်သစ္စာနှင့်ပေါင်းဖက်ခြင်း လိုလားမှုသည်။ ရှုံ့ချိုးမေတ္တာဖို့သည့်ပုံ သစ္စာတရားနှင့် ပိုင်ဖိုမှုသည်။ ပြီးပြည့်စုံသည်ဟု ခံယူထားသည်။*

**နှလုံးသားမှ အချစ်သည် သံယောဇဉ်အတွယ်အတာမှ တစ်စစ မြင့်မားလာသော တိုးပွားလာသော ချစ်တတ်သော မေတ္တာ အမျိုးအစား ဖြစ်သည်။**

*ဤရာသီဖွားများသည် မိမိက သူတစ်ပါးအပေါ် ကောင်း သလောက် ပေးဆပ်သလောက် မိမိကို ထပ်တူ ပြန်ကောင်းသူရှိရန် ခဲယဉ်းစေပေသည်။ မိသားစု ညီအစ်ကို မောင်နှမများအား ၅၂% အတ္တ ဦးစားပေးမှုကြောင့် ၁၂၀၀ မေတ္တာဖွယ် အညှိရှိမည်။*

**တစ်ခါတည်းထား တစ်ကြိမ်တည်းမြဲလိုသော ချစ်သူကို လိုလား သည်။ သို့သော် ဤရာသီဖွား ၈၀% သည် အချစ်ဦးနှင့် ဆုံစည်းကိန်း မရှိတတ်ပါ။**

*အချစ်အပေါ် ထားရှိသော ဒဿနမြင်သည် အသက် (၁၆) နှစ်မှ (၂၂) နှစ်အတွင်း ဖိဖိယို တကျိုးကျပ်ပက်*

> *စိတ်ဝင်စားသော နိုင်ငံသားနှင့် သိသောဖူးပွယ်ကြိုး နှိုးဆော်မှုကြောင့် မေတ္တာတရား ပေါ်ပေါက်သည်ဟု သတ်မှတ်သည်။ အသက် (၂၄) နှစ်မှ (၂၈) နှစ်ကြား အရွယ်တွင် ချစ်သူအား ပိုကဲ ပို၍ချစ်တတ်သည်ဟူသော စိတ်ရှိသည်။ အသက် (၂၈) နှစ်မှ (၃၅) နှစ်ကြားတွင် မေတ္တာတရားသည် ဘဝအတွက် ပေါင်းဖက်တွဲရန် အဖော်ရှာခြင်းဟု သတ်မှတ်မည်။ အသက် (၃၆) နှစ် အထက်တွင်မူ မေတ္တာတရားသည် သူတစ်ပါးအား ပေးဆပ်ရန် အကြောင်းမဲ့သော လက်ဆောင်မွန်ဟု သတ်မှတ်မည်။*

**ဤကား ပြိုသရာသီဖွားတို့၏ ချစ်ခြင်းမေတ္တာအပေါ် ထားရှိသော သဘောထားအမှန်းပင် ဖြစ်သည်။**

## မေထုန် အချစ်ဒဿန

မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်ကြား မွေးသော မေထုန် GEMINI ရာသီဖွားတို့၏ နှလုံးသား ချစ်ခြင်းမေတ္တာသည် တစ်ပါးသူက မိမိအား မည်မျှ တားဆီးစေ၊ မိမိနှလုံးသားမှ လက်ခံပါက ရဲရဲတင်းတင်း ပြတ်ပြတ်သားသား ချစ်တတ်သော နှလုံးသားရှိသည်။

*ကောင်းကင်မိုးမြင့် တိမ်တိုက်ကြားမှ လေယူနှံ့မီး ပျံ့သနိုး မနေသော ပြိုးမိုးမှုန်ရေ ချိုမြိန့်ငှက်ကလေး၏ တေးသံချိုကြောင့် နိုးထရှင်သန်လာသည့် နှလုံးသားနှင့်အမြဲချစ်တတ်သော သူဟု ဖော်ကျူးထားသည်။*

ပေးဆပ်တတ်သော မြင့်မြတ်သည့် နှလုံးသားကို ပိုင်ဆိုင်သည်။ မိမိ၏ ဘဝကိုလည်းကောင်း၊ မိမိ၏ အတွေးအမြင်ကို လည်းကောင်း၊ တစ်ခုခုပေါ်တွင် အထောက်အကူပြုနိုင်သူအား ချစ်ခြင်းမေတ္တာ သက်ရောက်မည်။ ပညာရှိပြီး ဉာဏ်ရည်မြင့်သောသူကို နှစ်သက်မည်။ မိမိနှင့် တိုင်ပင်ဖော်တိုင်ပင်ဖက်အဖြစ် ရပ်တည်နိုင်သောသူကို ဘဝအဖော်အဖြစ် ဦးစားပေး၍ ရွေးချယ်ချစ်တတ်သော သဘောရှိသည်။ အမြဲအရွေးရခက်အောင် အခွင့်အရေးနှစ်မျိုးကြုံမည်။ ထိုကဲ့သို့ ရွေးချယ်ရန်ကြုံပါက ဦးနှောက်ကို ဦးစားမပေးဘဲ နှလုံးသားမှ တောင်းဆိုလာသည့်အပေါ် ရဲရင့်ပြတ်သားစွာ ဆုံးဖြတ်မည့်သူ ဖြစ်သည်။

*တွေ့သော ဦးညွှတ်တတ်သော သဘောရှိသော်ငြားလည်း*
*ဤသီဖွားများ၏ နှလုံးသားမှာ အလွန်မာသည်။*
*အလွယ်တကူ မျက်စိမှိတ်၍ လုပ်တတ်သော သဘော*
*မရှိ။ မိမိအပေါ် လေးစားခြင်း၊ ယုံကြိုးစားခြင်းနှင့် မိမိက*
*လေးစားရမည့်သူ အပေါ်ကိုသာ ချစ်တတ်သော*
*သဘော ရှိသည်။*

ဤရာသီဖွားများသည် မိမိထက် အသက်အရွယ် အနေအထား၊ ဆက်ဆံရသောဝန်းကျင် မတူခြားနားသောသူကို ရွေးချယ်၍ မေတ္တာမျှ အိမ်ထောင်ပြုတတ်သည်။ ပတ်ဝန်းကျင်

သားချင်း၊ မလေ့များနှင့် ဆန့်ကျင်ပြီး နှလုံးသားကို ဦးစားပေး၍ ချစ်တတ်သောသူ ဖြစ်သည်။ ချစ်သူအတွက်ဆိုပါက မိမိကိုယ်ရေးကိုယ်တာကို မငဲ့ကွက်၊ ပေးဆပ်ရန် ဝန်မလေးသော သဘာရှိသည်။

ယင်းကိုယ်ကျိုးပယ်ရှောင် တစ်ပါးသူ အပေါ်အာရုံထား အနှစ် ပြဿနာများကို မိမိက ဦးဆောင်မဖြေရှင်းနိုင်သလောက် မိမိကိုယ်တိုင်အပျော်မှ အကြံပေးနိုင်သူ၊ မဖြေရှင်းနိုင်သူ နည်းပေးတတ်သည်။ သိကြားသော ချစ်သူနှင့်သော်လော ညွှန်ကြားနေရသော အဝေးအလားသျှိုးနောက်ပါလေ အနှစ်ဆိုက် များ ပိုမိုပြင်းထန်လေ၊ သံယောဇဉ် ပိုကြီးလာလေ ဖြစ်သည်။ အလွန်စိတ်ကူးယဉ်တတ်သော နှလုံးသားအား ပိုင်ဆိုင်သည်။ ဘေးတိုက် တစ်ပုဒ်၊ ကဗျာ တစ်ကြောင်း ပေးပို့လျှင် ပင်ဂုံ ချစ်သူကို သေပါ၊ လွမ်းဆွတ်စေ နိုင်သော နှလုံးသားအား ပိုင်ဆိုင်သည်။

ဤရာသီဖွားများ၏ ၇၅%သည် အသက်၊ လူမျိုး၊ မိမိနှင့် မိရိုးဖလာကွဲပြားသောသူများနှင့် မေတ္တာမျှတတ်သော သဘာဝ ရှိသည်။ အသက် (၁၆) နှစ်မှ (၂၃) နှစ်ကြား ဤရာသီဖွားများ၏ ချစ်ခြင်းမေတ္တာမှာ အလွန်ရှုပ်ထွေး၍ ကိုယ့်လွတ်လပ်မှုကို ပျက်စီးစေသောအရာဟု သတ်မှတ်မည်။ မိမိကိုယ်မိမိသာ အချစ်ဆုံးဟု သတ်မှတ်မည်။ အသက် (၂၄) နှစ်မှ (၃၀) နှစ်

ကြားအရွယ်တွင် ချစ်ခြင်းမေတ္တာဟူသည်မှာ စိတ်တူသဘောတူနှင့် ဘဝအား ရင်ဆိုင်မည့်သူအပေါ် ထားရှိရမည့် ခံစားချက်ဟု သတ်မှတ်မည်။ အသက် (၃၀) နှစ်အထက်တွင်မူ ချစ်ခြင်းမေတ္တာတရားသည် ကျယ်ပြန့်စွာနှင့် လူတိုင်းအပေါ် ထားရှိအပ်သောအရာဟု သတ်မှတ်မည်။

ဤကား မေထုန်ရာသီဖွားတို့၏ ချစ်ခြင်းမေတ္တာအပေါ် အမြင်ပင် ဖြစ်သည်။

ш

## ကရကဋ် အချစ်ဒေသန

ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၂) ရက်ကြား မွေးသည့် ကရကဋ်ရာသီဖွား CANCER များသည် အလွန်စိတ်ကူးယဉ်ဆန်သော၊ အချစ်ကို လိုလားသူဟု ကမ္ဘာ့နက္ခတ်ပညာရှင်များက သတ်မှတ်ထားသည်။

*အလွန်လေး ဆန်းကြယ် ဟင့်တယ်သော ရေဟုန်၏*
*အလယ်ဗျောင် လင်းရောင်ဖျန်းသောအခါ လန်းဆန်းဖူးပွင့်*
*သည့် ကြာဖြူပွင့်ကဲ့သို့ နူးညံ့သားကို ပိုင်ဆိုင်သူအဖြစ်*
*ကျိုက်ရာသီဖွားမွေး၏ နူးညံ့သားအတွက် ပေတ္တာအား*
*မော်ကျူးသည်။*

အချစ်မေတ္တာအား စိတ်ကူးယဉ်စရာတစ်ခုဟု သတ်မှတ်ထားသည်။ လက်တွေ့ဘဝနှင့် ကင်းကွာသော အချစ်ကို လိုလားသည်။ ချစ်ခြင်းမေတ္တာသည် ရင်ခုန်ချင်စရာ၊ စိတ်ကူးယဉ်စရာအဖြစ် သတ်မှတ်ပြီး ဒဏ္ဍာရီ ပုံပြင်သမိုင်းထဲမှ အချစ်သူရဲကောင်းများအား နှစ်သက်သဘောကျ အားကျတတ်သော နှလုံးသားကို ပိုင်ဆိုင်ထားသည်။

*အလွန်ချစ်တတ်သလို အလွန်အငြိုးအတေး ကြီးသတ်သည်။ ဤရာသီဖွားများအဖို့ ချစ်ခြင်းနှင့် မုန်းခြင်းကြား နယ်နိမိတ်သည် မှုန်ဝါးကြောင်ဝေသည့်လေးမျှသာ ဖြစ်သည်။ တစ်ပါးသူအပေါ် သံသယဖုံးအားမိ ချမ်းပြီး တွယ်တာပါလျှင် အနာရှာပေးဆပ်တတ်သလောက် မုန်းပြီဆိုက လုံးဝ လှည့်မကြည့်တော့။*

မိမိ၏ နှလုံးသားသည် အငြိုးကြီးသည်။ အမှတ်သည်းခြေကြီးသည်။ မိမိကို ဒုက္ခပေးထား၊ နှိမ့်ချဆက်ဆံထားသော သူများအပေါ် အခါသင့်လျှင် ပြန်လည် လက်တုန့်ပြန်၊ လက်စားချေတတ်သော နှလုံးသားအား ပိုင်ဆိုင်သည်။ စိတ်ကောက်တတ်သည်။ စိတ်ကြီးသည်။ ဆတ်ဆတ်ထိ မခံတတ်။ တစ်စုံတစ်ရာ မိမိနှလုံးသားကို နာကျင်ထိခိုက်အောင် တစ်ဖက်သူမှ ပြုလျှင် ချက်ချင်း မုန်းတီး အရွဲ့တိုက်တတ်သော အချစ်နှလုံးသားဒဿန ရှိသည်။

*ချစ်ခြင်းမေတ္တာအပေါ် အတိမ်း၊ အလွန်တန်ဖိုးထား တတ်သောသူ ဖြစ်သည်။ သို့သော် မေတ္တာရေးတွင် မရှုပ်ထွေး။ ပုံမှန်ကျသော သဘောကို ပိုင်ဆိုင်သည်။ အချစ်ဦးနှင့် ဆုံသည့်ဖြစ်ရပ်၊ ကျောက်ကွင်းရှုမြင်းအပေါ် လည်း ဝမ်းနည်းကြီးစွာ မချိ ဆုံးဖြတ်ချက်မှာ အချစ်ဦးသူ နှင့် အိမ်ထောင်ကျမည်။ မိမိ၏ အချစ်နှင့် နှလုံးသား ခံယူချက်သည် ဆက်ဆံသော အသိုင်းအဝိုင်းအလိုက် ပိတ်ချောင်းသည်ဘက်မသော သဘောရှိသည်။ ဝတ်ခန်း ကျင်၏ ပြောဆိုမှုကို ညီစေမေမမြင်သည် နှလုံးသား ထက် ဦးနှောက်၏ ဆုံးဖြတ်ချက်ကို အလေးထားသလို ဖြစ်မည်။*

ဘဝတွင် အသိုင်းအဝိုင်းက နှစ်သက်သူတစ်ဦး၊ နှလုံးသားက လက်ခံသူတစ်ဦးအကြား ရွေးချယ်ရန် အခက်ကြုံလိမ့်မည်။ ထိုအခါတွင် ရုပ်ဝတ္ထုပိုင်းထက် မိမိက မေတ္တာထားသလို ထားနိုင်သောသူကိုသာ ဦးစားပေး၍ ရွေးချယ်သင့်သည်။ ဆုံးဖြတ်ချက်ချသောအခါ တစ်ပါးသူစကား နားယောင်မှုထက် ကိုယ်ပိုင်နှလုံးသား ခံယူမှုအပေါ် အခြေပြုပါ။ အသက် (၁၆) (၂၀) (၂၅) နှစ်များတွင် တစ်ပါးသူပေးသော ကတိအပေါ် ယုံစားတတ်၍ စိတ်အနှောင့်အယှက်များကြုံကာ မေတ္တာရေး တွင် အညံ့ရှိသည်။ အသက် (၂၅) နှစ်မှ (၂၉) နှစ်ကြားတွင်

မိမိအပေါ် သံယောဇဉ်ကြီးသူအား ပယ်ခွာ၍ နောက်မှပေါက်သည့် ရွှေကြာကို အလွန်ဦးစားပေးမည်။

*မိမိက မေတ္တာတရားနှင့် ချစ်ခြင်းကို ဝေးအနှံ့တိမ္မာတရား၏*
*ဘဝအဝေဘ် ရွှေဖူးပြည်ပွင့်ကာတား ဝိဝိဒ္ဒါး အပျော်ကာ*
*ပုဂ်ဆနှကြီး ငွေဝေနှတ်လိုက်သည်ဟု သဘာပတ်တည်း။*
*ဤကျားသိမ်ဖွားမှုသည် ချစ်ခြင်းပေတ္တာကို မှန်ကြင်းနှင့်*
*ဆန်းကျင်ဘက်ဖြစ်သည်ဟု ဘဝတ်မေတ္တာဘ် ရှေးဓါ*
*တားမတား သဘာဝအား ပိုင်ဆိုင်သည်။*

ဤကား ကရကင့်ရာသီဖွားတို့၏ အချစ်ဒဿနပေတည်း။

၂

## သိဟ် အချစ်ဒေသနာ

ဇူလိုင်လ (၂၃) ရက်မှ ဩဂုတ်လ (၂၂) ရက်ကြား မွေးသော သိဟ်ရာသီဖွား LEO များကို ဂုဏ်သိက္ခာရှိသော စိတ်ဓာတ် အကျင့်သီလနှင့် ကြီးမြတ်သော သဘောထား၊ မြင့်မြတ်သော နှလုံးသားများကို ပိုင်ဆိုင်စေလျက် လူ့ဘုံလောကသို့ ဖန်ဆင်းရှင်မှ မွေးဖွားစေလွှတ်လိုက်သည်ဟု ကမ္ဘာ့နက္ခတ်ပညာရှင်များက တညီတညွတ်တည်း သတ်မှတ်ထားသည်။

*ပင်ကိုယ်ပွဲများ ပီးလျှံများ ကြားမှ အလွန်နဲရှာသော ဘောသရာဇာ ကြိုးသိုပင်၏ နှလုံးသားနှင့် ဥက္ကရာသီဖွား များ၏ နှလုံးသားကို ထပ်တူပြု၍ ဖော်ပြထားသည်။*

အလွန်တည်ငြိမ်မြင့်မြတ်သော နှလုံးသားပိုင်ရှင်များ ဖြစ်သည်။ အချစ်မေတ္တာအပေါ် လေးနက်စွာ ခံယူကျင့်သုံးသည်။ တစ်ပါး သူတို့ အဆင်ပြေအောင်မြင်ရေးအတွက် မိမိ၏ အချစ်၊ မိမိ၏ ဘဝကို ပေးဆပ်ရန် ဝန်မလေး။ ပေးဆပ် ခွင့်လွှတ်တတ်သော သဘောထားကြီးသော နှလုံးသားကို ပိုင်ဆိုင်လင့်ကစား ခေါင်းမာခြင်း၊ မာနရှိခြင်းကြောင့် ဘဝအဖော်ကောင်းများ ဆုံးရှုံးတတ်သည်။ မိမိ၏ နှလုံးသားမှ အချစ်နှင့် ဦးနှောက်မှ စေစားလာသော မာနတရားတရားတို့ အမြဲလွန်ဆွန်နေသော အနေအထားကို ဘဝတစ်လျှောက် ကြုံတွေ့မည်။ မာနကို လျှော့ လိုက်ပါ။ ဤရာသီဖွား အမျိုးသမီးများသည် ဦးနှောက်ကို ဦးစားပေး၍ အမျိုးသားများသည် ဦးနှောက်ကို ဦးစားပေးမည့် သဘာရှိသည်။

*ဘဝအဖော် ချစ်သူရှိသေးသောအခါတွင် နှလုံးသားသည်ကော ဦးနှောက်၏ ဆုံးဖြတ်ချက်ကိုပါ ကျော်လွှမ်းတတ်သည်။ အချစ်မေတ္တာ ဘူးသော အခါ၌ နှလုံးသားနှင့် ဦးနှောက် ပေါင်းစပ်ဆုံးဖြတ်ရသော အခြင်းအရာဖြစ် သည် ဟူသော ဒဿနအား ပိုင်ဆိုင်သည်။*

အလွန်သံယောဇဉ်ကြီးတတ်သည်။ ငယ်ချစ်ကို ဦးစားပေး တတ်သည်။ သတိပေးလိုသည်မှာ မိမိသည် အလွန်မျက်နှာပွင့် စန်းပွင့်သောသူဖြစ်မည်။ တစ်ဦးထက်ပိုသော ချစ်သူရည်းစား များ ထားရလိမ့်မည်။ ချစ်သူများခြင်းသည်လည်းကောင်း၊ အချစ်များခြင်းသည်လည်းကောင်း ဘဝ၏ အနှောင့်အယှက် ဖြစ်ပေလိမ့်မည်။

*မိမိအပေါ် နားလည် ခွင့်လွှတ်ခြင်း၊ ပံ့ပိုး ကူညီခြင်း၊ အပေါင်းအဖြစ် ရပ်တည်ခြင်း ပြုမည့်သူကို ဘဝကြင်ဖော် အဖြစ် ရွေးချယ်လိုပေသည်။ ကံကောင်းသည်မှာ ဤရာသီဖွား များသည် အချစ်ဆုံးသူနှင့် ပေါင်းသင်းရတတ်သည်။ သို့ကြောင့် အချစ်ဦး ချစ်သူနှင့် ညှိမရတွေ့ပြတ်ခဲ့ရသော် အားနည်း သနားစရာကောင်းသော မိမိသဘာဝကို အကြောင်းသောသူက အခွင့်အရေးယူ၍ အညာကိုင်ကာ လက်ထပ်ရန် တိုက်တွန်းခံရတတ်သည်။ အချစ်ဆုံး သူက ပထမယောက်၊ သက်တမ်း ဆုံးစည်းသူက ဒုတိယယောက် ဖြစ်တတ်သည်။*

အသက် (၁၆) နှစ်မှ (၂၂) ကြား မေတ္တာ ကံခေတတ်သည်။ အသက် (၂၂) နှစ်ကျော်မှ မိမိနှလုံးသားသည် ရင့်ကျက်လာ မည်။ အသက် (၂၄) နှစ် အထက်တွင်မူ လေးနက်သော အားမာန်ဖြင့် သူတစ်ပါးကို ချစ်ခြင်းမေတ္တာထားရှိလိမ့်မည်။ မိမိ

သံယောဇဉ်ကြီးသော သူ၏စကားနှင့် ပြောသမျှ အလုံးစုံအား မျက်စိမှိတ် ယုံတတ်သော ဘာဘာဝရှိသည်။ ချစ်ခြင်းမေတ္တာ တရားသည် မိမိဘဝတစ်ခုလုံးကို တစ်စုံတစ်ရာ တိုးတက်စေရန် ဖန်တီးနိုင်သည့် စွမ်းအားတစ်ရပ်ဖြစ်သည် ဟူသော သဘောထားအား ရင်မှာ ထာဝရ ပိုက်ထွေးထားသူများ ဖြစ်သည်။

ဤကား သိပ်ရာသီဖွားတို့၏ အချစ်ဒဿနပေတည်း။

၂

## ကန် အချစ်ဒဿန

ဩဂုတ်လ (၂၃) ရက်မှ စက်တင်ဘာလ (၂၂) ရက်ကြား မွေးသော ကန်ရာသီဖွား VIRGO များသည် အလွန်ထိခိုက်ခံစားလွယ်သည့် သဲသဲလှုပ်လှုပ် နှလုံးသားအချစ်ကို ပိုင်ဆိုင်ထားသောသူများဟု ကမ္ဘာ့နက္ခတ်ပညာရှင်များက တညီတညွတ်တည်း သတ်မှတ်ထားသည်။

*အလွန် သန့်စင်လှပသော ကညာစင်တစ်ဦးက သူမ ဦးခေါင်းပေါ်က ပန်ဆင်ရန် ရွေးချယ်ထားသည့် ကြိုးပွင့်လွှာ ပန်းပွင့်နှင့်တူသော နှလုံးသားနှင့် အချစ်ကို ပိုင်ဆိုင်သူများဟု ဖော်ကျူးထားသည်။*

ခွဲခြမ်းစိတ်ဖြာလေ့လာပြီးမှ စနစ်တကျ ချစ်တတ်သည်။ အလွန် စိတ်ထိခိုက် ခံစားလွယ်သည်။ နူးညံ့ သိမ်မွေ့လွန်းသော နှလုံးသားကို ပိုင်ဆိုင်သည်။ မာမာပြောဆို ဆက်ဆံလျှင် မိမိအတွက် အကျိုးရှိသောစကားပင် ဖြစ်လင့်ကစား လက်မခံ။ အချော့ကြိုက်၊ အပျော့ကြိုက် မိမိအား ဦးစားပေး ဆက်ဆံမှုကို လိုလားသော အချစ်ပိုင်ရှင်ဖြစ်သည်။

*တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ မိမိအား ဝေဖန်သော ပါက တစ်ပါးသူ ထက်ပို၍ ခံစားတုံ့ပြန်တတ်သည်။ ဝေဖန်လာသူကို မုန်းတီးပစ်မည်။ မိမိအားနည်းချက်ကို မိမိသိ၍ ပြင်မည်။ တစ်ပါးသူက ထောက်ပြလာ၍ ပြင်ရ သည် ဟူသော အနေအထားကို လုံးဝ လက်မခံ တတ်ပေ။*

ဘဝရည်မှန်းချက် ကြီးမားစွာရှိသည်။ ရည်မှန်းချက် အောင်မြင်ရန်အတွက် မိမိနှလုံးသားကို မိမိကိုယ်တိုင် ခုတုံးလုပ် ချနင်းပစ်ရန် ဝန်မလေး။ မိမိဘဝ တိုးတက်မှုကို ပံ့ပိုးပေးသူများအပေါ် အချစ်မေတ္တာ ထားမည်။ ချစ်သူပင်ဖြစ်လင့်ကစား ဘဝရည်မှန်းချက် တိုးတက်မှုကို ဆန့်ကျင် တားဆီးလာပါက မုန်းတီးဆန့်ကျင် တိုက်ခိုက်ဖယ်ရှားပေးရန် ဝန်မလေးသော သူ ဖြစ်သည်။

*လူချစ်လူခင်ပေါ်ပြီး သူတစ်ပါးသူ၏ အမူအရာစကားကို*

*အပေါ် အကူအကာကင်းတင်သောကကြောင့် ပန်းပွင့်များ တွေ့ရတတ်သည်။ စိတ်ကြည်သာနေချိန် ပြုံးရွှင်၍ ပျော်ပါးသူကို သနားသောထားကြီး ခွင့်လွှတ်တတ် သဘောတတ် အမျိုးသားဝိသသောပဲလေလွှင် သဲကြီးသဲကြီး အပြစ်ရှာ၍ ပိုက်နိုက်တတ်သည်။ ဆတ်ဆတ်ထိမခံ စကားကြမ်းသုံး ပိုက်နိုက်ရမှ ကျေနပ်သည်။*

**အမျိုးသမီးများ အချစ်ရေးတွင် ရုတ်တရက် ဆုံးဖြတ်လိမ့်မည်။ နီးစပ်မှုကြောင့် အချစ်ပေါ်ပေါက်မည်။ နောက်ဆုံးအထိ အရွေးရခက်အောင် ဒွိဟဖြစ်မည်။ ပတ်ဝန်းကျင်မှ အနှောင့်အယှက်ပြုခြင်းကို မိမိနှင့် ချစ်သူကြား ကြုံမည်။ ဘဝကို အနစ်နာခံ စွန့်လွှတ်၍ ချစ်တတ်သည်။ အသိုင်းအဝိုင်း ဘဝမတူသောသူနှင့်ချစ်မည်။ ယုံစားလွယ်၍ မေတ္တာလှည့်စားခံရမည်။**

*အမျိုးသားများသည် ဘဝတိုးတက်ရန်အတွက် ဘက်စုံ တစ်ယောက်လို ခုံးလုပ်ရန် ဝန်မလေး။ တစ်ပါးသူ အသည်းနှဲ့ရန် ဝန်မလေး။ ကိုယ်တိုင် အသည်းကွဲရမည် ကိုလည်း ဂရုမစိုက်တတ်။*

**ချစ်ခြင်းမေတ္တာဟူသည်ကား မိမိက ထားရှိရန် မလို။ မိမိကို ချစ်လာသောသူအား အခြေအနေကိုလိုက်၍ လိုအပ်သလို တုံ့ပြန်ရန်သာ ဖြစ်သည် ဟူသော နှလုံးသား ဒဿနနှင့် စိတ်ဓာတ်ရှိသည်။**

ထို့ကြောင့် ဤကန်ရာသီဖွားများသည် အချစ်ရေးတွင်
ပယာနည်းမြိုင်သော်လည်း အိမ်ထောင်ရေးတွင်သို့နောက်ခါ
ဆုံးဖြတ်မှုကြောင့် ရုပ်ဝတ္ထုပစ္စည်း ကြွယ်ဝပြီး ငွေပုံပေါ်
ထိုင်ရသည့် ဘဝတွင် အသက်သက်ပိုင်းရောက်မှ နှလုံး
သားသည် နိုးကြားသောကာ အချစ်စစ်ကို တောင့်တ
လာတတ်၏ ချစ်ပုံ ငွေပုံ ဆုလာဘ်ပြည့် သိမ်နေရာမှ အဆင်ပြေမှ
နှင့် မချစ်တတ်သော နှလုံးသားအပေါ် အပြစ်ဖို့
နောင်တရ ရင်မှာပိုက်နေရသော ဘဝကို ပိုင်ဆိုင်မည်။

**ဤကား ကန်ရာသီဖွားတို့၏ အချစ်ဒဿနပင် ဖြစ်သည်။**

ㅁ

## တူ အချစ်သဿန

စက်တင်ဘာ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်ကြား မွေးသော တူရာသီဖွား LIBRA များသည် အသည်းမာ၍ တစ်ပါးသူအပေါ် ချစ်ရန် အလွန်ခက်ခဲတတ်သော အေးတိ အေးစက် နှလုံးသားအချစ်ကို ပိုင်ဆိုင်ထားသည်ဟု ကမ္ဘာ့ နက္ခတ်ပညာရှင်ကြီးများက ဆိုရိုးရှိသည်။

ပေးဆပ်ခြင်းနှင့် ရယူခြင်းတို့ကို ချိန်ညှိ တတ်ဖယ်
ယှဉ်ချက်တွင်သော်မျှ အနုနည်း ဖွက်ချယ်ဝနေသော
နှလုံးသားအချစ်ချင်းတို့၌လည်း မေတ်ကျွမ်းဝင်ပြန်သည်။

ဤရာသီဖွားများသည် မျှတသော သဘာဝ။ နှစ်လိုသော အနေအထားရှိလင့်ကစား နှလုံးသား မာလွန်း၍ မိမိကိုယ်သာ မိမိ အချစ်ဆုံးဖြစ်မည်။ သီးသန့်နေလိုစိတ် ပြင်းထန်မည်။ ချစ်ခဲပြီး အချစ်မြဲသည်။ ထူးခြားချက်မှာ ဉာဏ်မြင့်သော၊ ပညာအတတ် ထူးချွန်သောသူတို့ကို ဦးစားပေး၍ ချစ်တတ်သည်။

*အလွန် သိမ်မွေ့ မအေးချမ်းမည်။ မေလဖွားလာသူနှင့်တွင်
အလွန်ချုပ်ကျောက်သွားဘူးသော် တတ်သည်။ချုပ်ကိုင်တတ်သည်။
နှလုံးသားသည် မလောင်ပြိုဆိုက သူတစ်ပါးလက်
ပိုဝကားပန်းတတ်သလို ဆိုးရွားပြီကသည်။ အလွန်
ပရိယာယ်မာယာများမှာ သူတစ်ပါးလက် သာလွန်
ဆိုးပြုတတ်သည်။ တစ်ပါးသူကို ဦးစားပေးတတ်
သော်လည်း မိမိက အနစ်နာခံရမည်ဆိုပါက ဘာကိုမှ
မလုပ်။ သားချင်းအပေါင်း ကျွန်းလာငန်း ပဒေကာင်းသူ
ဆိုးသွမ်းသူများကြောင့် မိမိအချစ်ရေး နှလုံးသားရေးတွင်
အနှောင့်အယှက် အနည်းငယ်ရှိမည်။*

ပင်ကိုနှလုံးသားသည် နီးစပ်မှုအား အခြေတည်၍ အချစ် သံယောဇဉ်ဖြစ်တတ်သည်။ အချစ်အပေါ် အမြင်သည် မိမိနှင့် အပေးအယူညီမျှ၍ မိမိဘဝအား အထောက်အကူပြုနိုင်သော သူအပေါ် ချစ်သင့်သည်။ သဘောထား မတိုက်ဆိုင်သော

သူများကို ဥပေက္ခာပြုထားတတ်သည်။ ချစ်ခြင်းမေတ္တာနှင့် ဥပေက္ခာ နှစ်မျိုးရှိ၍ အမုန်းတရား လုံးဝမရှိသော နှလုံးသားကို ပိုင်ဆိုင်သည်။

*ပင်ကိုယ်အားဖြင့် မိမိကိုယ်မိမိသာ အချစ်ဆုံးဖြစ်၍ မိမိဘဝနှင့် တစ်ဟုန်ထိုးပါးတူညီပြီး အလျှိုးပြုသောသူကို ဦးစားပေးချစ်တတ်သည်။ ကာလအတန်ကြာ ဒိုးပန်း မနေသူကိုတွေ့၍ နောက်လူကို ချစ်တတ်သော သဘာဝ ရှိသည်။ ချစ်သင့်သည်ကို တစ်ယောက်ထဲ ချစ်မိသူက တစ်ဦး ဖြစ်တတ်သည်။*

ဤရာသီဖွား အမျိုးသမီးများသည် အလွန်သံယောဇဉ်ကြီး တတ်သည်။ မိမိအား သဘောကျသောသူ အလွန်ပေါသဖြင့် ရွေးချယ်ရာ၌ တွေဝေ ဒွိဟ ဖြစ်ရတတ်သည။ အဆုံးတွင် နှလုံးသားကို ဦးစားပေးလိမ့်မည်။ မြောက်မြားစွာသော ရွေးစရာထဲမှ စိတ်ကြိုက်ရွေးမည်။ နီးစပ်မှုအရှိဆုံးသူကို ရွေးမည်။ အစပိုင်းတွင် တစ်ပါးသူတို့က မိမိလူရွေးမှားပြီဟု ဝေဖန်ကြလိမ့်မည်။ ရွေးလိုက်သောသူသည် မိမိလက်ထဲရောက်မှ ထက်မြက်လာမည်။ ထိုအခါ အများဝန်းကျင်က အရွေး ကောင်းလေစွဟု ပြောကြလိမ့်မည်။

*ဤရာသီဖွား အမျိုးသမီးများသည် ပညာအတတ်ရှိသူကို သံယောဇဉ် တွယ်တတ်သည်။ ချစ်ခြင်းမေတ္တာသည်*

*အယောင်ပြကြိုးမှု မေတ္တာအမှုအပေါ် အခြေခံပေါ် ပေါ်ပေါက်မည်။ အဝတ်ထည်ရောင်းကြောင်းတွင် ၂၂၈ နှင့် ၁၇၁၁ ဒေါ်လာနှစ်ခု အကြား လွန်ဆွဲနေမည်။ အဆုံးသတ်တွင် မိမိအကြိုက်၊ မိတ်ဆွေနှင့်ကျွန်ုပ်နှစ်ယောက်မှ နှစ်ခုစလုံးရှိသူကို နှလုံးသားမှ ဆိုးဖြစ်ပါ၍ အားအပေါ်အဖြစ် ရွေးမည်။*

မည်သို့ဆိုစေ ဤရာသီဖွားအားလုံး၏ အချစ်၊ မေတ္တာအပေါ် ထားရှိသော ဒဿနသည် "ပေးဆပ်ခြင်း၊ ရယူခြင်း၊ တုံ့ပြန်ခြင်း၊ ခွင့်လွှတ်ခြင်းတို့ ပေါင်းစပ်ထားသည့် အလွန်တန်ဖိုးရှိသော အရာသည် အချစ်ဖြစ်သည်" ဟူ၍ ဖြစ်သည်။

။

## ပြိစ္ဆာ အချစ်အသွေး

အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၁) ရက်ကြား မွေးသော ပြိစ္ဆာရာသီဖွား SCORPIO များသည် အလွန် ချစ်တတ်သော၊ အလွန်မုန်းတတ်သော အချစ်ကို ပိုင်ဆိုင် ထားပြီး တစ်ပါးသူမဆိုထားနှင့် မိမိကိုယ်မိမိပင် နားမလည် နိုင်သော ထူးခြားသည့် နှလုံးသားပိုင်ရှင်ဖြစ်သည်ဟု ကမ္ဘာ့ နက္ခတ်ပညာရှင်များက တညီတညွတ်တည်း အဆိုပြုသည်။

*ကန္တာရအလယ် ပေါက်ကြားအက်နေသည့် ကျောက် ဖျာကြားရှိ အလှန်အဆိပ်ပြင်းသော ကင်းမြီးကောက် ယင်းကောင်၏ ရုပ်ဆဲ့ ပွင့်သပ်ပြန်နေသော နှုတ်ခမ်း မသား၊ အချစ်ကြီးသော၊ အမုန်းကြီးမသား၊ နှလုံးသား မျိုးကို ပိုင်ဆိုင်သူဟု ဖော်ညွှန်းပြန်သည်။*

အကောင်းဆုံးနှင့် အဆိုးဆုံးကိုသာ လုပ်လိုသော သဘာဝ ရှိသည်။ ကောင်း၊ ဆိုး၊ မှန်၊ မှား၊ လုပ်သင့်၊ မလုပ်သင့် စသည့် အစဉ်အလာအရ သတ်မှတ်ထားချက်များကို လုံးဝလက်ခံခြင်း မရှိ။ မိမိရင်ထဲမှ ကောင်းသည်၊ မှန်သည်ဟုထင်လျှင် ခေါင်း အေးအေး သွေးအေးအေးနှင့် တဇွတ်ထိုး လုပ်တတ်သည်။ မိမိခံစားချက်၊ ခံယူချက်ကို ဦးစားပေးမည်။ ကိုယ်ပိုင် အဘိဓမ္မာနှင့် မဖြစ်မနေ လုပ်တတ်သည်။ မိမိစိတ်ထဲ၌ရှိသော အရာများကို တစ်ပါးသူအား ဖွင့်ပြောတိုင်ပင်ခြင်း မရှိ။ လျှို့ဝှက်စွာ သိုသိပ်၍ မဖြစ်မနေ လုပ်တတ်သော သဘာဝ ရှိသည်။

> *ယခုစုံတစ်ယောက်သောသူကို ချစ်မိပြီဟု ဆုံးဖြတ်လျှင် သူ့ရန်အတွက် အလွန်အကျိုးယုတ်ပါသော်လည်း ဆုံးဖြတ်ပြီးပါက လုံးဝ ပြန်မပြင်တတ်တော့။ ဝေဖန်မှုကို လုံးဝ ဂရုမစိုက်၊ ဥပေက္ခာပြုတတ်သည်။ ဥပေက္ခာ နှလုံးသား ပိုင်ရှင်ဟုလည်း သတ်မှတ်နိုင်သည်။*

မိမိချစ်သူက အမှားအယွင်းတစ်စုံတစ်ရာ ပြုလုပ်ပါကလည်း ဒေါသအမျက်ပြင်းစွာဖြင့် လုံးဝခွင့်မလွှတ်၊ နှလုံးသားထဲမှ အပြီး အပိုင် ထုတ်ပစ်ပြီး ဥပေက္ခာပြုလိုက်မည်။ ပင်ကိုသဘာဝ တွင် အလွန်ထူးခြားသည်။ ပြန်မပြော၊ နားမထောင်၊ တစ်ပါးသူ တားဆီးသည့် ကိစ္စကိုမှ လုပ်လိုသည်။ အားနည်းသောဘက်မှ

ရပ်တည်မည်။ အလွန်ကြောက်မက်ဖွယ်ကောင်းသည်မှာ မေတ္တာစိတ်ပြောင်းလွယ်သည်။ ခံစားချက်ကို မျိုသိပ်တတ်သည်။ မိမိဘက်မှ တတ်အားသရွေ့ပေးဆပ်သည်။ သည်းခံသည်။ ခံနိုင်စွမ်းကုန်သောအခါ အရွဲ့တိုက်မည်။ အလွန်ချစ်ခဲ့သောသူကိုပင် စွန့်ပစ်မည်။ ခွဲခွာသောအခါတွင်လည်း သံယောဇဉ် လုံးဝမရှိတော့လောက်အောင်ပင် ဖြစ်မည်။ နောက်တစ်ယောက်ကို တွေ့ပြီဆိုကလည်း အလွန်လေးနက်သော မေတ္တာနှင့် ချစ်မည်။

*အချစ်ဦးနှင့် ဆုံစည်းကံမှန်မရှိ၊ သို့သော် အချစ်ဆုံးသူနှင့် ပေါင်းရမည်၊ ချစ်သူခင်သူပေါများမည်၊ အခိုက်မသင့်က အိမ်ထောင်ဆက်ပင် မှားသွားနိုင်သည်။*

သူတစ်ဦးတစ်ယောက်အား မေတ္တာရှိ၊ ချစ်ပြီဆိုကလည်း အခြားသောသူများကဲ့သို့ မိတ်ဆွေအပေါင်းအသင်းများကို ဖွင့်ပြောလေ့ မရှိ။ တစ်ဦးတည်း လျှို့ဝှက်စွာ ကြိတ်ကြံတတ်သည်။ မိမိအချစ်ကို နှုတ်မှ မပြောခင် ချစ်သူရှိရာသို့ အချိန်ရှိသရွေ့ တရစ်ဝဲဝဲလုပ်နေတတ်သည။ ချစ်သူဘဝရောက်ပြန်လျှင်လည်း နှစ်ဦးတွေ့ကြသောအခါ ဖွယ်ဖွယ်ရာရာ၊ ကြင်ကြင်နာနာပြောဆိုခြင်း မရှိ။ ခေါင်းကြီးငုံ့ ဘေးချင်းယှဉ်ထိုင်ကာ စကားမပြောဘဲ ဂွတိဂွကျ မပွင့်မလင်းနေတတ်သော သဘာဝအား ပိုင်ဆိုင်သည်။ မိမိကို တကယ်ချစ်ရဲ့လားဟုပင် ချစ်သူက

ထင်လောက်သည်။ စကားပြောပြီဆိုပါကလည်း ချစ်သူက စိတ်ဝင်စားသည် မဝင်စားသည်ကို ဂရုမစိုက်။ အချစ်နှင့် မပတ်သက်သည့် အရာများကို ကရားရေလွှတ် ပြောတတ်သည်။

*ယဉ်သို့ဆိုင်ရာတွင် ဗြိဋ္ဌာရာသိပ္ပံများ၏ ချစ်ခြင်း သဏ္ဌာန်အပေါ် အမြင်တွင် ပဟုသော ဆန့်ကျင်ဘက် နှစ်ဦးကို ပေါင်းကူးဆက်ဆံပေးနိုင်သော၊ တစ်သား တည်းဖြစ်အောင် လုပ်ပေးနိုင်သောအရာသည် အချစ် ဖြစ်သည်ဟု သတ်မှတ်သိမ့်မည်။*

ပ

## ဓနု အချစ်ဒသယန

နိုဝင်ဘာလ (၂၂) ရက်မှ ဒီဇင်ဘာလ (၂၁) ရက်ကြား မွေးသော ဓနုရာသီဖွား SAGITTARIUS တို့၏ နှလုံးသားသည် သနားလွယ်၊ ယုံလွယ်၊ စိတ်ညွတ်လွယ်တတ်သည်ဟု ကမ္ဘာ့နက္ခတ်ပညာရှင်များက တညီတညွတ်တည်း သတ်မှတ်ထားကြသည်။

*ပြီးဝေသာကပ်ပြီးသည့်နောက် ဟိုက်ပွဲများအကြားတွင် ဝေအောင်ပွဲ ခံသော ပေးသို့ဟိုက်သွဲ့သည့် ဝေးသည့်ဘော်၏ ရှုံးနိုင် ခဲသော ရန်သူအပေါ် ခွင့်လွှတ်ညှာတာ ချမ်းသာပေးသည့် စိတ်ထားတော်နှလုံးသားနှင့် ထင်ဟပ်သည့် အချစ်ဝေဖွာ ရှိသူဟု မဟော်ကျူးထားသည်။*

ဘဝတွင် အရာရာအောင်ပွဲခံနိုင်သလောက် အချစ်စစ်မျက်နှာတွင်မူ အမြဲအလံဖြူ ထောင့်ရမ်း အရှုံးပေးရမည်။ ချစ်သူများတတ်သည်။ ဤရာသီဖွား အမျိုးသားများသည် သုံးကြိမ်အနည်းဆုံး အသည်းကွဲပြီးမှ အချစ်ရေး အဆင်ပြေသွားမည်။ အရာရာတွင် ရဲရင့်ခြင်းရှိသလောက် အချစ်နှင့်ပတ်သက်လျှင် အမြဲခွင့်လွှတ်၊ အရှုံးပေး၊ အနစ်နာခံရတတ်သည်။ မူလချစ်သူအပြင် နောက်ထပ်ချစ်သူသစ်ပေါ်၍ ဒွိဟဖြစ်ကာ သူ့ထက်သူပိုသာ သယောင်ထင်ပြီး မိမိ၏ ပြောင်းလဲမှုများတတ်သောအားနည်းမှုကြောင့် စိတ်အနှောင့်အယှက်များ ကြုံတတ်သည်။

*ဤရာသီဖွား အမျိုးသမီးများသည် သူဟာစံပါးအခေါ် အနိုင်ယူရမှ မကျေနပ်မည်။ ထိုကြောင့် အချစ်စိတ်မာတ် နှင့် ပံယှသူမှာ ဝိဝိဆိုးသည်နှင့် သမ္မတို ခွင့်လွှတ်နားလည် နိုင်သောသူ၊ အနိုင်ယူနိုင်သောသူကိုသာ ချစ်ဝေဖွာ ထားတတ်သည်။ မျက်နှာပွင့်လန်းပြီး လူချစ်လူခင် ပေါ်များသည်။ ချစ်သူရည်းစား များမည်။ နှလုံးသားကို*

ဦးစားပေး၍ ဆုံးဖြတ်မည်၊ ဆုံးဖြတ်ချက် ချမှတ်ပြီးမှ မိမိဆုံးဖြတ်သည့်အပေါ် မှားယွင်းသည်ဟု ခံစားရသည်။ နောက်ဆုံးတွင် အရင်ဆုံးချစ်သူ၏ စိတ်ပြန်လည်သွားမည့် သဘော ရှိသည်။

ထူးခြားချက်မှာ ဤရာသီဖွားအားလုံးသည် အလွန်ခွင့်လွှတ်တတ်သည်။ မိမိကို တစ်စုံတစ်ရာ စိတ်ဒုက္ခပေးသွားသောသူများအား ခွင့်လွှတ်ချစ်ခင်ရန် ဝန်မလေးတတ်ပေ။ ပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်။ အချစ်ကြောင့် ဇွတ်မိုက်ရမည်ကိုလည်း မနှောင့်နှေး။ တစ်စုံတစ်ယောက်ကို မေတ္တာထားရမည်ဆိုက လေးညို့မှ ပစ်သည့်မြားအလား တစ်ဟုန်ထိုး စူးစူးစိုက်စိုက် ချစ်တတ်သည်။

တစ်စုံတစ်ယောက်သောသူကို အသည်းနှလုံးပုံပေး၍ ချစ်ခဲ့ပြီး နောက်တစ်ဦးတစ်ယောက်အား အလားတူ တပ်တွယ်မှု တိုးပြိုင်လာသည်။ ချစ်နိုင်စွမ်း၊ ချစ်တတ်စွမ်းရှိသော နှလုံးသားကို ပိုင်ဆိုင်သည်။ လုပ်ပြီးသော ဆုံးဖြတ်ပြီးသော အရာတစ်ခုအား ချိုးဖျက်၍ တစ်ဖန် ပြန်ဖြစ်တတ်သော သဘာဝ ရှိသည်။ နှလုံးသားကို ဦးစားပေးလွန်းသူ ဖြစ်သည်။

မည်သို့ဆိုစေ ဤရာသီဖွားများ၏ မေတ္တာအပေါ် အမြင်သည် နှလုံးသား သွေးကလာပ်စည်းတို့မှ ဦးနှောက်၏ အလွန်

နက်ရှိုင်းသော ကလာပ်စည်းများဆီသို့ ပို့ဆောင်ကာ ဦးနှောက်၏ ဆုံးဖြတ်ချက်ကို နှလုံးသားမှ ပြန်လည်လက်ခံ၍ သေချာစွာ ဆုံးဖြတ်တတ်သည့် သဘောသဘာဝ ရှိသည်။ မေတ္တာတရားအား ရုတ်ခြည်းဆုံးဖြတ်မည်။ အချိန်ယူ၍ စဉ်းစားသော်လည်း ဆုံးဖြတ်ချက်ချရာ၌ မြန်ဆန်မည်။ ချစ်သူများမည်၊ အိမ်ထောင်တစ်ဆက်တည်းမြဲရန်အတွက် အထူးအားစိုက် ဂရုထားရမည်။ အောင်မြင်သော အိမ်ထောင်ရေးကို ရရှိမည်။ လေးနက်သော နှလုံးသားနှင့် ချစ်မည်။ ခွင့်လွှတ်တတ်သည်။

၂

## မကာရ အချစ်ဒဿန

ဒီဇင်ဘာလ (၂၂) ရက်မှ ဇန်နဝါရီလ (၁၉) ရက်ကြား မွေးသော မကာရရာသီဖွား CAPRICORN တို့ကို တစ်ပါးသူ ကောင်းစားရေးအတွက် မိမိနှလုံးသား ဘဝတစ်ခုလုံးအား အနစ်နာခံ ပေးဆပ်ရန် ဝန်မလေးသော အချစ်ပိုင်ရှင်များဟု ကမ္ဘာအဝှမ်းရှိ နက္ခတ်ပညာရှင်များက တညီတညွတ်တည်း သတ်မှတ်ထားသည်။

*တင်ပလ္လင်အနေအထားတွင် ထားသော်ဘာဝ် ဟုန်ပါမျက် ချိမ့်သူ့အလယ်ကို ထင်ထားနေသည့် ငေးမှိုင်တွေဝေနေသော နှလုံးသားနှင့်မိမိတ်ဖော်ကျွမ်းထားသည်။ ဓမ္မာနနေတွင် အစေဒသမားဖြစ်သည်။ ကိုယ်ချစ်ကို ဦးစားပေးသည်။ နှလုံးသားကို အခြေပြု၍ ဆုံးဖြတ်ချက်ချတတ်သည်။ အလွန်သီးသန့်နေလိုသည်။ ပါပါ သီးသန့်ကမ္ဘာလေး အတွင်း၌ ထာဝရအဖော်မွန်တစ်ဦးကို စောင့်စားနေသော သဘာဝရှိသည်။*

**မိမိကိုယ်မိမိ အထီးကျန်ဆန်ကာ အားငယ်နေတတ်သည်။ အထင်လွဲမှားမှုများအပေါ်၌လည်း အမြဲဖြေရှင်းနေရတတ်သည်။ သူတစ်ပါးက စိတ်မဝင်စား ပစ်ပယ်ထားသော အထီးကျန်သမားကို ပို၍ မေတ္တာထားတတ်၊ စာနာ ချစ်တတ်သည်။ တစ်ပါးသူက ဆိုးသည်၊ မကောင်းဟု ဆိုသော သူများအပေါ် ရွေးချယ်မေတ္တာမျှတတ်သည်။ ချစ်သူကို အလုံးစုံ တိုးတက်စေရန် မိမိဘဝအား ငြမ်းသဖွယ်၊ လှေကားသဖွယ်ခင်း၍ မြှင့်တင်ပေးမည်။ ချစ်သူကို အလိုလိုက်လွန်း၍လည်းကောင်း၊ အသာစီးပေးလွန်း၍လည်းကောင်း၊ တစ်စုံတစ်ရာ မြင့်မား လာသောအခါ သူကပင် မိမိအား ပစ်ခွာသွား၍ နောက်တစ်ယောက်ရှာတတ်သည်။ ဘဝတစ်လျှောက်တွင် မိမိကသာ လျှော် ပေးဆပ်ရသော သဘာဝရှိသည်။**

*နှလုံးသားမှာ မလေးမလေးနက်ကြဲနက်ရှိသော်လည်း နှုတ်မှာ မဝေဝေဆာဆာလှလှပပ သဘာဝဖုံး၍ မပြောတတ်ခြင်း မကြောင့် မိမိဘဝတွင် အပြောကောင်းသူများ၊ မုသား ပပလာချုပ်နှားနှင့် ယိုပ်ယိုပ်ဝေဝှ့သောအခါ အရိုးဆန့် ပေးရတတ်သော သဘာဝရှိသည်။ အပျော်ပြွန်ကဲ့ပြင်း နားလည်ခွင့်သွတ်ပူလှန်ကဲ့ပြင်းတို့ကို လျှော့ပေါ့သည်။ ယခုပါသူက ယစ်ဖုံယစ်များ ကိုးသက်သွားစေအောင် အကြံ အစည်နှင့် ပိပိနှင့်သားကို ဖုတ်ပေပ်သွားရပြင်း ခံရသည်။*

အရာရာကို ထိန်းချုပ်နိုင်သော စိတ်ရှိသလောက် မေတ္တာ တရားတွင် ထိန်းချုပ်နိုင်သော အင်အားမရှိ။ လူတစ်ဦး တစ်ယောက်ကို ဆက်ဆံသောအခါ မယုံသင်္ကာစိတ်ဖြင့် စတင် ဆက်ဆံတတ်သည်။ တစ်စစ ယုံစားလာသည် ဆိုကလည်း သူတစ်ပါးက လိမ်လည်ပြောဆိုသည်ကိုပင် ယုံကြည့်တတ် သောစိတ်ရှိသည်။ မနာလိုဝန်တိုခြင်းကင်းသော ကြီးမြတ်သည့် နှလုံးသားအား ပိုင်ဆိုင်သည်။ မိမိကိုချစ်သည်က တစ်ယောက်၊ မိမိချစ်သူက တစ်ယောက် ဖြစ်တတ်သည်။ သီးသန့်နေလေ တစ်ပါးသူက မိမိအား စိတ်ဝင်စားလေဖြစ်ပြီး မိမိအပေါ် သံယောဇဉ်ကြီးသူနှင့်တွေ့ကာ ပျော်ရွှင်သောဘဝကို ပိုင်ဆိုင် မည်။

မိမိတွင် ရှိနေသောအရာများနှင့် ပါဝင်နေသော အခွင့် များကို အခြားသူတစ်ဦး တစ်ယောက်အပေါ်တွင် မဖြစ်စေလိုပေ။ တစ်ပါးသူ လိုအပ်နေသော ကွက်လပ်များကိုလည်း မပြည့်စုံသော မိမိဘဝ ကလေးတစ်ခုဖြင့် ဖြည့်စွက်ပေးလိုက်ပြီး ထိုသူ၏ ဘဝကို ပြည့်စုံစေလိုသည်။ ချစ်သူကို အရာရာပြည့်စုံပေလိုသည်။ မိမိဘဝ သုညအဖြစ်ရှိသည့်တိုင်အောင် ချစ်သူအတွက် ပေးဆပ်သင့်သည်ဟု သတ်မှတ်မည်။ အနိုင်ယူသွားခြင်းအပေါ် ခွင့်လွှတ်ရန် အမြဲရှင်သန်နေသော အချစ်နှလုံးသား ဒဿနကို ပိုင်ဆိုင်ထားသည်။

၂

## ကုမ် အချစ်ဒဿန

ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်ကြား မွေးသော ကုမ်ရာသီဖွား AQUARIUS များသည် အစွဲအလမ်းကြီးပြီး ပေးဆပ်မှုကို ဦးစားပေးတတ်သော နှလုံးသားကို ပိုင်ဆိုင်သည်ဟု ကမ္ဘာ့ နက္ခတ်ပညာရှင်များက တညီတညွတ်တည်း သတ်မှတ်ထားသည်။

*ရေအိုးထဲမှ ရေကို သွန်သောင်းပြီး ရေပက်သူအား ပေးသကဲ့သို့ နှလုံးသားမှ မအေးချမ်းမြင့်မြတ်သည့် အချစ်ရေစင်အား ပက်ဖျန်းနေသော ပုံရိပ်ဖြင့် ဤ ရာသီဖွားများ၏အသွင်ကို ဖော်ကျူးထားသည်။ ပကတိ နူးညံ့သောတည်ကြည်သည်၊ သစ္စာကြီးသည်၊ ဖြောင့်မှန် ရိုးသား၍ အမှန်တရားဘက်မှ ရပ်တည်သော နှလုံးသား ပိုင်ရှင်ဖြစ်သည်။ တစ်ပါးသူအပေါ် မာယာများရန်၊ စဉ်းလဲ၊ လိမ်ညာကောက်ကျစ်ရန် ဝန်လေးသည်။ သန့်စင်သော နှလုံးသားနှင့် ချစ်တတ်သည်၊ ရိုးရိုး ဖြောင့်ဖြောင့်သမား ဖြစ်သည်။*

အစွဲအလမ်းကြီးခြင်း၊ တစ်ဖက်စွန်း ကျလွန်းခြင်းများကြောင့် နှလုံးသားရေးရာ ချစ်ဒုက္ခတို့ ကြုံတတ်သည်။ သန့်စင်သော နှလုံးသားနှင့် တစ်ပါးသူအပေါ် မေတ္တာထားလင့်ကစား ကံဇာတ်ဆရာမှ မိမိအား အလွမ်း၊ အဆွေးသမားဖြစ်အောင် ဖန်တီးမည်။ အဆင်ပြေ ချောမွေ့နေသော အချစ်ရေး လမ်းကြောင်းတွင် မှန်းဆမထားသော အဆိုးများ ဝင်ရောက်မည်။ ကာလအတန်ကြာ လွမ်းမော၍ ချစ်ရမည့်ကိစ္စကို ကြောက်လန့်နေမည်။ ပြီးမှ တည်ငြိမ် အေးချမ်းသော မေတ္တာရှင်နှင့်တွေ့ပြီး ဘဝတွင် အေးချမ်းသွားမည်။ မေတ္တာရေး တွင် လေးလေးနက်နက် သစ္စာရှိရှိနေတတ်သည်။ ချစ်သူအပေါ်

အခွင့်အရေးမယူ။ အနိုင်မယူတတ်။ မိမိကသာ အနစ်နာခံတတ်သည်။ ရံဖန်ရံခါတွင် လက်တွေ့ထက် စိတ်ကူးယဉ်ဘက်ရောက်သွားတတ်သည်။

*မိမိအရည်အချင်းများကိုလျှော့ မိမိထက်နိမ့်သောသူကို အမြဲဦးစားပေးတတ်သော သဘာဝ ရှိသည်။ ငွေ အနိမ့်အမြင့် မတူသော ချစ်သူနှင့်အိမ်မှ နိမ့်သောသူကို ပို၍ ဦးစားပေး ရွေးတတ်သည်။ ထို့အပြင် ချစ်သူကို မိမိထက်မြင့်တင်မပေးမည်။ အလိုလိုက် အကြိုက်ဆောင် ယားသော သိဒ္ဓိသည့် ရှေ့ပန်းသီးပုံ သိကို အသည်း ခွဲသွားတတ်သော အနေအထားအား ကြုံတွေ့ရသည်။*

ဤရာသီဖွား အမျိုးသမီးများသည် မေတ္တာရေးတွင် လေးလေးနက်နက် ရှိသည်။ အမြင်ကျယ်မည်။ သဘောထားကြီးမည်။ နူးညံ့သိမ်မွေ့သော နှလုံးသားကို ပိုင်ဆိုင်မည်။ မေတ္တာရေးတွင် နက်နက်နဲနဲ တွေးခေါ်တတ်၍ ဘဝကို ပေးဆပ်ထားမည်။ မေတ္တာကို စာမဖွဲ့တတ်၊ နူးညံ့ပျော့ပျောင်းစွာ နှုတ်ခမ်းဖျား၊ လျှာဖျားမှ မပြောတတ်၊ ရိုးရိုးကြီး လက်တွေ့ကျကျ လုပ်ဆောင်ပြီး အချစ်ကို ဖော်ညွှန်းတတ်သော သဘာဝရှိသည်။ ချစ်သူအပေါ် အလေးထားသည်။ ရံဖန်ရံခါတွင် ချစ်သူဘက်မှ သွေးသားဆွေမျိုးများက မိမိအပေါ် နှိမ့်ချခြင်း၊ စကားတင်းပြောခံရခြင်းများ ကြုံမည်။ သို့ရာတွင် အံ့ဩလောက်အောင် မိမိ၏ သဘောထားကို ပြသနိုင်မည်။

*ဤရာသီဖွား အမျိုးသားများသည် စိတ်လှုပ်ရှားမှုနှင့် ဆန်းသစ်သည့် အတွေ့အကြုံကို လိုလားသော နှလုံးသားကို ပိုင်ဆိုင်သည်၊ သို့သော် ဦးနှောက်နှင့် နှလုံးသားကြား အမြဲတိုက်ပွဲဖြစ်တတ်၊ ပျော့ဝေဝါးသည်။ သဘောထားရင့်ကျက်မှုနှင့်ပတ်သက်၍ စိတ်တာဝန် ယောက်ယှက် ယှက်ယှက်သည်။ ထိုသို့ နှလုံးသားသည် သူတစ်ပါးအပေါ် အဆင်ပြေ၊ ချမ်းမြေ့စေအောင် ချမ်းမြေ့ခြင်းကို ပေးလိုသည်။*

ဤရာသီဖွားများ၏ မေတ္တာအပေါ်ထားရှိသော ဒဿနသည် အလွန်တရာ တန်ဖိုးကြီးသော ပေးဆပ်ခြင်းနှင့် လိုက်လျောခြင်း၊ တစ်ပါးသူအပေါ် လေးနက်စွာ ဆက်ဆံခြင်းနှင့် သစ္စာတည်မြဲခြင်းတို့ ပေါင်းစည်းသောအရာတစ်ခု ဖြစ်သည်ဟု ယူဆကြသည်။

ш

## မိန် အချစ်ဒေသနာ

ဖေဖော်ဝါရီလ (၁၉) ရက်မှ မေလ (၂၀) ရက်ကြား မွေးသော မိန်ရာသီဖွား PISCES များသည် အခိုင်အမာ ဆုံးဖြတ်၍ လေးလေးနက်နက်ရှိသည့် အချစ်တတ်ဆုံးသော မေတ္တာနှလုံးသားကို ပိုင်ဆိုင်ထားသည်ဟု ကမ္ဘာ့နတ်က္ခပညာရှင်များက အဆိုပြုသည်။

နက်ရှိုင်းသော ပင်လယ်သဖွယ်ရှာ ကြောင်းပြင်ပေါ်တွင် သဲပွားလွှမ်းနေသည့် တဟဲ့အကြားနှင့် ပုလဲရတနာ နှင့်တူသော နှလုံးသားကို ပေါ်ကျူးထားသည်။ သေတ္တာရောင် ဆေးသပ်မှုကို ဦးစားပေးတည်း။ အသွင် နေအားရှုမ်း မြင့်မြတ်သော အချစ်ပိုင်ရှင် ဖြစ်သည်။ လှုန်လှုန်ကဲကဲ သိပေသာဖော့ကြိုး၍ တစ်ပါးသူအပေါ် အလွန်နားလည် နိုင်လွတ်တတ်သော မေတ္တာရှင် ဖြစ် သည်။

**အခိုင်အမာဆုံးဖြတ်၍ လေးလေးနက်နက် ချစ်တတ်သော သဘာဝရှိသည်။ ဘဝတွင် တစ်ပါးသူအတွက် မိမိဘဝ ရှင်သန်ခြင်းဖြစ်မည်။ အချစ်အတွက်ဆိုပါက အရာရာ ရင်ဆိုင်ဝံ့ သော နှလုံးသားပိုင်ရှင်ဖြစ်သည်။ အရှက်အကြောက်ကြီးခြင်း၊ တစ်ပါးသူက ဝေဖန်မည်ကို စိုးရွံ့ခြင်းကြောင့် အမှန်တကယ် ချစ်သူအပေါ် ဖွင့်ဟမပြောရဲ၊ လက်မတွဲရဲတတ်ခြင်းသည် မိမိ ၏ ပကတိ အားနည်းချက်ဖြစ်၏။**

ယို့အပြင် မိမိအချစ်ကို ပြောဆိုရန်၊ ဝန်ခံရန် အလွန် ရှက်တတ်သဖြင့် ချစ်သူ၏ အပေါင်းပွဲမှုကို အမြဲခံရသည်။ အအေးချမ်းမှာ သီးသန့်နေတတ်၍ ပသီးသူများက မိမိအား မချစ်တတ်သောသူ ဟူ၍ ထင်မြင်ယူဆမှုများ အမြဲခံ ရသည်။ အမြဲအငြှိုးရေးကောင်း အတွင်းဆေးပြင်ခဲ့ပြီး

*ပေါ်တင်သည်။ အတ္တကို ဦးစားပေး၍ ဝေရှောင်သင့်။ မိမိအား အလွန်နှုန်းလောက်သောသူနှင့် လက်တွဲသင့်ပေသည်။*

ဤရာသီဖွားများသည် မေတ္တာရေး၊ အချစ်ရေးအပေါ်တွင် အလွန်နက်နက်နဲနဲ ခံယူတတ်သည်။ မေတ္တာတရားကို နားလည်ခြင်း၊ ခွင့်လွှတ်တတ်ခြင်းသဏ္ဌာန်နှင့် ပိုင်ဆိုင်ထားသည်။ လူတစ်ဦးတစ်ယောက်အပေါ် မိမိအချစ် သက်ရောက်ပါက ထိုသူအတွက် မိမိတတ်စွမ်းသမျှ အရာရာပေးဆပ်ရမည်ဟူသောသဘောကို လက်ကိုင်ထားသောသူ ဖြစ်သည်။

*ဤရာသီဖွားများသည် အသွင် သန့်ရှင်းသော်လည်း ချစ်သူများ၏ ဝန်လေးသည်။ ဘဝလမ်းကြောင်းတွင် မိမိနှင့် လူမျိုး၊ ဘာသာ၊ ဓလေ့ဝန်းကျင် ကွဲပြားနေသောသူများနှင့် အချစ်ဖွဲ့ဆည်းတတ်သည်။ မတူသော အရာတို့ ပေါင်းစည်းသော အချစ် အဓိပ္ပာယ်ရှိပေသည်။*

ကမ္ဘာပေါ်တွင် ဤရာသီဖွားများကို အချစ်တတ်ဆုံးသူများဟု နက္ခတ်ဗေဒပညာရှင်အားလုံးက ယနေ့ထက်တိုင် တညီတညွတ်တည်း လက်ခံသတ်မှတ်ထားပါသည်။ ဤရာသီဖွားများနှင့် မေတ္တာသက်ဝင်၊ အချစ်ရေးကြုံသူများသည် အလွန်ကံကောင်းသူများဖြစ်သည် ဟူ၍လည်း အများက

သတ်မှတ်သည်။

နှလုံး ချိုမြိန်စေသော စကား အသွဲ့မြိန်ပေ၏ သင်းပျံ့ လှကျ ဆောင်ရွက်မှုများနှင့် အနှိုင်းဗိုလ် မိမိအချစ်ကို ပုံဖော်ထားသည့် အချစ် အနုပညာသည်များ ဖြစ်သည်။ သူတို့ပါးစပ်ပြောလာသည့် မဝဖန်လာသည်ကို သုံး၍ ဂရုမစိုက်ဘဲ မှန်သည်ထင်သည်ကို ယူ၍ ချစ်သူထံမှ ထာဝရ ရှင်တည်စေသော နှလုံးသား၏ ဒဿနပိုင်ရှင်များ ဖြစ်သည်။ ဤကား မိန်း အချစ်ဒဿနပင် ဖြစ်သည်။

# ရာသီနှင့် အချစ်ဘဝ

## မိဿ အချစ်ဘဝ

မတ်လ (၂၁) ရက်မှ ဧပြီလ (၁၉) ရက်ကြား မွေးဖွားသော မိဿရာသီဖွား ARIES များ၏ အချစ်ဘဝလမ်းသည် အလွန်ကြမ်းတမ်းလှသည်။ အခက်အခဲများ၊ အတိုက်အခံများ၊ ဘဝတိုက်ပွဲများကို အဆင့်ဆင့် ကျော်လွှားရပေလိမ့်မည်။

*အဓိကအားဖြင့် အသက် (၁၉) နှစ် ပတ်ဝိုင်းဝီအထိ အချစ်ကို ကစားစရာ ရှုံ့ချနှိမ်စရာ ယစ်ဆွဲအဖြစ် သတ်မှတ် မိ၍ မိတ်အခြေနှင့်အလှတရားများ ကြုံမည်။ အသက် (၂၀) နှစ်မှ (၂၇) နှစ်ကြားတွင် ဝိဝိချစ်ဝေသာသူက ပစ်ခဲ့သောက်၊ မိမိအခေါ် ချစ်သူက ပစ်ခဲ့သောက် အပေးပွဲကြောင့် သနားချစ်နှိုင်ပေါက်တွဲသေးဝေနေရာသူ တယ်ကြီး ဆိုသကဲ့သို့ ပေတ္တာ ယင်းရကြောင်းများ ရှင်းပျောနေမည်။ အသက် (၂၁) နှင့် (၃၀) နှစ်များတွင် ဝိဝိသာ၏ ပစ်ဆက်ချို၊ အခြောင်းအသဲများကြုံပြီး မိမ်ချစ်သူများ နှင့် ဝိဝိအခြင်း ဘဝ ကွာယာ ဖြစ်ရှိမည်။*

အသက် (၂၃) နှစ်မှ (၂၅) နှစ်ကြား နှလုံးသားချင်း ထာဝရ

လက်တွဲနိုင်သူများ ရှိလာမည်။ အချစ်ဦး မဟုတ်လင့်ကစား အချစ်ဆုံးကို တွေ့ရှိလာမည်။ အချစ်နှင့် အချစ်စစ်ကို ခွဲခြားသိရှိ လာလိမ့်မည်။

*အသက် (၂၆) နှစ်ဝန်းကျင်ပိုင်း ပညာဝေဒနာသော်ကြောင်း သည့် တက်ကြွတက်ဝ ပျော်ရွှင်လာလိမ့်မည်။ အသက် အရွယ်ရောက်လာကြ ချစ်သူများကို ကြိုးစားပြုပျက်ရင်း အိမ်ထောင်သည်ဘဝကို တစ်ပါးသူများ မနှောင့်ယှက် သည့်ကြားမှ ချစ်သူနှင့် မရှ ရအောင် ပေါင်းစည်းပေး သော ပင်လယ်သာရာ၏ ဒီပဲပူကို ပျော်ရွှင်စွာ ခံယူရမည်။*

ဤရာသီဖွားများ၏ ၇၅ % သည် မည်မျှ အဆင်ပြေသော အနေအထားရှိစေကာမူ နှစ်ဦးသဘောတူ လက်ထပ်ပြီးမှ မိဘ တို့ စီစဉ်ပေးမှုနှင့် လက်ထပ်ပွဲ ကျင်းပရမည်။

**ဤရာသီဖွားများသည် ပညာအတတ်ရှိ၍ စိတ်ကောင်း ရှိသော်လည်း ဘုဂ္ဂ ပြောတတ်ကာ၊ ပျော်ပျော်နေတတ် သူများနှင့် ဖူးစာဆုံမည်။ အသားလတ်လတ်၊ နာတံပေါ်၍၊ မျက်ဝန်းအိအိ ဆံပင်ပါးပါးဖြောင့်ဖြောင့် နှုတ်ခမ်းတွင် မှဲ့ပါသောသူနှင့် ဖူးစာဆုံမည့် အချစ်ဘဝအား ပိုင်ဆိုင် ထားသည်။**

ш

## ပြိဿ အချစ်ဘဝ

ဧပြီလ (၂၀) ရက်မှ မေလ (၂၀) ရက်ကြား မွေးသော ပြိဿ ရာသီဖွား TAURUS များ၏ အချစ်ဘဝသည် လွယ် မယောင်နှင့် ခက်၊ တိမ်မယောင်နှင့် နက်လှပေသည်။

*ဘဝတွင် အရာရာကို မိမိကသာ ဦးဆောင်ရန် လူ့လောကသို့ ဖန်တီးကျမောက်လာသည့်အလား ယော်စဉ် ပျိုရွယ်နုနယ်သောဘဝပုသည့် အရွယ်နှင့်မျှအောင် ဝိသာနု ယောင်နေသောချဉ်းများအပေါ် လွှန်လွှန်ကဲကဲ ပေးဆပ်မှုကြောင့် မိမိကိုယ်မိုင် အခွင့်အလမ်း မီးစားချက် အချစ်ဘဝကို ရှာဖွေဖို့ ခက်ခဲပေမည်။ ကျ ကြာ နှင့် ပဂုဒ ဝေတ္တာလျှော့ကြွပ်ပူဇလ် ခံစားနိုင်ရမည်။*

ပျိုရွယ်သောကာလတွင် ဘဝတိုးတက်မှုအတွက် အချစ်ကို ဦးစားမပေးခဲ့။ ချစ်သူခင်သူပေါ်လင့်ကစား မိမိက မေတ္တာမမျှ ရဲသလိုဖြစ်မည်။ ထို့အပြင် မိမိ၏ ချစ်တတ်သော နှလုံးသား အပေါ် လှည့်စားတတ်သူများ၊ အပျော်ချစ်လိုသူများ၊ အသည်းခွဲ လိုသူများ၏ အန္တရာယ်ကြားတွင် ဘဝကို ဖြတ်သန်းရမည်။

*ဤရာသီဖွားများသည် နီးစပ်မှုရှိသောသူများနှင့် ပေတ္တာရှာဖွေနေသော သဘာဝ ရှိသည်၊ နေထိုင်မှု ပြတ်သန်းမှု၊ ခံနိုင်ရည်ချပ်နိုးစေသောသူများနှင့် ဖူးစာဆုံတတ်သည်။ ပီပီပြင်ပြင်ချစ်သောသူနှင့် သားချင်းပီပီ ကြား ပဋိပက္ခများကြားမှ ချစ်သူကို လက်ထပ်ရမည့် အချစ်ဘဝကို ပိုင်ဆိုင်မည့်သောသူဖြစ်သည်။*

အခက်အခဲများ မည်မျှရှိစေကာမူ အချစ်ဘဝသည် အလှအပနှင့် နိဂုံးချုပ်ရပြီး ချစ်သူနှင့် ပေါင်းဖက်ရကိန်းရှိသည်။ အချစ်အတွက် အရာရာကို ရင်ဆိုင်ရင်း အငြိုအငြင်ခံရသည့်ကြားမှ အေးချမ်းသော အောင်မြင်သော အိမ်ထောင်သည်ဘဝကို ရရှိမည်။

*အသက် (၁၆၊ ၁၈၊ ၂၁၊ ၂၃၊ ၂၈၊ ၃၁၊ ၃၅၊ ၃၇) နှစ်များတွင် နှလုံးသား ဆိုင်ရာအရေးများ အချစ် ဘဝ၏ အခက်အခဲများ စိတ်အခန့်မသင့်အလှုပ်များ ကြုံမည်။*

**ဤရာသီဖွားများသည် အသားလတ်လတ်၊ ဆံပင်ထူထူ၊ ဆံပင်လှိုင်းတွန့်ရှိ၍ အရပ်သွယ်သွယ်၊ နာတံပေါ်၍ နှုတ်ခမ်းလုကာ နာခေါင်းဘေး (သို့မဟုတ်) ပါးတွင် မှဲ့ပါသောသူနှင့် ဖူးစာဆုံမည့် အချစ်ဘဝကို ပိုင်ဆိုင်သည်။**

□

## မေထုန် အချစ်ဘဝ

မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ကြား မွေးသည့် မေထုန် ရာသီဖွား GEMINI တို့၏ အချစ်ဘဝသည် အလွန်ဆန်းကျယ် လှသည်။

*အချစ်ရေး၊ မေတ္တာရေးလမ်းကြောင်းတွင် အလွန်ခက်ခဲ နှောင့်နှေးတတ်သော်လည်း အိမ်ထောင်ရေးတွင် ချမ်းမြေ့စရာများ ပြည့်နှက်နေသည်။*

အချစ်ဘဝတွင် အကောင်း၊ အဆိုးဖြစ်ရပ်တို့သည် နေ့ရက်နှင့် အမျှ ပြောင်းလဲဖြစ်ပေါ်နေသည်။ မိမိနှင့် မိမိချစ်သူကြား အဓိကပြဿနာ မရှိသော်လည်း မိမိတို့နှစ်ဦး၏ အချစ်အပေါ် ဝေဖန်တိုက်ခိုက်သူ အလွန်များသည်။

*မေထုန်ရာသီဖွား ကျားမ မရွေး မိမိထက် အသက်ကြီး သောသူများနှင့် ကံဆုံစည်းရလျှင်ပါ၊ မေထုန် အမျိုးသားများတွင် ရွယ်တူ၊ ငယ်သူထက် "မမ" ဖော်လမ်းကို ဦးစားပေးပါက ပို၍ အဆင်ပြေသော အချစ်ဘဝကို ရရှိမည်။*

အသက် (၁၈) နှစ်မှ (၂၂) နှစ်ကြားတွင် အချစ်ဘဝသည် မချောမွေ့ပါ။ ချစ်သူများ ယာယီမကြာခဏ ခွဲရခြင်း၊ ပြဿနာ ပဋိပက္ခများ ကြုံခြင်း၊ မတူညီသော ဘဝအနေအထား၊ ဝန်းကျင် အခြေအနေများအပေါ် အခြေခံသော ပဋိပက္ခကြုံခြင်းများ

ရှိမည်။ အသက် (၂၂) နှစ်မှ (၂၄) နှစ်ကြား ဘဝတွင် တည်ငြိမ်လာပြီး အသက် (၂၆) နှစ် နောက်ပိုင်းတွင် မေတ္တာအချစ်ရေးရာများ အေးချမ်း အဆင်ပြေမည်။

*အသက် (၁၈၊ ၂၂၊ ၂၄၊ ၂၇၊ ၃၁) နှစ်များတွင် တည်ငြိမ်အဆင်ပြေမှုနည်းသော အခန့်အသားရှိမပေလာမှု ပြဿနာ၍ စိတ်ဓာတ်ကျဖြစ်စရာများ အချစ်ဘဝသို့ ဝင်ရောက်နိုင်သော အနေအထားရှိသည်။*

ဘဝတွင် အမြဲအရွေးရခက်အောင် အခွင့်အလမ်းနှစ်ခု ပေါ်တတ်သည်။ နှလုံးသားနှင့် ဦးနှောက် လွန်ဆွဲပွဲတွင် နှလုံးသားက အနိုင်ယူသွားပါလိမ့်မည်။ မိမိအပေါ် အလွန်ချစ်သော အရာရာ စွန့်လွှတ်ရဲသော၊ မိမိအတွက် ဘဝတစ်ခုလုံးပေးဆပ်သော၊ အနစ်နာခံသော၊ မိမိအလိုမှန်သမျှ ဦးစားပေးသောသူနှင့် ဘဝဆုံစည်းမည်။

*ဗြိစ္ဆာရာသီဖွားအမျိုးသမီးသည် အသက်၊ ဂုဏ်၊ ဝန်းကျင်၊ လူမျိုး၊ ဓလေ့မတူ ကွာခြားသောသူများနှင့် ဖူးစာဆုံသော အချစ်ဘဝကို ပိုင်ဆိုင်သည်။*

**နူးညံ့စွာပြောဆိုသော၊ မျက်လုံးအိမ်အနည်းငယ် နက်ရှိုင်း၍ မျက်ဝန်းလုပလင်းလက်ပြီး နဖူးနှင့် မျက်ခုံး၊ နှာတံတို့ ဆက်စပ်မှု အလွန်တင့်တယ်သော နှုတ်ခမ်း၊ မထူမပါး နှုတ်ခမ်းစေ့နေတတ်၍ သွားစွယ်ရှိပြီး သပ်ရပ်တင့်တယ်စွာ နေတတ်သောသူနှင့် ဖူးစာဆုံမည်။**

## ကရကင့် အချစ်ဘဝ

ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၂) ရက်ကြား မွေးသော ကရကင့်ရာသီဖွား CANCER များ၏ အချစ်ဘဝသည် ဒဏ္ဍာရီဆန်လှပေသည်။

*လက်တွေ့ဘဝသည့် ဥပေက္ခာပြုလေ့ရှိပြီး စိတ်ကူးယဉ်*
*ကမ္ဘာလေးတို့ နန်းရွှေရွှေလေး တည်ဆောက်လိုသည်။*
*နေ့စဉ်နေထိုင်မှုဘဝနှင့် အချစ်ဘဝတို့ကို သီးခြားထား၍*
*လူတစ်ကိုယ် ဘဝနှစ်ခုနှင့် နေသောသူများဖြစ်သည်။*

အချစ်ကြောင့် ဖြစ်ပေါ်လာသော ပျော်ရွှင်ကြည်နူးခြင်း၊ ဝမ်းနည်းရခြင်း၊ ထိခိုက်ခံစားရခြင်း . . . အလုံးစုံကို တသသ ခံစားလိုသော စိတ်ကြောင့် မလိုလားအပ်သော အနှောင့်အယှက်ရှိမည်။

*အချစ်ဘဝတွင် နှလုံးသားကို လှန်လှန်ကဲကဲ ဦးစား ပေးရန် မသင့်တော်ပေ။ ထို့အပြင် ရုပ်ဝတ္ထုပိုင်းဘက် ဦးစားပေးတွက်ချက်ခြင်းကိုလည်း မရှောင်ပါနဲ့ အချစ်နှင့် အလုပ်ကို ခွဲခြားနိုင်သည့် ဗီဇအလုပ်ဘဝ ပျော်ရွှင်မှုရှိ နိုင်ခြေ။*

ဤရာသီဖွားများသည် အသက် (၂၂) နှစ် မတိုင်မီ ဘဝချင်း ကွာခြားပြီး မတူညီသောအနေအထားကို အချစ်ဆိုသောအရာ နှင့် ဖွတ်အတင်းညို၍ အချစ်ဘဝကို ဖြတ်သန်းရင်း အချစ် အိပ်မက်၊ စိတ်ကူးကမ္ဘာ တည်ဆောက်မည်။ လက်တွေ့နှင့် ကွာဟ၍ စိတ်ညစ်ဖွယ်များနှင့်သာ ကြုံမည်။ မိမိကိုယ်တိုင်က အသည်းကွဲခြင်းကို ခံစားလို၍ အသည်းကွဲမည်။

*အသက် (၂၂) နှစ်မှ (၂၆) နှစ်ကြား ဝေတ္တာဝေနေမှ တည်ငြိမ်လိုခဲ့သော ဦးနှောက်ခံစားချက်ရှိမည်သော်လည်း နှလုံးသား ဆောင်းဆိုမှုကြောင့် မကြာခဏ စိတ်ပြောင်း ရမည်။ ဦးနှောက်နှင့် နှလုံးသား အားပြိုင်မည်။*

အသက် (၂၆) နှစ် ပြည့်ပြီးနောက်ပိုင်း အချစ်အိပ်မက်မှ နိုးထ၍ လက်တွေ့ဆန်သောဘဝသို့ ဦးတည်မည်။ သတိပြုရန်မှာ ဤရာသီဖွား ၄၀ % သည် အိမ်ထောင်နှစ်ဆက်ကျတတ်သည်။

ပထမအိမ်ထောင်ဘက်နှင့်ပတ်သက်ပြီး ငွေကြေးဥစ္စာ ရတတ်သည်။ အမွေကဲ့သို့ရမည်။ တရားရုံးမှ ရမည်။

*ဤရုပ်သိမ်ဖွားများ၏ အချစ်ဘဝသည် အချစ်ဝဋ္ဋ၊ ရှင်ရုပ်သိုး ဖော်ယောက်များသည့်ပယ် တွေ့၊ ချစ်၊ ကြိုက်၊ ယွဲ့၊ ငြိန်းချို၊ အငြူးရောက်၊ နောက်ဆုံး အပြေအဝေ အပေးအယူသုံးနှင့် လောင်သိမ်းယာတတ်သည်။ အလွမ်းဘက် ဦးတည်ပြီး ချစ်သူကို အကြောင်းတစ်ဖုံတစ်ရာနှင့် ဒွန့်ညှပ်ရှိ သူတခါခါက အမြင်ပျော်ပြန်နိုင်သော ဖြစ်ရပ် အကြောင်းဖြစ်ချက်များနှင့် ငွေကြေးပေ ဖြည့်ဆိုသူကို အိမ်ထောင်ပြုရပြီးကာမှ ချစ်သူဟောင်းကို တသသ ယိုနိုးကြိုမည်။*

အသက် (၁၈) နှစ်မှ (၂၀) နှစ်ကြား၊ (၂၂) နှစ်မှ (၂၃) နှစ်ကြား၊ (၂၅) နှစ်မှ (၂၆) ကြား၊ (၃၀) နှစ်မှ (၃၁) နှစ်ကြား၊ (၃၂) နှစ်မှ (၃၃) နှစ်ကြား ကာလများတွင် အချစ်ရေး၊ အိမ်ထောင်ရေး၊ မေတ္တာရေး အညံ့ရှိမည်။ အခြားကာလများတွင် ကြီးမားသော အညံ့မရှိပါ။

**ကိုယ်လုံးကိုယ်ထည် တောင့်တင်းမျက်နှာပိုင်းကာ အသားလတ်၍ နုတ်ခမ်းလုပပြီး သွားစွယ်သွားတက်ရှိသောသူနှင့် ဆုံစည်းဖူးစာဖက်ရမည်။**

⊔

## သိဟ် အချစ်ဘဝ

ဇူလိုင်လ (၂၃) ရက်မှ ဩဂုတ်လ (၂၂) ရက်ကြား မွေးဖွားသော သိဟ်ရာသီဖွား LEO များ၏ အချစ်ဘဝသည် အလွန် ပကာသနဆန်လှသည်။ ခန့်ထည်သော ကျောရိုးဇာတ်လမ်းပေါ်တွင် ဂုဏ်၊ ရာထူး၊ အသိုင်းအဝိုင်း၊ ဓနု၊ အလုံးစုံ ပြည့်နှက်နေသည်။ ထို့အပြင် ယင်းတို့၏ အချစ်ဘဝသည် ဘဘာဝဆန်လှသည်။ အချစ်ကို တန်ဖိုးထားမည်။ ရင်ထဲမှ အချစ်ကို အချစ်နှင့်သာ တန်ဖိုးဖြတ်မည်။ ရုပ်ဝတ္ထု၊ ဂုဏ်ပကာသနနှင့် မလဲလှယ်။ ထို့ကြောင့် ဤရာသီဖွားများ အားလုံးသည် အများက အံ့ဩစေလောက်အောင်ပင် ပကာသန ဝန်းကျင် ဝိုင်းဝိုင်းလည်နေသည့်ကြားမှ တစ်ပါးသူ မထင်မှတ်ထားသည့် မိမိထက်နိမ့်သော မိမိကို ချစ်လွန်းသောသူအား ဘဝအဖော်အဖြစ် ရွေးချယ်မည်။

*အချစ်ဘဝတွင် ချစ်သူ ဘဝဝေနောက်၊ ယှဉ်နောက်*
*ယစ်မေသောက်နှင့် ယစ်မေယောက် ပွဲကြီးမှ ပြန်လည်*
*အဆင်မပြေမသော ပြဿနာမှုဆက်လမ်း ကြုံမည်။*

မိမိခွင့်လွှတ်တတ်ခြင်းအပေါ် ချစ်သူက အခွင့်အရေးယူမှုများလွန်းသောကြောင့် ဝေးကွာ၊ ခွဲခွာကြရပြီး မာနချင်းပြိုင်နေရာမှ နှလုံးသား၏ အချစ်စိတ်စေစားမှုကြောင့် နောက်ဆုံးပြန်ဆုံကြရမည်။

*အသက် (၁၇၊ ၁၉၊ ၂၁၊ ၂၃၊ ၂၄၊ ၂၆၊ ၂၇၊ ၂၈၊ ၃၂၊ ၃၇) နှစ်များတွင် နှလုံးသား ပေတ္တာရေးရာ၌ အလွန်စိတ်ရှုပ်ထွေးဖွယ်ရာများ ကြုံတွေ့ရနိုင်၏။ ထိုအပြင် ကာလများမှအပ၍ အခြားသောကာလများတွင် ကြီးမားသော အညံ့မရှိပါ။*

အသက် (၂၅)နှစ်မှ (၂၈) နှစ်ကြား၊ (၃၀) နှစ်မှ (၃၂) နှစ်ကြား ကာလများတွင် အလွန်ကောင်းသော၊ ခိုင်မာသော ဘဝများကို အချစ်ထံမှ ရယူထားသောစွမ်းအင်နှင့် တည်ဆောက်နိုင်ပေမည်။

*သိပ်ရာသီဖွား အမျိုးသမီးသည် ပတ်ဝန်းကျင် ရိုက်ခတ်မှု ပယောက်ကု ရှေ့မထားသော်လည်း မိမိဘဝ၊ မိမိမာနကို*

ယိပါးလာသောလျှင်လည်းကောင်း၊ မိမိအချစ်ဆုံး တန်ဖိုး မထား၊ မိမိဖေးသည့်ကိုပင် အရှုံးနည်းသည်ဟု ယူဆ မသားသူ့နှင့် တွေ့ပါကလည်းကောင်း၊ အချစ်ကို အမုန်း ဘက်သို့ ချက်ချင်းပြောင်းလဲပစ်တတ်သည်။ အလွန် စိတ်ကြီးခြင်းနှင့် မာနရှိခြင်းကြောင့် အချစ်သာလျှင် ရှုံးနိမ့်ရပါ၍ အသည်းကွဲရ၊ ချစ်လျက်နှင့်ခွဲခဲ့ရသည်လည်းရှိသည်။ **အသားဝါဝင်း၍ အမြဲတမ်း ပြုံးနေသော အလွန်မျက်နှာချို သော်လည်း မာနရှိ၍ ပြတ်သားသော၊ မေးရိုးပါးရိုးနှင့် နာတံပေါ်၍ ခေတ်ဆန်ဆန်၊ သွက်သွက်လက်လက်၊ ပါးပါးလုပ်လုပ်၊ ပညာ ဉာဏ်ရှိသောသူနှင့် ပူးစာဆုံမည်။**

မ

## ကန် အချစ်ဘဝ

ဩဂုတ်လ (၂၃) ရက်မှ စက်တင်ဘာလ (၂၂) ရက်နေ့ကြား မွေးဖွားသော ကန်ရာသီဖွား **VIRGO** များ၏ အချစ်ဘဝသည် ဆွတ်ပျံ့ဖွယ်ကောင်းလှပေသည်။ ရွှေပုံပေါ်စံလျက် ခြွေရံ သင်းပင်းများအကြား အထီးကျန် အသည်းကွဲဒဏ် ခံစား နေကြရသောသူ အများစုသည် ကန်ရာသီဖွားများ ဖြစ်သည်။

*အချစ်ကို ယုံကြည်မည်။ ဝိုင်းဝိုင်းလည်နေသော သူများ အကြားမှ အချစ်ဆုံးသူကို ရွေးရမည်။ အချစ်ခရီးလမ်း သည် အလွန်လှပမည်။ ချစ်သူ၏စကား ချစ်သူ၏ ကတိ၊ ချစ်သူ၏ မိမိအပေါ် ထားရှိသော ယုံကြည်မှုများသည် အနှိုင်းမဲ့ဖြစ်မည်။ တစ်ပါးသူများက မိမိကို အချစ် ကံကောင်းသလောက်ဟု ပြောကြမည်။ မိမိကို အားကျ လိမ့်မည်။ စိတ်ထင်ခံရသော အတွေ့ဝေပေးဟု အသိအမှတ်ပြု လိမ့်မည်။*

မိမိကလည်း ချစ်သူလိုအင်မှန်သမျှ ဖြည့်စွမ်းပေးမည်။ အတိတ်ဘဝမှ မိတ်ဆွေများ၊ အသိုင်းအဝိုင်းများ၊ မိမိအား အလွန်မြတ်နိုးသော ချစ်သူများ . . . အားလုံး၊ အားလုံးကို စွန့်ပစ်၊ မေ့ပစ်၍ သူနှင့်မိမိ တစ်ဘဝတည်ဆောက်မည်။ သူ ခေါ်ဆောင်ရာ ဝန်းကျင်၊ သူ့ဘဝ၊ သူ့အသိုင်းအဝိုင်းသို့ ဝင်ရောက်မည်။ အရာရာပေးအပ်၍ ဘဝ ပုံအပ်မည်။ အလွန်ပျော်ရွှင်မည်။ ချစ်သူက တည်ဆောက်ပေးသောဘဝသည် အရာရာလိုအင်ဆန္ဒမှန်သမျှ ပြီးပြည့်စုံလိမ့်မည်။

*ထို့နောက် ကိုဇော်ဆရာသည် အချစ်ဘဝတစ်ခုလုံးကို ဖျက်ဆီးလိမ့်မည်။ ချစ်သူက အချစ်သစ်ရှာလိမ့်မည်။ အပြစ်တစ်စုံတစ်ရာမှ မရှိသော၊ ပြောစရာ ဆိုစရာ တစ်လုံးတစ်ပါဒမျှမရှိသော မိမိအား အလွမ်းပွဲ ဥပေက္ခာပြုပစ်ခွာစွန့်ပစ်ပေသည်။*

ဂုဏ်၊ စည်းစိမ်၊ ခြွေရံတို့အားလုံး ထားပေးခဲ့လျက် အရာရာပြည့်စုံစေလျက် မိမိရင်ထဲမှ နှလုံးသားတစ်ခုကိုသာလျှင် ထုတ်ယူနင်းခြေ တစ်စစီဖွဲ့ခြွေခြင်းကို ခံစားရမည်။ ပြန်လည်စိတ်လည် လာနိုးနှင့် တစ်စစ အချစ်ဘဝသည် အိုမင်းရင့်ရော်လာပြီး အထီးကျန်ဆန်သော ဘဝကို ရောက်မည်။ အချစ်ဆိုသောအရာတွင် ဦးနှောက်တွက်ချက်မှု ပါခဲ့မိသောအမှားကို ရင်ဝယ်ပိုက်၍ အချစ်စစ်ကိုမှ မစဉ်းစား မဝေဖန်တတ်သော

ဦးနှောက်နှင့် နှလုံးသားအပေါ် အပြစ်ဖို့နေရမည်။ လူအများက သူ အချစ်ဘ၀ ကံခေလိုက်တာဟု ပြောကြလိမ့်ဦးမည်။

မည်သို့ဆိုစေ ဤရာသီဖွားများသည် အသက် (၁၈၊ ၂၀၊ ၂၃၊ ၂၅၊ ၂၇) နှစ်များတွင် အိမ်ထောင်ပြုခြင်း၊ အချစ်ရေး ဆုံးဖြတ်ခြင်း မပြုပါနှင့်။ ထိုကာလတွင် စတင်လိုက်သော အချစ်၊ အိမ်ထောင်သည် မတည်ငြိမ်၊မတည်မြဲ၊ အသက် (၂၆၊ ၂၉၊ ၃၀) နှစ်များတွင် အချစ်ဘ၀သည် အလွန် အေးချမ်းမည်။ အသက် (၃၂) နှစ်မှ (၃၇) နှစ်ကြား အချစ်ဘ၀သည် တစ်ဖန် မအေးချမ်းပေ။ သို့သော် နောက်ပိုင်းတွင် အညံ့မရှိတော့ပါ။

**နှုတ်ခမ်းပါး၍ စကားတတ်သော ပူးစာရှင်နှင့် တွေ့မည်။ သွယ်သွယ် ပါးပါးလှပ်လှပ်၊ အေးတိအေးစက်နေတတ်၍ မျက်လုံးမျက်ခုံးကောင်း သောသူ ဖြစ်မည်။**

၂

## တူ အချစ်ဘဝ

စက်တင်ဘာ (၂၃) ရက်မှ အောက်တိုဘာ (၂၂) ရက်ကြား မွေးသည့် တူရာသီဖွား LIBRA များ၏ အချစ်ဘဝသည် အကောင်းအဆိုးများ ရောထွေးနေသည်။ ချင့်ချင့်ချိန်ချိန် ပရိယာယ်များဖြင့် အပေးအယူပြုသော အချစ်ဘဝကို ပိုင်ဆိုင်မည်။ မိမိကိုယ်ကို မိမိချစ်သော အချစ်ထဲမှ အချို့တစ်ဝက်ကို တစ်ပါးသူသို့ ပေးမျှချစ်သော အချစ်ဘဝအား အချို့တစ်ဝက်ကို တစ်ပါးသူသို့ ပေးမျှချစ်သော အချစ်ဘဝအား ပိုင်ဆိုင်သည်။

*ပင်ကိုဘဝသည် အလှတရားပြီးပြည့်စုံမှု ဖြစ်ပေါ်မည်။ မိမိ၏ ပေါက်ဖွားလာသော စိတ်ကူးဉာဏ်ရည်၊ လှပမြင့်မားသော အသိုင်းအဝိုင်း၊ ချင့်ချိန်တတ်သော ဉာဏ်ရည် အလုံးစုံသည် မိမိအတွက်အနာဂတ်ကို ထက်မြက် ကြီးထွားစေမည်။ ဤဘဝ ဤမှာနက်ကို သိပါသောသည့် ပညာသည် အရာတို့ ပိုပို ပေါ်ထွန်းလာပါ။*

ဤရာသီဖွား အမျိုးသမီးများသည် ဝိုင်းဝိုင်းလည်နေသော ကမ်းလှမ်းသူများ ချစ်သူများအကြား မိမိအချစ်သည် မျက်နှာ ပန်းလှ လှပေသည်။

*"စဉ်းစားပါရစေဦး၊ အခင်အမင်လေး မပျက်စေချင်ဘူး၊ ဒီလိုလေး ဆက်ဆံရင် ကောင်းမှာပေါ့။ အချိန်တစ်ခု ရောက်ရင်တော့ စဉ်းစားတာပေါ့။"*

စသည့် စကားများဖြင့် အားလုံးသောသူများအပေါ် နှစ်သိမ့် ချွေးသိပ်၍ မြွေမသေ၊ တုတ်မကျိုး အချစ်မျိုးနှင့် ရှေ့လည်း မတိုးသာ၊ နောက်လည်း မဆုတ်သာအောင် ပရိယာယ်မာယာ နှင့် ချည်နှောင်မှုပြုလိမ့်မည်။

*တစ်စစ မိမိကြိုးရှည်ရှည်နှင့် လှန်ထားမှန်းသိ၍ နောက်တိုး ပိုးသူများ တဖြည်းဖြည်းနှင့်ပါးသွားအောင် "ငါ့အခက်ရှောင်ချင်ရဲ့" ဟု သုံးသပ်မိကာ အလျှော့သင့်သလို မိရှာအဆင်ချပြရာကို "အကောင်းဆုံးမဟုတ်လည်းကတော အကောင်းဆုံးနီးပါးတော့ ရှိလေရဲ့" ဟု ကျေချက် ချိန်ဆပြီး ဘဝရှေ့ဆက်ရလိမ့်မည်။*

ဤရာသီဖွား အမျိုးသားများတွင်မူ မိမိစိတ်ကြိုက် တစ်ပါးသူ အမြင်နှင့် မတူသော ရှုထောင့်မှ ရွေးမည်။ ရွေးချယ်လိုက်သော ချစ်သူသည် မိမိဝန်းကျင်နှင့် အံဝင်ခွင်ကျမဖြစ်၊ အရွေးမှား သည်ဟု ဝိုင်းဝန်းဝေဖန်ကြလိမ့်မည်။ မိမိလက်တွင်း ရောက်

လာမှ အလွန်ထက်မြက်မည်။ အခိုက်မသင့်က သူမသည် မိမိကို အသည်းခွဲလိမ့်မည်။

*အချုပ်ဆိုရမယ် ဤရာသီဖွားများ၏ အချစ်ဘဝသည် ဦးနှောက် အတော်ကြိုက်အမြင်ထွက်ပေါ်ပြီး၊ ခိုင်သာမှု ဝေဒနာမှု ပျူငှာမှုနှင့်၍ ရသောဟု လိုသောနေ ပြည့်မှုများကြောင့် အသက် (၂၀၊ ၂၂၊ ၂၈) နှစ်များတွင် အချစ်သုံးကြိမ်ပြတ်တတ် များတတ်သည်။ ထိုကာလသုံးခုမှတစ်ပါး အခြားကာလ များတွင် သုံးကြိမ်ပြတ်ပါက အချစ်ဘဝ ချောလိမ့်မည်။*

**ပညာတတ်၊ ဉာဏ်ကြီး၊ စကားပြောကောင်း၊ အကြွားအဝါကောင်း ဟန်ကောင်းပြီး မျက်နှာလေးထောင့် နှာတံပေါ်၍ မျက်ရစ်မပါသော (သို့မဟုတ်) မျက်လုံးမှေး၍ အမြဲပြုံးနေသောသူနှင့် ပူးစာဆုံမည်။**

# ပြိစ္ဆာ အချစ်ဘဝ

အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၁) ရက် ကြားမွေးသော ပြိစ္ဆာရာသီဖွား SCORPIO များ၏ အချစ်ဘဝသည် မိမိကို ခွင့်မလွှတ်နိုင်သူများ၊ မိမိက အသည်းခွဲ၍ ကြေကွဲသူများ ဝိုင်းဝိုင်းလည်နေသော ဘဝပင်ဖြစ်သည်။ တစ်ပါးသူမဆိုထားနှင့် မိမိကိုယ်မိမိပင် မချစ်တတ်သော တန်ဖိုးမထားတတ်သောအချစ်ကို ပိုင်ဆိုင်သည်။ ပြုံးပြုံးလေးနှင့် ကိုယ်မဟုတ်သလို တဇွတ်ထိုးရက်စက်ခြင်း၊ အေးစက်စက်နှင့် တစ်ပါးသူ ကြေကွဲအောင်လုပ်ခြင်း၊ ပတ်ဝန်းကျင်က ပြော စကားများ၊ ဝေဖန်ခြင်းများကို လေးနက်စွာ နားထောင် နားယောင်၍ နာရီပိုင်း၊ မိနစ်ပိုင်းအတွင်း စိတ်ပြောင်းတတ်ခြင်း . . . တို့သည် ပြိစ္ဆာရာသီဖွားတို့ အချစ်ဘဝ ဇာတ်လမ်း ဇာတ်ကွက်၊ ဇာတ်ညွှန်းများပင် ဖြစ်သည်။

*မိမိက တစ်ပါးသူကို မည်မျှချစ်သည်ဟု ဆိုစေကာမူ အားလုံးက မိမိကို အချစ်ဦးပါနှင့် လူကြမ်းဟု သတ်မှတ်လိမ့်မည်။ ဘယ်သူမတွေ့ ဘာပဲမပြောစေ ကိုယ့်ဘက် ချမ်းသာမည်။ ကိုယ်မှန်မည်ဟု ယူဆပါက ကိုယ့်ဘဝနှင့် လိုက်ညီမည့်သူအပေါ် ချစ်ရန် ဝန်မလေး။*

ချစ်သူရှိပါက သည်းသည်းလှုပ်လှုပ် ချစ်မည်။ ချစ်သူထက် ပိုသာသောသူ ပေါ်လာပါက . . .

*“ချစ်သူ့ဘက်ပါ ဘဝချစ်ခြင်းတွေနဲ့ ဒီလိုဆုံရတော့ ဘဝ စိတ်မကူးပါဘူး ဒါပေမယ့် . . ဒါပေမယ့် . . ဒါပေမယ့်*

ဟူသောစကားများကို နောက်ဆုံးပြောပြီး ချစ်သူသစ်နောက် တကောက်ကောက်၊ ထိုချစ်သူသစ်ထံမှ နောက်ချစ်သူထံသို့လည်းပြောင်း၊ အချစ်ဘဝသည် အပြောင်းအလဲများလှပေသည်။ မည်မျှချစ်သူများစေကာမူ နောက်ဆုံးအိမ်ထောင်ပြုလိုက်သူမှာ အထူးကောင်းသည်။ အသည်းနှလုံးသည် မည်မျှအပြောင်းအလဲများစေကာမူ ဦးနှောက်သည် တစ်သမတ်တည်း၊ ချစ်တိုင်း ယူစရာမလို၊ ညားစရာမလို ကိုယ့်အတွက်၊ ငွေအတွက်၊ ဘဝအတွက် တစ်စုံတစ်ရာ အတိုင်းအတာအထိ ပံ့ပိုးပေးနိုင်သော အချစ်ငတ်သူသည်သာ မိမိ၏ ချစ်သူဖြစ်ရမည်ဟု ယူဆတတ်သည်။ ထိုချစ်သူထံသို့ အလွန်ပြင်းထန်သော အချစ် အဆိပ်များ ထိုးသွင်း၍ ကကြိုးရုပ်သဖွယ်

ကိုင်တွယ်ကာ မော့မော့လေး ပြုံးပြုံးလေးဘဝတွင် ထာဝရနေသွားမည့် အချစ်ဘဝပိုင်ရှင် ဖြစ်သည်။

*ထို့ကြောင့် ဤရာသီဖွားများ၏ အချစ်ဘဝကို ဟန်ဆိုးသူဟု၍ လုံးဝ မပြောနိုင်ပေ။ ကိုယ်ကသာ အသည်းခွဲသူဖြစ်လေ့ရှိ၏။ သို့သော် လေပွေကြမ်းဖြတ်သည့်၊ ဝဲလှည့်ပတ်သည့်၊ အသက် (၁၇၊ ၁၉၊ ၂၁၊ ၂၃၊ ၃၀၊ ၃၅၊ ၃၉၊ ၄၄၊ ၄၇) နှစ်များတွင် အချစ်ဒဏ် ခံရတတ်သည်။*

**နာတာပေါ်၍ နှုတ်ခမ်းပါးသော၊ အေးချမ်းရိုးသားစွာနေတတ်သော၊ သွက်လက်သော၊ မျက်လုံးဝိုင်းစက်လှပသော၊ နူးညံ့သိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်သော၊ အိန္ဒြေကြီးသောသူများနှင့် ပူးစာဆုံမည်။**

❑

## ဓနု အချစ်ဘဝ

နိုဝင်ဘာလ (၂၂) ရက်မှ ဒီဇင်ဘာလ (၂၁) ရက်ကြား မွေးသော ဓနုရာသီ SAGITTARIUS များ၏ အချစ်ဘဝသည် အလွန်နားလည်ရန် ခက်လှသည်။ မိမိက အနိုင်ရပြီး မိမိကို အမြဲအရှုံးပေးမည့်သူအား ဦးနှောက်နှင့် နှလုံးသားပေါင်းစည်း၍ ချစ်သူအဖြစ် ရွေးချယ်လေ့ရှိသော အချစ်ဘဝအား ပိုင်ဆိုင်သည်။ တဇွတ်ထိုး အချစ်သမားဖြစ်သည်။ မိမိကို အလေးပေးမှုအား အလွန်လိုလားသည်။ အလွန်သဝန်တိုတတ်သည်။ ချစ်သူနှင့်တွေ့သောအခါ ပီယဝါစာ ချစ်စဖွယ် တီတီတာတာ မပြောဘဲ ရန်ဖြစ် စိတ်ကောက် မနာလို၊ သဝန်ကြောင်၊ မျက်နှာပုတ်၊ မျက်ရည်ကျ ဆူဆောင့် အနိုင်ယူပြပြီး ချော့မော့ခံရန် စောင့်နေသောသူဖြစ်မည်။ ကြာလာသောအခါ မိမိချစ်သူက မိမိအား တွေ့ရ စကားပြောရမှာကိုပင် စိုးရိမ်လာလိမ့်မည်။

*ယစ်သောက်သောက်ကို စိတ်မနိုးရ၊ စိတ်မကောက်ရ၊ ရန်မဖြစ်ရ၊ အနိုင်မကျင့်ရသျှင် စားမဝင်၊ အိပ်မပျော်တတ်သော မိမိသဘာဝသည် မိမိအသည်းနှလုံးအား ယက်ယက်ကွဲစေ၍၊ ဖြူစင်ဖောင်းဖြိုးခြင်း ရှိသော်လွန် ဒေါသကြီးပြီး၊ စိတ်ဒေါသကြီးတတ်သူကို မည်သူက ဘဝအဖော်အဖြစ်ဆက်ဆံလိုမည်နည်း။ ထိုအရာများကို ပြင်မှသာလျှင် အချစ်ဘဝ အိမ်ထောင်သည်ဘဝမှာ ပျော်ရွှင်ရလိမ့်မည်။*

**မိမိသည် ချစ်သူပေါမည်။ မိမိဒဏ်မခံနိုင်သူလည်း များမည်။ လူစွမ်းကောင်းလုပ်၍ မိမိဒဏ်ခံသူလည်း ဒုက္ခရောက်လိမ့်မည်။ သို့သော် ထူးခြားသည်မှာ ဤရာသီဖွားများကို ချစ်သူများက တသသ စွဲလန်း ချစ်ကြလိမ့်မည်။ ဤရာသီဖွားများက မျက်နှာသာပေးလိုက်လျှင် အားလုံးပြုံးပျော်ကြမည်။ အဆိုးဖြစ်ခဲ့သမျှ အလုံးစုံမေ့ပျောက်သွားမည်။**

*ထို့ကြောင့် ကမ္ဘာ့အခမ်း နာမည်ကျော်ပညာရှင်များက ဤရာသီဖွားများသည် . . .*

*"အချစ်နယ်ဆိုးဖြင့် သင်ကြားပေးလိုက်သော ဇာတာ ပရိယာယ်၊ တပ်ဆင်ပေးလိုက်သော မျှော်မျက်ဝန်းအစုံ နှင့် နှလုံးသားကို ပိုင်ဆိုင်သည်။"*

*ဟု ဆိုသည်။ အချစ်ကဗျာများဟုသည်း သတ်မှတ်*

*သည်။ အချစ်ကိုသည်းစောင်း ချစ်သူကိုလည်းစောင်း အသုံးချ၍ သဝကိုယူဆောင်လိုသူဟု သတ်မှတ်မည်။ အခန့်မသင့်က ချစ်သူများမည်။ အိမ်ထောင်ဆက်များမည်။ အသားပုံကသည်း မိမိကို ချစ်မည်။ ဤအရာကို အခွင့်ကောင်းယူ၍ အမြတ်ကောင်းရရှိရန်အတွက်သတိပြုရန် ဝန်မစေလေးတော်ပေ။*

ဤအချစ်ကဝေများလည်း အသည်းကွဲနိုင်သည်။ အသက် (၁၉၊ ၂၁၊ ၂၃၊ ၂၈၊ ၃၁၊ ၃၃၊ ၃၇) နှစ်များတွင် ဖြစ်မည်။

**အသားဝင်း။ အသားဝင်၊ နှာတံပေါ်၊ ခန္ဓာကိုယ်သွယ်လျ၊ မျက်နှာသွယ်၊ မျက်ဝန်းလင်းလက်ကာ စကားပြောမြန်၍ ခေါင်းမှာ တင့်တွတ်ထိုးလုပ်တတ်သော ပုံစံရှင်နှင့် ဆုံစည်းမည်။**

□

## မကာရ အချစ်ဘဝ

ဒီဇင်ဘာဘ (၂၂) ရက်မှ ဇန်နဝါရီလ (၁၉) ရက်ကြား မွေးသော မကာရရာသီဖွား CAPRICON များသည် ပေးဆပ်ခြင်း၊ အနစ်နာခံခြင်း၊ အရာရာ စွန့်လွှတ်ခြင်းဖြင့် ပြည့်လျှမ်းနေသော အချစ်ဘဝကို ပိုင်ဆိုင်သည်။

*ယစ်ပါးသူ့ရှုမ်းပန်းနှင်းချမြင့်လိုက်သော ပန်းပွင့်ကလေးကိုမှ သနားစိတ်၊ တနာစိတ်ဖြင့် မြတ်မြတ်နိုးနိုး ပန်ဆင်တတ်သူများဟုလည်း ဆိုသည်။ အချစ် တစ်ခုတည်းနှင့် အရာရာကို ကောင်းမွေစေခဲ့ဟူသော စိတ်မျိုးဖြင့် ပေးဆပ်ဆက်ဆံတတ်သောသူ ဖြစ်သည်။ မိမိသည် အချိန်နှင့်အမျှ ကိုယ်ချစ်ရသူအပေါ် မည်သို့ကောင်းအောင် အသင်ပြုအောင် ဆက်ဆံရမည်ကို အမြဲတွေးပေါ်နေမည်။*

ချစ်ရသူပါကလည်း ချစ်သူအတွက်သာဆိုလျှင် မိမိငိုပြ၊ ရယ်ပြ အသုံးတော်ခံပြီး ချစ်သူစေသမျှ နောက်မတွန့်သောစိတ်ဖြင့် ချစ်တတ်သော ချစ်သူဖြစ်မည်။ သို့သော် မိမိက ကောင်းလွန်းသဖြင့် မကောင်းသောသူနှင့် တွေ့ရသည်ဟု ကမ္ဘာ့နက္ခတ်ပညာရှင်များကသတ်မှတ်သည်။ မိမိကိုယ်မိမိ လိုသည်ထက် နှိမ့်ချလွန်းခြင်းသည်လည်း မိမိ၏ အချစ်ဘ၀တွင် ဒုက္ခပေးမည့် အမှားအယွင်း ဖြစ်မည်။ ထို့အပြင် နှလုံးသားမှ ချစ်တတ်သလောက် မိမိနှုတ်ခမ်းဖျားမှ စကားမဆိုတတ်၊ အချစ်မေတ္တာကို ဖော်ကျူးမသီကုံးတတ်၊ ချစ်ပါသည်ဟု တစ်ကြိမ်တစ်ခါ ပြောပြီးလျှင် လုံလောက်သည်ဟု ထင်နေသောသူဖြစ်သည်။

*ချစ်သူသာသာယာယာ နှစ်ဦးဆုံကြမသောအခါ ချစ်သူက မိမိလုံးလောက်အောင်ဟော့ကို လှုပ်ခါ၍ အားမလိုအားမရ "ဟာဟယ်ချစ်ရဲ့လား" ဟု မေးနေသည်ကိုပင် ပြန်မဖြေရ ဟာ ရှက်ရွံ့ပြီး "ဘာအာအာ ဘာအာအာ" နှင့် နှုတ်ဆွံ့နေတတ်သူ ဖြစ်သည်ပါ၊ စကားလွှဲပစ်လိုက်မည်။ ထို့ကြောင့်လည်း အထင်လွဲခံရ၊ ချစ်သူ့စွန့်ပစ်ခြင်းခံရတတ်သည်။ ချစ်တတ်သော်လည်း ဤရာသီဖွားများသည် အသက် (၁၉၊ ၂၀၊ ၂၇၊ ၂၈၊ ၃၁) နှစ်များတွင် စိတ်ပျက်ဖွယ်သောပွဲများ အသည်းကွဲ ဝေဒနာများကို ခါးသီးစွာ ခံစားရမည်။*

အချစ်ဦးသူနှင့် ဆုံစည်းရကိန်း အလွန်နည်းသည်။ ဤရာသီဖွား

များသည် ဘာသာ၊ လူမျိုး၊ ဓလေ့၊ မတူသူများနှင့် မေတ္တာမျှ အကြောင်းပါလျှင် အလွန်စိတ်ချမ်းမြေ့စရာများနှင့် ကြုံရမည်။

*ဤကျောသိမှုများသည် သူတို့အားရှိသည့် ကြီးမြတ်သော နှလုံးသား မေတ္တာတော်ကြောင့် အိမ်ထောင်ရေးတွင် အလွန် ပင်ကောင်းမွန်ပြီ၊ ဘေ့အိုမိုးသော ရှုမိုးမိုးသော သူမူးနှင့် လားလားမျှမရှိ မိမိသဘာဝ၊ စိတ်ဓာတ်နှင့် ကိုက်ညီ သောသူနှင့် အိမ်ထောင်ပြုရမည်။ ဤကား အချစ်နှင့် ဘုရား၏ ချစ်ဖွယ်ညွှန်းသော ပိုပိုအားပေးသည့် အချစ်ဆုံးသော ဘဝပင် ဖြစ်သည်။*

**အေးချမ်းရိုးသား၍ မေးရိုး ပါးရိုးမြင့်သော၊ အသားလတ်ပြီး ဆံပင်ဖြောင့်ကာ သွက်လက်သော အမူအရာရှိသူနှင့် ဖူးစာဆုံမည်။**

၂

## ကုမ် အချစ်ဘဝ

ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်ကြား မွေးသော ကုမ်ရာသီဖွား AQUARIUS များ၏ အချစ်ဘဝသည် ပျော်ရွှင်စရာများ၊ လွမ်းမောစရာများ၊ မမျှော်လင့်သော ဖြစ်ရပ်များ၊ တစ်ဆစ်ချိုးအပြောင်းအလဲများနှင့် ပြည့်နှက်နေသည်။ ဘဝဇာတ်ခုံပေါ်တွင် အလွမ်းသမား၊ အဆွေးသမားနေရာမှ ကပြတင်ဆက်ရန် လူ့ဘဝသို့ပ ရောက်ရှိ မွေးဖွားလာသည်ဟု ကမ္ဘာ့နက္ခတ်ပညာရှင်များက တညီတညွတ်တည်း သတ်မှတ်ထားသည်။

*အလွန်ဖျတ်လတ်သည်၊ အလွန် ချစ်ပေါက်ဖွယ်ကောင်း
သောသူနှင့် ဖွံ့ဖြိုးဘဝပေါ် နေရာပေးတည်။ ပတ်ဝန်းတွေ့ဘဝ
ပေါ် စိတ်ကူးယဉ်ဘက်သို့ လှောပေးသွားရင်း အချစ်
ဘဝပေါ်အကြောင်းပေါ်တွင် သတ်တွေ့ဘဝ ဝေးပေးပင်၏
နှိုက်ပေါ်မှုကြောင့် ဖွဲ့သူနှင့် တွေ့ကြုံရပေးသည်။*

အလွန်သစ္စာကြီးသည်။ ငယ်ကအချစ် အနှစ်တစ်ရာ မမေ့သာ ဟူသော ဆိုရိုးစကားသည် ဤရာသီဖွားများအတွက် ဖြစ်သည်။ သို့သော် ချစ်သူနှင့် ကွေကွင်းရခြင်းသည် ဖြစ်ခဲသော အနေအထားဖြစ်သည်။ ဖြစ်ပေါ်လာကလည်း မိမိဘက်မှ အမှားအယွင်း တစ်စုံတစ်ရာ မရှိ။ ကံစီမံ၍သာ ဖြစ်မည်။ အခန့်မသင့် အသည်းခွဲခံလိုက်ရပါကလည်း ချစ်သူအပေါ် အပြစ်မမြင် နားလည်ခွင့်လွှတ်တတ်သောသူ ဖြစ်၏။ ဤရာသီဖွားများ၏ အချစ်ဘဝတွင် အသက် (၁၆၊ ၁၇၊ ၁၉၊ ၂၁၊ ၂၅၊ ၂၆၊ ၃၁) နှစ်များ၌ အဆိုးအညံ့များ မမျှော်လင့်ဘဲ ခံစားရမည်။

*အသက် (၁၈၊ ၂၂၊ ၂၅၊ ၂၄၊ ၂၈၊ ၂၉) နှစ်များတွင် ငွေကြေးရေး အချစ်ရေးဘဝ၌ မချောမွေ့မှုများရှိမည်။ သို့သော် ဤရာသီဖွားအများစုသည် အသက် (၂၅) နှစ်မပြည့်မီ အလယ်ဝေသားခံ၊ အနိမ့်ခံရပြီး မိမိကို အရှည့်အဝေးသွားပန်းသူ၊ ပေါ်ပေါ်ကသာ လက်ဝယ်ကြာ ပြောင်း သောသူသူ၏ ချစ်သူပတ်ဝန်းကျင်မှ ဖောက်ချက်ချခြင်း ခံရမည်။ မခံချင်စိတ်နှင့် ကြိုးစားရင်း ဘဝမြင့်မားလာ သောအခါ ချစ်သူက မိမိကို စိတ်ပြောင်းလဲသွားခြင်း ကြုံမည်။ ဟာလာအတန်ကြာ သွေ့ပေးရင်း အချစ်မရှိ သော ဘဝကို အတည်တကျ ဖြတ်သန်းရမည်။ ယပ်ချစ်ရ မည့်ကိုယ် စိုးရွံ့နေမည်။*

ဘဝတိုးတက်မှုကိုသာ ဦးတည်၍ တစ်စစမြင့်မားလာမည်။ သစ်လွင်တောက်ပနေသော မိမိဘဝအတွင်း စစ်မှန်သောဖူးစာရှင်ကိုကံဇာတ်ဆရာကတွဲဖက်ရန် ဖန်တီးလိမ့်မည်။ ငတ်မွတ်နေသောအချစ်အား ပေးစွမ်းခြင်းဖြင့် ခြောက်သွေ့နေသော မိမိဘဝကိုပြန်လည်စိုပြည်ရှင်သန်အောင် ပြုစုသူနှင့်တွေ့ပြီးဘဝအေးချမ်းသွားမည်။ တရွေ့ရွေ့ဖြင့်ရှေ့သို့ မရဲတရဲနှင့်အချစ်ဘဝ၏ ကောင်းခြင်းသို့ တစ်စစရောက်ရှိမည်။

**ကိုယ်လုံးကိုယ်ဖန် လှပတင့်တယ်၍ မျက်ဝန်းအလွန်လှပပြီးမျက်လုံးမျက်ခုံးကောင်းသော ဆံပင်ဖြောင့်ဖြောင့် ပါးပါး၊ နပူးကျယ်ပြန့်၍ အလွန်အေးချမ်းချိုသာစွာ ပြောတတ် နေတတ်သောသူနှင့် ဖူးစာဆုံမည်။**

□

# မိန် အချစ်ဘဝ

ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်ကြား မွေးသော မိန်ရာသီဖွား PISCES များ၏ အချစ်ရေး ဘဝလမ်းကြောင်းသည် မချောမွေ့ပါ။ ကမ္ဘာပေါ်တွင် အချစ်တတ်ဆုံးသော လူသားများဘွဲ့ခံယူထားသော မိန်ရာသီဖွားများသည် ချစ်လွန်း၍ အချစ်မွန်းရတတ်သည်။ မိမိကောင်းခြင်းအပေါ် အခွင့်ကောင်းယူသူများကို တွေ့တတ်သော အနေအထားကြုံမည်။

*အချစ်ကို ဦးစားပေးတတ်သော သဘာဝ ရှိသည်။ အချစ်လမ်းကြောင်း၏ အသက် (၁၅၊ ၁၇၊ ၁၉၊ ၂၁၊ ၂၈) နှစ်များတွင် ပဲခွာမှုပါ။ ထိုကာလများတွင် အဆင်ချောမွေ့နေသော အချစ်လမ်းပေါ်၌ ခုန်းသော မိတ်ကျုံးဖြင့် ယှဉ်ကျွတ်ထားသော အဆိုးများ ဝင်ရောက်လာပြီး ချစ်သူနှင့် ပြောကွဲရတတ်သည်။ အသက် (၂၈) နှစ်ကျော်မှ ယင်းစ ပြဿနာရေးလမ်းကြောင်းသည် ချောမွေ့သွားမည်။*

မိမိအချစ်ဘဝလမ်းကြောင်းတွင် အရှက်အကြောက်ကြီးခြင်း၊ မပွင့်လင်းခြင်းများကြောင့် ချစ်ရေးမဆိုဝံ့ဖြစ်ခြင်း၊ ဖွင့်မပြောဝံ့ခြင်း၊ ရှက်တတ်၍ ရည်းစားစကား မပြောဝံ့ခြင်းများကြောင့် လက်သွက်သောသူနောက် မိမိရည်မှန်းသူ ပါသွားတတ်ခြင်းသည် ဤရာသီဖွားလူငယ်များအဖို့ မဆန်းသော ဖြစ်ရပ်တစ်ခု ဖြစ်သည်။

*ဤရာသီဖွား အမျိုးသမီးများသည်လည်း မအေးချမ်းစွာ မနေတတ်သဖြင့် သူတစ်ပါးက မိမိအား သဘောကျလျှင် ယသား ချစ်စကားပြောပြ၍ ချစ်ကြောင်း မေတ္တာသိသော ပါလျှင် မိမိက သဘောကျမယ်သည်။ အချစ်ခံရန် အလွန်ရှက်သဖြင့် မလိုလားအပ်သော မနှောင့်မနှေးခြင်း ဒေါသကြောင်းများ ဖြစ်တတ်သည်။*

အစ အလွန်နှေးသော်လည်း ပွင့်ပွင့်လင်းလင်း ချစ်ကြသောအခါ တွင် အလွန်လေးနက်စွာ ချစ်တတ်ပြီး ချစ်သူအတွက် အမြဲ အဖော်မွန်သဖွယ် လိုရာအကြံပေးပြီး ဘဝအထောက်အကူပြု တတ်သည်။

*မေတ္တာနေရာယှဉ် အဖိုအမရှိရ ခက်သောပေါင်းအောင် လမ်းနှစ်သွယ်ကြား လျှောက်တတ်သည်။ ဤရာသီဖွား အများစုသည် ဖြည့်ပါ၊ ချစ်ခြင်းမဖြစ်ခြင်း အချစ်များချစ်ခြင်း၊ ကာလနည်း ချစ်ခြင်းများကြောင့် လူမျိုး*

ဖနလှ မဟုသူများနှင့် အကြောင်းပါမည်၊ သို့လည်း ပဟုဇ်ကာလည်း ချစ်သူနှင့် ဖကြာသလော ခွဲနေရသော နေသာ အချစ်ဘဝကို ပိုင်ဆိုင်မည်။ အချစ်ဘဝလမ်း ကြောင်းတွင် အမြိုင် အဝေနှောင့်အယှက်များထောက်သည်။ ချစ်သူနှင့်ပေါင်းရန် နောက်ဆုံးအချိန်တွင် ဘယ်ပါယ အမြိုင်လှ အမြဲ့ဝင်သောလယ်ဖေသာအမေနှင့်အပေါ်ကြုံမည်။ **ဆံပင်ထူပွပွ၊ ခန္ဓာကိုယ်သွယ်လျှ၍ မျက်ဝန်းအလွန်လှသော စကားပြောလျှင် ပါးစပ်ကို ပိတ်၍ပြောသော၊ သွားစွယ်၊ သွားတက်ရှိ၍ ပင်ကိုအေးချမ်းပြီး ဉာဏ်ပညာရှိသော သူနှင့် ပူးစာဆုံမည်။**

၂

# အချစ် နှင့် အချစ်

အချစ်သည် အချစ်ကို ရှာဖွေသည်။ တွေ့ရှိသည်။ ချစ်ကြသည်။ နှလုံးသားချင်း ထိတွေ့ကြသည်။ မေတ္တာမျှကြသည်။ တစ်ဦးနှင့် တစ်ဦး အပြန်အလှန် နားလည်ရန် ကြိုးစားကြသည်။

အချစ်တစ်ခုနှင့်တစ်ခု ပေါင်းစည်းသောအကျိုးဆက်ကို နက္ခတ်ရာသီခွင်ဖြင့် ပေါင်းစည်းမှုပုံစံနှင့် လေ့လာသောအခါ လက်တွေ့အသုံးချ ပညာရပ်အတွက် ထူးခြားတိုက်ဆိုင်၍ မှန်ကန်ကြောင်း တွေ့ရှိရသည်။

ပေါင်းကူး ဆက်ဆံမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်ငါးမျိုးသာ ရှိပါသည်။ ထိုအကျိုးဆက်ငါးမျိုး ဖြစ်ပေါ်မှုကို ရာသီတစ်ခုစီအလိုက် တင်ပြအပ်ပါသည်။

*ချစ်သူရှာဖွေနေသည်လား . . .*

*နွေးထွေးသောသူ၏ အငွေ့အငွေ့ သိလိုပါသလား . . .*

*အိမ်မထောင်ဘက် ရွေးလိုပါသလား . . .*

*ရှေးဟောင်းသော အိမ်ထောင်ဘက်နှင့် ပိုပိုအငွေ့အငွေ့ သိလိုပါသလား . . .*

*သူနှင့်သူမ ပေါင်းစည်းမှုအကျိုးဆက် သိလိုပါသလား . . .*

## မိဿရာသီဖွားများအတွက်




မိဿရာသီဖွားများသည် မိဿရာသီဖွားနှင့် ပေါင်းစည်းက (A)အကျိုးဆက်ဖြစ်မည်။ ကရကဋ်ရာသီဖွား၊ မကာရရာသီဖွားတစ်ခုခုနှင့် ပေါင်းစည်းက (B) အကျိုးဆက်ဖြစ်မည်။ တူရာသီဖွားနှင့် ပေါင်းစည်းက (D) အကျိုးဆက်ဖြစ်မည်။




မေထုန်၊ ကုမ်၊ သိဟ်၊ ဓနုရာသီဖွားများနှင့် ပေါင်းစည်းက (C) အကျိုးဆက်ဖြစ်မည်။




ပြိဿ၊ ကန်၊ ဗြိစ္ဆာ၊ မိန်ရာသီဖွားများနှင့်ပေါင်းစည်းက (E) အကျိုးဆက်ဖြစ်မည်။ အကျိုးဆက်များ၏ အဟောကို နောက်တွင် ဖော်ပြထားပါသည်။

## ပြိဿရာသီဖွားများအတွက်




ပြိဿရာသီဖွားများသည် ပြိဿရာသီဖွားနှင့် ပေါင်းစည်းက (A) အကျိုးဆက်ဖြစ်မည်။ သိဟ်ရာသီဖွား၊ ကုမ်ရာသီဖွား တစ်ခုခုနှင့်ပေါင်းစည်းက (B) အကျိုးဆက်ဖြစ်မည်။ ဗြိစ္ဆာရာသီဖွားနှင့်ပေါင်းစည်းက (D) အကျိုးဆက်ဖြစ်မည်။




ကရကဋ်၊ ကန်၊ မိန်၊ မကာရရာသီဖွားများနှင့် ပေါင်းစည်းက (C) အကျိုးဆက် ဖြစ်မည်။




မေထုတ်၊ တူ၊ မိဿ၊ ဓနုရာသီဖွားများနှင့် ပေါင်းစည်းက (E) အကျိုးဆက်ဖြစ်မည်။ အကျိုးဆက်များ၏ အဟောကို နောက်တွင် ဖော်ပြထားပါသည်။

## မေထုန်ရာသီဖွားများအတွက်




မေထုန်ရာသီဖွားများသည် မေထုန်ရာသီဖွားနှင့် ပေါင်းစည်းက (A) အကျိုးဆက်ဖြစ်မည်။ ကန်ရာသီဖွား၊ မိန်ရာသီဖွားတစ်ခုခုနှင့် ပေါင်းစည်းက (B) အကျိုးဆက်ဖြစ်မည်။ ဓနုရာသီဖွားနှင့် ပေါင်းစည်းက (D) အကျိုးဆက် ဖြစ်မည်။




သိဟ်၊ တူ၊ မိဿ၊ ကုမ်ရာသီဖွားများနှင့် ပေါင်းစည်းက (C) အကျိုးဆက် ဖြစ်မည်။




ကရကဋ်၊ ဗြိစ္ဆာ၊ ပြိဿ၊ မကာရရာသီဖွားများနှင့် ပေါင်းစည်းက (E) အကျိုးဆက်ဖြစ်မည်။ အကျိုးဆက်များ၏အဟောကို နောက်တွင် ဖော်ပြထားပါသည်။

## ကရကဋ်ရာသီဖွားများအတွက်




ကရကဋ်ရာသီဖွားများသည် ကရကဋ်ရာသီဖွားနှင့် ပေါင်းစည်းက (A) အကျိုးဆက်ဖြစ်မည်။ တူရာသီဖွား၊ မိဿရာသီဖွားတစ်ခုခုနှင့် ပေါင်းစည်းက (B) အကျိုးဆက်ဖြစ်မည်။ မကာရရာသီဖွားနှင့် ပေါင်းစည်းက (D) အကျိုးဆက်ဖြစ်မည်။




ကန်၊ ဗြိစ္ဆာ၊ ပြိဿ၊ မိန်ရာသီဖွားများနှင့် ပေါင်းစည်းက (C) အကျိုးဆက်ဖြစ်မည်။




သိဟ်၊ မေထန်၊ ဓနု၊ ကုမ်ရာသီဖွားများနှင့် ပေါင်းစည်းက (E) အကျိုးဆက်ဖြစ်မည်။ အကျိုးဆက်များ၏ အဟောကို နောက်တွင် ဖော်ပြထားပါသည်။

## သိဟ်ရာသီဖွားများအတွက်




သိဟ်ရာသီဖွားများသည် သိဟ်ရာသီဖွားနှင့် ပေါင်းစည်းက (A) အကျိုးဆက် ဖြစ်မည်။ ဗြိစ္ဆာရာသီဖွား၊ ပြိဿရာသီဖွားတစ်ခုခုနှင့် ပေါင်းစည်းက (B) အကျိုးဆက် ဖြစ်မည်။ ကုမ်ရာသီဖွားနှင့် ပေါင်းစည်းက (D) အကျိုးဆက် ဖြစ်မည်။




တူ၊ ဓနု၊ မေထုန်၊ မိဿရာသီဖွားများနှင့် ပေါင်းစည်းက (C) အကျိုးဆက်ဖြစ်မည်။




ကန်၊ ကရကဋ်၊ မကာရ မိန်ရာသီဖွားများနှင့် ပေါင်းစည်းက (E) အကျိုးဆက် ဖြစ်မည်။ အကျိုးဆက်များ၏ အဟောကို နောက်တွင် ဖော်ပြထားပါသည်။

## ကန်ရာသီဖွားများအတွက်




ကန်ရာသီဖွားများသည် ကန်ရာသီဖွားနှင့် ပေါင်းစည်းက (A) အကျိုးဆက်ဖြစ်မည်။ ဓနုရာသီဖွား၊ မေထုန်ရာသီဖွား တစ်ခုခုနှင့် ပေါင်းစည်းက (B) အကျိုးဆက် ဖြစ်မည်။ မိန်ရာသီဖွားနှင့် ပေါင်းစည်းက (D) အကျိုးဆက် ဖြစ်မည်။




ပြိစ္ဆာ၊ မကာရ၊ ကရကဋ်၊ ပြိဿရာသီဖွားများနှင့် ပေါင်းစည်းက (C) အကျိုးဆက် ဖြစ်မည်။




တူ၊ သိဟ်၊ ကုမ်၊ မိဿရာသီဖွားများနှင့် ပေါင်းစည်းက (E) အကျိုးဆက် ဖြစ်မည်။ အကျိုးဆက်များ၏ အဟောကို နောက်တွင် ဖော်ပြထားပါသည်။

# တူရာသီဖွားများအတွက်




အကျိုးဆက် ဖြစ်မည်။ မကာရရာသီဖွား၊ ကရကဋ်ရာသီဖွား တစ်ခုခုနှင့် ပေါင်းစည်းက (B) အကျိုးဆက်ဖြစ်မည်။ မိဿ ရာသီဖွားနှင့် ပေါင်းစည်းက (D) အကျိုးဆက်ဖြစ်မည်။




ဓနု၊ ကုမ်၊ သိဟ်၊ မေထုန်ရာသီဖွားများနှင့် ပေါင်းစည်းက (C) အကျိုးဆက် ဖြစ်မည်။




ဗြိစ္ဆာ၊ မိန်၊ ကန်၊ ပြိဿရာသီဖွားများနှင့် ပေါင်းစည်းက (E) အကျိုးဆက်ဖြစ်မည်။ အကျိုးဆက်များ၏ အဟောကို နောက်တွင် ဖော်ပြထားပါသည်။

# ဗြိစ္ဆာရာသီများအတွက်




ဗြိစ္ဆာရာသီဖွားများသည် ဗြိစ္ဆာရာသီဖွားနှင့် ပေါင်းစည်းက (A) အကျိုးဆက် ဖြစ်မည်။ ကုမ်ရာသီဖွား၊ သိဟ်ရာသီဖွားတစ်ခုခုနှင့် ပေါင်းစည်းက (B) အကျိုးဆက် ဖြစ်မည်။ ပြိဿရာသီဖွားနှင့် ပေါင်းစည်းက (D) အကျိုးဆက် ဖြစ်မည်။




မကာရ၊ မိန်၊ ကန်၊ ကရကဋ်ရာသီဖွားများနှင့် ပေါင်းစည်းက (C) အကျိုးဆက် ဖြစ်မည်။




မနု၊ မိဿ၊ တူ၊ မေထုန်ရာသီဖွားများနှင့် ပေါင်းစည်းက (E) အကျိုးဆက် ဖြစ်မည်။ အကျိုးဆက်များ၏ အဟောကို နောက်တွင် ဖော်ပြထားပါသည်။

## ဓနုရာသီဖွားများအတွက်




ဓနုရာသီဖွားများသည် ဓနုရာသီဖွားနှင့် ပေါင်းစည်းက (A) အကျိုးဆက်ဖြစ်မည်။ မိန်ရာသီဖွား၊ ကန်ရာသီဖွားတစ်ခုခုနှင့် ပေါင်းစည်းက (B) အကျိုးဆက် ဖြစ်မည်။ မေထုန်ရာသီဖွားနှင့် ပေါင်းစည်းက (D) အကျိုးဆက် ဖြစ်မည်။




ကုမ်၊ မိဿ၊ တူ၊ သိဟ်ရာသီဖွားများနှင့် ပေါင်းစည်းက (C) အကျိုးဆက် ဖြစ်မည်။




မကာရ၊ ပြိဿ၊ ဗြိစ္ဆာ၊ ကရကဋ်ရာသီဖွားများနှင့် ပေါင်းစည်းက (E) အကျိုးဆက် ဖြစ်မည်။ အကျိုးဆက်များ၏ အဟောကို နောက်တွင် ဖော်ပြထားပါသည်။

## မကာရရာသီဖွားများအတွက်




မကာရရာသီဖွားများသည် မကာရရာသီဖွားနှင့် ပေါင်းစည်းက (A) အကျိုးဆက် ဖြစ်မည်။ မိဿရာသီဖွား၊ တူရာသီဖွားတစ်ခုခုနှင့် ပေါင်းစည်းက (B) အကျိုးဆက် ဖြစ်မည်။ ကရကဋ်ရာသီဖွားနှင့် ပေါင်းစည်းက (D) အကျိုးဆက် ဖြစ်မည်။




မိန်၊ ပြိဿ၊ ဗြိစ္ဆာ၊ ကန်ရာသီဖွားများနှင့် ပေါင်းစည်းက (C) အကျိုးဆက် ဖြစ်မည်။




ကုမ်၊ မေထုန်၊ ဓနု၊ သိဟ်ရာသီဖွားများနှင့် ပေါင်းစည်းက (E) အကျိုးဆက် ဖြစ်မည်။ အကျိုးဆက်များ၏ အဟောကို နောက်တွင် ဖော်ပြထားပါသည်။

# ကုမ်ရာသီဖွားများအတွက်




ကုမ်ရာသီဖွားများသည် ကုမ်ရာသီဖွားနှင့် ပေါင်းစည်းက (A) အကျိုးဆက် ဖြစ်မည်။ ပြိဿရာသီဖွား၊ ဗြိစ္ဆာရာသီဖွားတစ်ခုခုနှင့် ပေါင်းစည်းက (B) အကျိုးဆက် ဖြစ်သည်။ သိဟ်ရာသီဖွားနှင့် ပေါင်းစည်းက (D) အကျိုးဆက် ဖြစ်မည်။




မိဿ၊ မေထုန်၊ တူ၊ ဓနုရာသီဖွားများနှင့် ပေါင်းစည်းက (C) အကျိုးဆက်ဖြစ်မည်။




မိန်၊ ကရကဋ်၊ မကာရ၊ ကန်ရာသီဖွားများနှင့် ပေါင်းစည်းက (E) အကျိုးဆက် ဖြစ်မည်။ အကျိုးဆက်များ၏အဟောကို နောက်တွင် ဖော်ပြထားပါသည်။

## မိန်ရာသီဖွားများအတွက်




မိန်ရာသီဖွားများသည် မိန်ရာသီဖွားနှင့် ပေါင်းစည်းက (A) အကျိုးဆက်ဖြစ်မည်။ မေထုန်ရာသီဖွား၊ ဓနုရာသီဖွား တစ်ခုခုနှင့် ပေါင်းစည်းက (B) အကျိုးဆက် ဖြစ်မည်။ ကန်ရာသီဖွားနှင့် ပေါင်းစည်းက (D) အကျိုးဆက် ဖြစ်မည်။




ပြိဿ၊ ကရကဋ်၊ မကာရ၊ ဗြိစ္ဆာရာသီဖွားများနှင့် ပေါင်းစည်းက (C) အကျိုးဆက် ဖြစ်မည်။




မိဿ၊ သိဟ်၊ ကုမ်၊ တူရာသီဖွားများနှင့် ပေါင်းစည်းက (E) အကျိုးဆက် ဖြစ်မည်။ အကျိုးဆက်များ၏ အဟောကို နောက်တွင် ဖော်ပြထားပါသည်။

## အကျိုးဆက် (A)

အလွန်လိုက်ဖက် တင့်တယ်သည်။ အတိတ် ဆုတောင်းကြောင့် ဘဝတွင် အဖော်မွန်ဖြစ်ရခြင်း ဖြစ်မည်။ မိမိဘဝအတွက် အထူး အေးချမ်းမှုပေးမည်။ နားလည်မှု အပြည့်ရှိမည်။ အဆွေခင်ပွန်းနှင့်တူသော မိတ်ဖက်ဖြစ်မည်။ ကံတူ အကျိုးပေး ဖြစ်သည်။ စရိုက်၊ သဘာဝ တူသည်။ ရံဖန်ရံခါ စကားခြင်း ထပ်တူတစ်ပြိုင်တည်း ပြောမိသည်အထိ ထပ်တူသည်။ ဖူးစာ နတ်မင်းက မိမိဘဝတွင် အရိပ်ကိုယ်ပွားတစ်ခု ဖန်ဆင်း ပေးထားသည့် အနေအထားရှိမည်။

*မေတ္တာနှလုံးသားကို အခြေခံသော အတွဲအဖော်ဖြစ်သည်။ ဘဝတိုးတက်မှု ရှိမည်။ ဘဝဒဏ်ကို လက်တွဲ၍ ကြံ့ကြံ့ခံနိုင်မည်။ ဤတွဲဖက်မှုမှာ မိတ်ဆွေအဆင့်မှ ချစ်သူအိမ်ထောင်ဘက်အဆင့်သို့ ရောက်ရှိတတ်သော အမျိုးအစားဖြစ်သည်။*

ချစ်သူဘဝတွင် မကြာခဏ စိတ်ကောက်မည်။ လုပ်ငန်းဘဝတိုးတက်မှုအတွက် အချိန်ပေးရမှုလွန်ကဲ၍ အချစ်အတွက် အချိန်မပေးနိုင်မှုအပေါ် အခြေတည်၍ ပဋိပက္ခ ဖြစ်တတ်သည်။

*တစ်ဦးနှင့်တစ်ဦး တစ်သားတည်း၊ တစ်သပ်တည်း ချစ်ကြသော်လည်း မကြာခဏ ငြင်းခုံကြမည်။ သဝန်တိုခြင်းမှ အသေးအဖွဲကိစ္စလေးများကြောင့် ပဋိပက္ခဖြစ်တတ်သည်။ အပေါင်းအသင်း၊ ဆွေမျိုးသား၊ မိတ်ဆွေများအပေါ် အာရုံ ပုံစား အချိန်ပေးတတ်မှုကြောင့် မကြာခဏ ရန်ဖြစ်မည်။*

ချစ်သူအဖြစ် နှစ်ဦးလက်တွဲစဉ် မည်မျှခက်ခဲမှုများရှိစေ ချစ်သက်ရှည်ကြာသည်နှင့်အမျှ အိမ်ထောင်ရက်သားကျသည်အထိ ဖြစ်မည်။ နှစ်ဦးစလုံးသည် ချစ်သူများရှိခဲ့ဖူးမည်။ သို့သော် ယခုတွေ့ဆုံပြီးနောက် ချစ်သူများရန်၊ မေတ္တာလမ်းကြောင်းပြောင်းရန် မပြုလုပ်တော့ပေ။ အိမ်ထောင်ရေးတွင် လွယ်လွယ်လေးကို ခက်အောင် လုပ်တတ်သဖြင့် ဤ (A)

အုပ်စုဝင် ၈၀% သည် နှစ်ဦးသဘောတူ လက်ထက်ပြီးမှ မိဘက လက်ထပ်ပွဲ ကျင်းပပေးခြင်း ခံယူရမည်။

*အိမ်ထောင်ကျပြီး အိမ်ထောင်သက် (၅)သား (၁၀)လား (၅) နှစ်၊ (၇) နှစ်၊ (၉) နှစ်၊ (၁၀) နှစ်၊ (၁၅) နှစ်၊ (၁၇) နှစ်၊ (၁၉) နှစ်၊ (၂၀) နှစ်များတွင် အထူး စီးပွား ဟတ်ပဉ်း၊ သားဦးရှိုး ယာမ်ဖဝ စီးပွားယာတ်ပဉ်း၊ ဒုတိယကိုယ်ဝန်ရှိချိန်၌ မိသားစုတွင် မမျှော်လင့် ယားနေသေ ကံဆိုးမိုးမှောင်ဝင်မည်။ ကလေးနှစ်ပြီး ရှုပြီးနောက် ရေရှည်ပိုင်ဟာဝသာ စီးပွားပွားရှိပော အိုးအိမ်ပိုင်နှင့် ဘဝတာသျှိပြီဘွားနည်း၊*

အိမ်ထောင်ကျပါက အထူး ခိုင်မာသည်။ ဖောက်ပြန်ခြင်း ကင်းသည်။ အတိတ်ကံ ဝဋ်ကြွေးမှတစ်ပါး အခြားအနှောင့် အယှက် နှစ်ဦးကြား မကျရောက်နိုင်ပါ။

␣

# အကျိုးဆက် (B)

နတ်ဒေဝါမှ တွဲဖက်ပေးသော အတွဲဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး တွေ့ရန် ဆုံရန် အလွန်ခက်ခဲပြီး မဖြစ်နိုင်သည့် အနေအထားမှ တွေ့ဆုံ ချစ်ကျွမ်းဝင်ခြင်း ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ဘဝ၊ ဖြတ်သန်းသော ဝန်းကျင်အနေအထားများ မတူခြားနားမည်။ မမျှော်လင့်ဘဲ ရုတ်တရက် ဆုံစည်းကြပြီး နောက်တစ်ဖန် ပြန်ဆုံသောအချိန်တွင် သံယောဇဉ်တွယ်တာပြီး အတိတ်အရှေး ရေစက်ကြောင့် လက်တွဲကြရသော အနေအထားရှိမည်။

တစ်ဦးနှင့်တစ်ဦး စရိုက်၊ သဘော၊ သဘာဝချင်း
မတူညီကြသော်လည်း သဘောထား တိုက်ဆိုင်မည်။
အတွေးအခေါ် ယုံကြည်ချက်ရှုမြင်ပုံ ကွာခြားသော်လည်း
ဆုံးဖြတ်ချက် တူမည်။ ဖြတ်သန်းခဲ့သောဘဝ မတူညီ
သော်လည်း ရရှိသော ဘဝအတွေ့အကြုံ မခြားနားပေ။
အကြိုက်မတူသော်လည်း နှစ်သက်မှု ထပ်တူဖြစ်မည်။
ဦးတည်ချက်မတူသော ခရီးကြောင်းနှစ်ခု ဆုံချက်တစ်ခု
၌ ရပ်တန့်ဆုံစည်းခဲ့သော သဘာဝဖြစ်မည်။

တစ်ဦးနှင့်တစ်ဦး ရန်ဖြစ်မည်။ ကြာကြာစိတ်ကောက်၍ မရကြ။ တစ်ဦးက ပြုံးလိုက်သည်နှင့် နောက်တစ်ဦးက ရယ်မော၍

ဖြစ်ခဲ့သောရန်ကို ဖြေဖျောက်သည်။ သာယာအေးချမ်းသော အိမ်ထောင်တစ်ခုကို ဖန်တီးနိုင်မည်။ နှစ်ဦးပေါင်းပြီး ငွေကြေးကံ၊ လုပ်ငန်းစီးပွားကံ တက်မည်။

*အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ရာ သာယာပျော်ရွှင်မှု ရှိမည်။ အိမ်ထောင်ကျပြီး ထူးထူးခြားခြား စီးပွားတက်မည်။ အိမ်ထောင်သက် (၅) လ၊ (၇) လ၊ (၁၇) လ၊ (၃) နှစ်၊ (၇) နှစ်၊ (၉) နှစ်၊ (၁၂) နှစ်၊ (၁၅) နှစ်၊ (၁၉) နှစ်များတွင် စီးပွား တိုးတက်မည်။ မရည်ရွယ်နိုင်ခဲ့သော ကိုယ်ပိုင်လုပ်ငန်း အကျိုးပေးမည်။ သားကြီး၊ သမီးကြီး မွေးဖွားပြီးက ပို၍ စီးပွားတက်မည်။ လာဘ်လာဘ တိုးပွားမည်။*

သတိပေးလိုသည်မှာ နှစ်ဦးတွဲ၍ တိုးတက်ကြီးပွားသောအခါတွင် ချမ်းသာမှု လောကဓံ ခံရတတ်သည်။ မာနချင်း၊ ပညာချင်း ယှဉ်မည်။ ပညာ၊ ဂုဏ်၊ ဝန်းကျင် အသိုင်းအဝိုင်းဒဏ်ကြောင့် မလိုလားအပ်သော ပြဿနာဖြစ်တတ်သည်။ ရံဖန်ရံခါတွင် ခွင့်လွှတ်လွန်း၍ အခွင့်အရေးယူလွန်း၊ အနိုင်ယူလွန်းသော ဒဏ်ကြောင့် ပြဿနာဖြစ်မည်။

*အိမ်ထောင်သက် (၁၀) လ၊ (၂) နှစ်၊ (၃) နှစ်၊ (၈) နှစ်၊ (၁၁) နှစ်များတွင် အထူး သတိရှိရမည်။ အခြားကာလများတွင် ကြီးပွားသော အညွှန်းကိန်း ကောင်းပါလိမ့်မည်။*

# အကျိုးဆက် (C)

ငြိမ်းချမ်းတည်ငြိမ်မှုကို ပေးစွမ်းနိုင်သော အတွဲအဖက်ဖြစ်သည်။ တစ်ဦး လိုအပ်ချက် တစ်ဦး ဖြည့်စွမ်းမည်။ အပြန်အလှန် အထောက်အကူပြုကြလိမ့်မည်။ သဘောထား၊ သဘာဝချင်း တူညီမည်။

*နှီးထင်မှုမှတစ်ဆင့် သဲ့ပေသာနှုတ်ထွယ်သောမှ ပေါ်ပေါက် မည်။ ပေဖွားနှင့် နိုးနေ့လက်ပေါ်သားမှ နှစ်ချိုးလည်းတို အဖြေ့ငံ့သောအဖွဲ့ဖြစ်သည်။ ကာလရှည်ကြာမှုနှင့်အမျှ ပြီးနောက် သာဓုသက်ပြဲမှ ရရှိမည်။*

နှစ်ဦး ဖြတ်သန်းရသောလမ်းကြောင်းသည် မချောမွေ့ပါ။ ချစ်သူလဝ ရောက်သည်နှင့်ပင် အဖျက်၊ အနှောင့်အယှက်များ ဝင်မည်။ မိဘအသိုင်းအဝိုင်းများ၏ ဝေဖန်မှု ကြုံမည်။ ဘေးလူများက အတိတ်ဇာတ်လမ်းများကို စကားတင်းသဖွယ် ပြော၍ အချစ်ပေါ့အောင် လုပ်လိမ့်မည်။

*နှစ်ဦးသည် အမြဲလိုလို သူတစ်ပါးချပြသည့် စကားများ အပေါ် ရယ်မောနေရခြင်းနှင့် အချိန်တိုင်း ပိုက်ဆံနှင့် လုပ်ငန်း ဖြစ်နေမည်။ ထို့အပြင် လှုပ်ရှားသော သဘာဝအရ မပြောခဲ့သော ပေါင်းသင်းရန် ဝယ်တစ်ကိုယ် ဖွဲ့ခန့်ရတတ်သောကြောင့် အနေအထား ဆွေမျိုးအရ ရတတ်သော အပြေအပြစ်နှင့်ကိုယ် မည်။*

မည်သို့ဆိုစေ အလွန်လိုက်ဖက်ညီသော အတွဲဖြစ်သည်။ ဓာတ်သဘာဝချင်း ထပ်တူညီသည်။ လက်တွဲပူးပေါင်းရန် အထူးကောင်းမွန်ကြောင်း ကမ္ဘာအဝှမ်း နက္ခတ်ဗေဒင်ပညာရှင် အားလုံးက သတ်မှတ်သည်။

*သား သမီးကောင်း ရမည်။ ငွေကြေးအရ ဖြစ်ထွန်းမည်။ နှစ်ဦးပေါင်းပါက ဘာသာရေးကိစ္စ၊ အလှူအတန်းကိစ္စ များ အထူးဆောင်ရွက်လုပ်ကိုင်လိုသော သဘာဝ ရှိသည်။ သာသနာ့ပြုမှုလောကမောင်နှံ့ ပူးတွဲလည်း ဆိုရိုးပြု ခံရသောအတွဲ ဖြစ်သည်။*

အိမ်ထောင်ဘက်အဖြစ် ရွေးရန် အထူးသင့်လျော်သည်။ အိမ်ထောင်ကျပြီးနောက် ပ၊ မ၊ တ၊ က၊ လ အက္ခရာနှင့် ဆုံးခြင်း စခြင်းရှိသော အရပ်ဒေသတွင် အိုးအိမ်ပိုင်နှင့် နေရမည်။ စီးပွားတက်မည်။ နေအိမ် နှစ်ခါပြောင်းပြီး ပိုပြီး စီးပွားဖြစ်မည်။

*သားဦးသခန္ဓ ရာဇ်နှ ပုကြားသဘော ဗေဒနာများရတတ်*
*နေသည်လည်း ကာမလေးမျှပြီး သောတ်လေသ တိုးပွားမည်။*
*ဒုတိယ သနေ့တကျော်ပျံ်ငွေပ်သည်း အထူးဗိုဏ်ရန်*
*ဖြစ်မည်။ စီးပွားပြီးနောက် အထူးကောင်းမည်။*
*ရေမြားမြေပြားများ အတွေ့သွား အတွေ့နေ ရတိန်းနိုင်သော*
*အလှဲဖြစ်သည်။*

လုပ်ချင်သည်ကို မလုပ်ရမှု၊ သဝန်ကြောင်မှု၊ အထင်မှား ခံရမှု စသည့် အသေးစားကိစ္စများကြောင့် စကားများရာမှ နှုတ်ကျူး ပြီး ပဋိပက္ခဖြစ်တတ်မှုမှအပ အခြားအညံ့မရှိ ကောင်းပါသည်။

၂

# အကျိုးဆက် (D)

ဗေဒင်ကိန်းခန်း အလိုအရ အလွန်ကောင်းသော မိတ်ဖက် ဖြစ်သည်။ ၇-တန့် ဘာဝဝိသမတ် အပြန်အလှန်အမြင်ရှိ၍ ဘက်ညီခြင်း၊ တစ်ဦးနှင့်တစ်ဦး ဆက်ဆံ၍ အထူးကောင်းခြင်း ရှိကြောင်း နက္ခတ်ဗေဒပညာရှင်အားလုံးက တညီတညွတ်တည်း သတ်မှတ်သည်။

*လသိုနှပ်ညီးလောက်အောင်ပင် ကောင်းသော ဖုံတွဲ ဖြစ်ပေသည်။ အလွန် အဝေးအထိ ပြုထားသည်။ တစ်ဦးအပေါ် တစ်ဦး ကြိုက်နှစ်သက်စေသည်။ ချစ်ညှာတာထွင်းသည်။ ရန်ဖြစ် မိတ်ဆွေကောင်းပါက ခံစားသာဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်နိုင် ပေးဆပ်နိုင်အောင် ဖွဲ့စည်းနိုင်သောက် ကြွယ်ဝမည်။*

အတိတ်က မည်မျှပင် အချစ်ဘဝစုံခဲ့သောသူ ဖြစ်စေကာမူ ဤပေါင်းစည်းမှု အကျိုးဆက်အောက် ရောက်ပါက လူမှန်တွေ့ပြီး တည်မြဲပြီဆိုသောကိန်း ကြုံမည်။

*သို့သော် နှစ်ဦးအကြား မကြာခဏ ပြဿနာများ ပဋိပက္ခများ ကြုံမည်။ အတ္တဟနှင့်ပြိုင်ငြင်း၊ အသေးအဖွဲ ကိစ္စသေးကိုပင် အကျယ်ချဲ့ အပြန်အလှန်ငြင်း စကားပြောပါက စကားအစပ်အဟပ်မတည့်၍ မနေ့ရှင်းတိုင်ရှင်း ထရန်ဖြစ်တတ်သောစုံတွဲ ဖြစ်သည်၊ နှစ်ဦးတွေ့ဆုံလျှင် စကားနည်းနည်းသာပြော၍ တစ်ဦးမျက်နှာတစ်ဦး ကြည့်နေ၊ ကြည့်နူးနေပါက ပို၍ အဆင်ပြေမည်ဟု သတ်မှတ်သည်။*

အိမ်ထောင်ဘက်အဖြစ်ရွေးရန် အထူးသင့်တော်ပါသည်။ မေတ္တာ၊ ခန၊ ဂုဏ် သုံးပါးစလုံး တစ်ပြိုင်နက် အကျိုးပေးမည်။ အပြန်အလှန် နားလည်သဘောပေါက်မည်။ ငွေကြေး၊ ခနတိုးပွားမည်။ စီးပွားတိုးတက်မှု မြန်ဆန်မည်။ ဘဝအောင်မြင်တိုးတက်မှု စနစ်တကျရရှိမည်။ ပျော်ရွှင်ချမ်းမြေ့မည်။

*အိမ်ထောင်ကျခြင်းနှင့် ပြည့်ဝမှုရှိ ဆက်စပ်နေသည်။ အိမ်ထောင်ဘက်နှင့်အတူ တိုင်းတစ်ပါးအထိ ရောက်နိုင်သောအနေအထားရှိမည်။ A, M, S, T, J, B အက္ခရာနှင့်စသော တိုင်းပြည်များသို့ ရောက်မည်။ သားသမီး ကံကောင်းသော ဘဝရှိသည်။*

အိမ်ထောင်ရက်သားကျပြီးနောက် အိမ်ထောင်သက် (၅) လ၊ (၁၀) လ၊ (၃) နှစ်၊ (၅) နှစ်၊ (၁၀) နှစ်များတွင် ပဋိပက္ခ ဖြစ်မည်။ ရန်ဖြစ်မည်။ နှစ်ဦးပြဿနာသည် အဓိက မဟုတ်။ ငွေကြေး ကက်တစ်လှည့် ကျတစ်ခါဖြစ်ခြင်း၊ အနေဝေး၍ ကြားလေသွေးနိုင်ခြင်းနှင့် ဘေးစကားသွေးသား အနှောင့်အယှက်များ ရှိမည်။ အခြားကာလများတွင် ကြီးမားသော အညှံ့မရှိပါ။

ပ

# အကျိုးဆက် (E)

အလွန်ထူးခြားသော တွဲဖက်စုံတွဲဖြစ်သည်။ ပေါင်းစည်းမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက် ငါးပါးအနက် ဤအမျိုးအစားသည် အထူးခြားဆုံးဖြစ်သည်။ အကောင်းဆုံးတွဲဖက်မှုဖြစ်သည်။ တစ်ဖန် အဆိုးဆုံးလည်း ဖြစ်သည်။ အလွန်အချိုးအကွေ့၊ အတက်အကျ၊ ဇာတ်ရှိန် အနိမ့်အမြင့်များ၍ ပဟေဠိဆန်လှသော အတွဲအဖက်ပုံစံ ဖြစ်သည်။ ရုပ်ရှင်၊ ဝတ္ထု၊ ဇာတ်လမ်းဇာတ်ကွက်ထက်ပင် ဆန်းကြယ်သော၊ ပျော်ရွှင်၊ ဝမ်းနည်း၊ ရင်ခုန်၊ ပူဆွေး၊ ချမ်းမြေ့၊ ရင်တထိတ်ထိတ်၊ အလုံးစုံသော ရသစုံဖြစ်ရပ်များ ဖြစ်ပေါ်မည့်စုံတွဲ ဖြစ်သည်။

*မဖြစ်နိုင်မှန်းသိလျက်နှင့်ပင် ရင်ထဲမှအချစ်ကို မျိုသိပ်နိုင်၍ ချစ်ကြမည်။ ချစ်ကြသည့် ချစ်စအချိန် ကနဦးကပင် ဆုံစည်းရန်အတွက် အမိကမ္ဘောဇတ်ထဲ စပ်မှန်ခဲ့သော ရင်ဘွင်းအနှစ်အသွေးတို့ကို အပြန်အလှန်သိစေရန် ဖွင့်ဟခြင်းဖြစ်မည်။*

ခက်ခဲသော အချစ်ဘဝကြမ်းကို ဖြတ်သန်းရမည်။ ဆုံတွေ့ချိန်များတွင်ပင် တထိတ်ထိတ်နှင့် တစ်ပါးသူ ဂုံးစကားကြောင့် မိဘများနှင့် မောင်နှမသားချင်းများ သိမည်ကို စိုးထိတ်ရမည်။ မကြာခဏ ခွဲနေရမည်။ ချစ်သက် ရှည်ကြာသော်လည်း အပြန်အလှန် ရင်းနှီးမှု နည်းမည်။ အလွန်ချစ်ကြလင့်ကစား တစ်ဦးနှင့်တစ်ဦး ခပ်စိမ်းစိမ်းဖြစ်နေမည်။

*ရန်ငြိုးရန်စ၊ ငြင်းခုံငြိုငြင်ကြခဲ့သော ဆန့်ကျင်ဘက် အဝန်းအဝိုင်းမှ သူနှစ်ဦး၏ အချစ်ပုံရိပ်ဖြစ်သည်။ ဂန္ဓဝင် အချစ်ဘဝပေမှ ရိုမီယိုနှင့် ဂျူးလီယက် လောကတွင်းဝင်း မနေရသကဲ့သို့ ရှိမည်။*

ထို့အပြင် အခက်အခဲများ ပြေလည်၍ ပွင့်လင်းစွာ နေအိမ်ဝင်ထွက်သောအချိန်တွင် ကိုယ်တိုင်တွင်လည်းကောင်း၊ မိဘတွင်လည်းကောင်း ရောဂါဝေဒနာ နာတာရှည်ကို အကြောင်းပြုကာ ဝေးရဦးမည်။ ၎င်းအပြင် ပူပင်သောကများ စိတ်အနှောင့်အယှက်များ ဝင်မည်။

*အားတင်း အားခဲ၍ ဘဝ တည်ဆောက်ဖို့ ရွှင်*
*နှစ်ဦးကြား တာဝန်ယူသူပေါ်၌ ဝေးကွာခြင်း ကြိုးမည်။*
*အလှူအကြွေးပေးလိုသည်မှာ နှစ်ဦးအိမ်ထောင်ပြုမည်*
*ဆိုနိုင်တော်ပါက အချိန်မနှောင်းလေ နှင့်ချစ်သူရှိစားသောက်*
*ကြာလေ ဝေးကွာကြရန် မှားလေဖြစ်မည်။*

တကယ်ချစ်ကြသည်ဆိုပါလျှင် အိမ်ထောင်ပြုရမည်ကို မစိုးရိမ်လင့်။ ရဲရဲ ရှိရင်းစွဲ အနေအထိုင် အကျယ်မချဲ့၊ အိမ်ထောင်ပြုလိုက်ပါ။ အိမ်ထောင်ကျပြီးနောက် အရာရာသည် အေးချမ်းသွားမည်။ အလွန် စီးပွားတက်မည်။ ဥစ္စာ တိုးပွားမည်။ စိတ်ချမ်းသာရမည်။ မိတ်ဆွေ သင်္ဂဟကောင်း ကြုံမည်။ သား၊ သမီး ကံကောင်းမည်။ ဆွေမျိုးဒဏ်မှ ကင်းဝေးအောင်နေပါက ပို၍ အဆင်ပြေမည်။

၂

# မိဿ အချစ် ယတြာ

## ပိယ

ချစ်သူက မိမိကိုချစ်မြတ်နိုးစေရန် မျက်နှာပွင့်၊ စန်းပွင့်၊ အချစ်ကံပွင့်စေရန်၊ချစ်သူက မိမိကို မျက်စိအောက်က အပျောက်မခံ အချစ်ပိုစေရန် မိမိ၏ မျက်နှာအပြည့် ပြုံးနေသော ဓာတ်ပုံကို ပလတ်စတစ်လောင်းပါ။ ထိုပုံ အပေါ်တွင် စံပယ်ပန်းပွင့်များ တင်ထားပါ။ ကျောက် စရစ်ခဲ တစ်လုံးနှင့် ဖိထားပါ။ အင်္ဂါနေ့တိုင်း ထိုဓာတ်ပုံကို ရေမွှေးပက်ဖျန်း၍ အပေါ်မှ ကျောက်စရစ်ခဲပေါ်တွင် ဖယောင်းတိုင် အနီတစ်တိုင် ထွန်းပါ။ သိသိသာသာ ထင်ထင်ရှားရှား ထူးခြားလာမည်။

## အမျက်ဖြေ

တစ်ဦးနှင့်တစ်ဦး စကားများ၊ ရန်ဖြစ်၍ အမျက်ပေါ်ခြင်း၊ ဘေးစကား သွေးသားကြောင့် ပြဿနာဖြစ်ခြင်း၊ ချစ်လျက်နှင့် ပဋိပက္ခဖြစ်ခြင်း၊ အထင်လွဲခြင်း စသည့် အလုံးစုံအတွက် အမျက်ဖြေယတြာမှာ . . .

အင်္ဂါနေ့နံနက် (၆) နာရီ (၆) မိနစ်တွင် ချစ်သူ၏ ခေါင်ပုံကို ခေါင်ဘူးထဲထည့်၍ ခေါင်ဘူးကို လုံအောင်ပိတ်ပါ။ ထို ခေါင်ဘူးကို မိမိသုံးနေကျ လက်ကိုင်ပဝါနှင့်ပတ်၍ ချည်နှောင် ပြီးနောက် ခေါင်ဘူးကိုပွေ့ပိုက်၍ အရှေ့အရပ်ကို မျက်နှာမူပြီး မျက်လုံးစုံမှိတ်ကာ ချစ်သူ၏ နာမည်ကို (၁၇) ကြိမ် နှုတ်မှ ရွတ်ဆိုလိုက်ပါ။ ထို့နောက် ခေါင်ဘူးကို စားပွဲတစ်လုံးပေါ်တွင် တင်ထားပါ။ ရက်ပိုင်းအတွင်း အရာရာ အဆင်ပြေသွားမည်။

## အချစ်မြဲစေ

နှစ်ဦး ချစ်ကြသည်။ လောကဓံကို ကြံ့ကြံ့ခံစေ၍ အချစ် ခိုင်မြဲစေရန်၊ အချစ်တည်တံ့စေရန်၊ အချစ် မပြယ်စေရန်၊ အိမ်ထောင်ရှင်များ အိမ်တွင်းရေး သာယာစေရန်၊ မိမိ ဆောင်ရွက်သင့်သည်မှာ . . .

အခါအခွင့်သင့်သော အင်္ဂါနေ့၏ နေမွန်းတည့်ချိန်တွင် အလွန် အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်၏ အမြစ်ဆုံအပေါ်၌ ချစ်သူနှင့် ဘေးချင်းယှဉ်တွဲ၍ထိုင်ကာ စတီးချိုင့်အတွင်း ထည့် ထားသော ကြာဇံကြော်ကို ကြွေဇွန်းနှင့်ခပ်၍ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ခွံ့ကျွေးပါ။

ထူးခြားစွာ အချစ်မြဲစေပါလိမ့်မည်။

ꟷ

## ပီယ အချစ် ယတြာ

### ပီယ

ချစ်သူက မိမိကို မြတ်နိုး၊ တွယ်တာ၊ အချစ်သဒ္ဒါပွားစေရန်၊ ဖြတ်သန်းရာ ဘဝလမ်းကြောင်းတွင် မုန်းသူမရှိ မိမိကို မျက်နှာမြင်ချစ်ခင်စေရန်ပီယ ယတြာမှာ. . .

မိမိအမည်ကို ငွေပြားတစ်ခုပေါ်တွင် ရေးပါ။ လပြည့်နေ့ ညအချိန် လရောင်ဆမ်းသော မြေပေါ်တွင် ငွေပြားကို ချပါ။ ထို့နောက် ရေမိုးချိုး၊ ဝတ်ကောင်းစားလှဝတ်၊ အမွှေးနံ့သာထုံဖျန်းပြီး သပြေညွန့်ကို ညာလက်နှင့်ကိုင်၍ လရောင်ထိနေသော ငွေပြားကို လက်ယာရစ် သုံးပတ်၊ လက်ဝဲရစ် သုံးပတ်ပတ်ပါ။ ထိုသို့ဆောင်ရွက်စဉ် ငွေပြားပေါ် မိမိအရိပ် မကျ

ရောက်စေရ။ ထို့နောက် သပြေခက်နှင့် ငွေပြားကို (၁၅) ချက် ရိုက်၍ ဆောင်ပါ။ သောကြာနေ့တိုင်း ယင်းငွေပြားကို ရေမွှေး ပက်ဖျန်းပေးပါ။ ပီယအဆောင်ကို ဆောင်ပြီး နောက်ပိုင်း ချစ်သူခင်သူ ဝိုင်းဝိုင်းလည်ခြင်းကို အထင်အရှားတွေ့ရမည်။

## အမျက်ဖြေ

စိတ်ကောက်၊ ရန်ဖြစ်၊ အဆင်မပြေ၊ အချစ်ပြဿနာ
အလုံးစုံ အေးချမ်းစေရန် ချစ်သူ၏အချစ် ပြန်လည်ရစေ၊
အဆင်ပြေစေရန် . . .

ချစ်သူ၏အမည်ကို ပန်းနုရောင်စာရွက် တစ်ရွက်ပေါ်တွင် ရေးပါ။ ထိုစာရွက်ပေါ်တွင် နေကြာစေ့ (၃၇) စေ့ တင်ပါ။ ထို့နောက် နေကြာစေ့တင်ထားသော စာရွက်တစ်ခုလုံးကို လင်ပန်းနှင့်မှောက်၍ ဖုံးပါ။ လင်ပန်း၏ နောက်ကျောဘက် တွင် မိမိလက်စွပ်ကို ထင်ပါ။ လက်စွပ်အလယ်တွင် ဖယောင်း တိုင် အနီတစ်တိုင် ထွန်းပါ။ သောကြာနေ့ည လထွက်ချိန် လရောင်ဝင်သော အခန်းအတွင်းလုပ်ပါ။ ယတြာဆောင်ရွက် နေစဉ် ယင်းအခန်းကို မီးမှိတ်ထားပါ။

မုန်းလောက်အောင် စိတ်ဆိုးသူပင် ပြန်ချစ်လာပါမည်။
ရက်ပိုင်းအတွင်း အရာရာ အဆင်ပြေမည်။

## အချစ်မြဲစေ

ချစ်သောအချစ် မြဲစေရန်၊ အချစ် ကြာရှည်စေရန်နှင့် အိမ်ထောင်ရှင်များတွင်လည်း သာယာပျော်ရွှင်စေရန် . . .

အခွင့်သာသော သောကြာနေ့တစ်နေ့ နေဝင်ဆည်းဆာအချိန်တွင် နေဝင်သည့်ဘက်ကို ကျောပေး၍ ရေကန်တစ်ခု နံဘေးတွင် အတူယှဉ်တွဲ၍ထိုင်ပါ။ လက်ချင်းတွဲထားပါ။ ထို့နောက် ရေကန်အတွင်း ကျောက်ခဲငါးလုံး တစ်ယောက်တစ်လှည့်စီ ပစ်ပါ။ "အမြဲချစ်ကြမယ်" ဟူ၍ ကျောက်ခဲတစ်လုံး ပစ်ချတိုင်း ရွတ်ဆိုပါ။

ထူးခြားစွာ အချစ်မြဲပါလိမ့်မည်။

၂

# မေထုန် အချစ် ယတြာ

## ပီယ

လူမြင် ချစ်ခင် မျက်နှာပွင့်လန်း၍ ချစ်သူခင်သူများစေပြီး မိမိကို စိတ်ဝင်စား ပီယဓာတ်အား ကောင်းစေရန် . . .

ပြုံးရယ် ရယ်မောနေသော မိမိဓာတ်ပုံပေါ်တွင် ကမာခွံတစ်ခုကို မှောက်၍ ဖုံးလိုက်ပါ။ ထို့နောက် ဘေးပတ်လည်တွင် စံပယ်ပန်းကုံးကို စက်ဝိုင်းပုံထား၍ ချလိုက်ပါ။ ဗုဒ္ဓဟူးနေ့ နံနက် (၆) နာရီတိတိတွင် ဆောင်ရွက်ပါ။ သုံးရက်ကြာထားပြီးနောက် ကမာခွံကိုယူ၍ ကျောဘက်ပေါ်တွင် ဖယောင်းတိုင် အနီ တစ်တိုင်စီ သုံးရက်ထွန်းပါ။ ထိုကမာခွံကို ဆောင်ပါ။

ထူးခြားစွာ မျက်နှာပွင့်၊ စန်းပွင့်သော ပီယဓာတ်ကို မလွဲမသွေ ရပေလိမ့်မည်။

## အမျက်ဖြေ

တစ်ဦးနှင့်တစ်ဦး အဆင်မပြေ၊ အကြောင်းမဲ့ ပဋိပက္ခ ဖြစ်ခြင်းမှအစ ပြဿနာနှင့် အမျက်ထွက်ခြင်း၊ ရန်ဖြစ်ခြင်း၊ ခွဲနေရခြင်း၊ ဝေးကွာနေခြင်းများ ပြန်လည် အဆင်ပြေစေရန်အတွက် . . .

မိမိနှင့် ချစ်သူ၏ဓာတ်ပုံ နှစ်ပုံကို မျက်နှာချင်းဆိုင် ပူးကပ်လိုက်ပါ။ ထို့နောက် ဓာတ်ပုံနှစ်ခုပူးကို လက်ကိုင်ပဝါ ပန်းရောင်တစ်ထည်နှင့် အုပ်ပြီးနောက် အပေါ်မှ ထမင်းစားပန်းကန်ပြားတစ်ချပ် မှောက်၍ အုပ်လိုက်ပါ။ ထိုပန်းကန်ကျောပေါ်တွင် ဖန်ခွက်တင်ပါ။ ဖန်ခွက်အတွင်း ရေခဲတုံးငယ် နှစ်တုံးထည့်ပါ။ အရည်ပျော်သောအခါ နောက်နှစ်တုံးထည့်ပါ။ အရည်ပျော်ပြန်က နောက်ရေခဲနှစ်တုံးထည့်ပါ။ ယင်းနောက် ဓာတ်ပုံနှစ်ခုကိုယူ၍ အမြင့်တစ်နေရာတွင် တင်ပါ။

အရာရာ အထင်အရှား အဆင်ပြေကိန်း ရှိပါသည်။

**အချစ်မြဲစေ**

မေတ္တာခိုင်မြဲ အမုန်းမဖက် တစ်သက်တာ ခိုင်ခိုင်မာမာ

မေတ္တာတည်တံ့စေရန် . . .

အခါအခွင့်သင့်သော ဗုဒ္ဓဟူးနေ့၏ နေမွန်းတည့်ချိန်၌ ချစ်သူနှစ်ဦးသည် အအေးဆိုင်တစ်ဆိုင်၏ ထီးအရိပ်အောက်တွင် မျက်နှာချင်းဆိုင်ထိုင်ပြီး ဖျော်ရည်အအေးသောက်ပါ။ ထို့နောက် ကြိုတင်ဝယ်ယူလာသော သော့ချိတ် (key chain) လက်ဆောင်ကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပေးလိုက်ပါ။

မေတ္တာရေး ခိုင်မြဲကြပါလိမ့်မည်။

## ကရကင့် အချစ် ယတြာ

**ပီယ**

လူချစ်၊ မျက်နှာပွင့်၊ မိမိအား မြင်တွေ့လိုက်သည်နှင့် မိမိ တစ်ချက် ပြုံးပြလိုက်သည်နှင့် တစ်ဖက်လူကို ညို့ငင် နိုင်စေရန် . . .

မိမိ၏ ဘယ်လက်ဖဝါး နှုတ်ခမ်းနီ သုတ်လိမ်းပြီး စာရွက်ဖြူ တစ်ရွက်ပေါ် ဖိတင်၍ ဘယ်လက်ဖဝါးပုံစံကို ယူပါ။ ထို လက်ဖဝါးပုံစံအလယ် စာရွက်ပေါ်တွင် သံလိုက်တုံးငယ် တစ်တုံးတင်ပါ။ ယင်း သံလိုက်တုံးပေါ်တွင် အနီရောင် ဖယောင်းတိုင်တစ်တိုင် တင်၍ မီးထွန်းပါ။ တနင်္လာနေ့ နေထွက် ချိန်တွင် ထွန်းပြီးနောက် အချိန်အနည်းငယ်ကြာလျှင် မီးငြိမ်း လိုက်ပါ။ ခြောက်ရက်ဆက်တိုက် ယင်းဖယောင်းတိုင်ကို မီးထွန်းပါ။ ပြီးနောက် လက်ဝါးပုံစံကို ရေတွင် မျှောပါ။ သံလိုက်တုံးကို ဆောင်ပါ။

မိမိညို့ငင်အား အလွန်မြင့်မား၍ စန်းပွင့် တင့်တယ် ချစ်စဖွယ်သူတစ်ဦး ဖြစ်လာမည်။

**အမျက်ဖြေ**

စိတ်တို၊ စိတ်ဆိုး၊ စိတ်ကောက်၊ ပဋိပက္ခဖြစ်၍ ကွဲကွာနေသူများ၊ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်ရှိသော ရာသီဖွားများအတွက် . . .

လက်ကိုင်ပဝါ အဖြူတစ်ထည်၏ အလယ်နေရာတွင် ချစ်သူ၏အမည်ကို မင်အနီရောင်နှင့် မြန်မာလို ရေးပါ။ ထမင်းစားစားပွဲပေါ်တွင် ထိုလက်ကိုင်ပဝါကို ဖြန့်ခင်းပါ။ ထို့နောက်လက်ကိုင်ပဝါ အမည်တည့်တည့်ပေါ်တွင် ကောက်ဖီတစ်ခွက်တင်ပါ။ ကော်ဖီအတွင်း ကော်နားကပ် (ကပ်နားကပ်) တစ်စုံကိုစိမ်ထားပါ။ ထို့နောက် မြောက်အရပ်ကို မျက်နှာမူ၍ ကော်ဖီသောက်ပါ။ ကော်ဖီကုန်သောအခါ ယင်းနားကပ်ကို လက်ကိုင်ပဝါအတွင်း ထည့်သိမ်းပါ။

ရက်ပိုင်အတွင်း အရာရာ အဆင်ပြေမည်။

**အချစ်မြဲစေ**

နှစ်ဦး အချစ်မြဲစေရန်၊ ခိုင်စေရန်အတွက် . . .

တနင်္လာနေ့ မွန်းမတည့်မီအချိန်တွင် နှစ်ဦးအတူ လက်တွဲကာခေါက်ထီးတစ်ချောင်း၏ အရိပ်ကိုယူပြီး အရှေ့အရပ်ကိုမျက်နှာမူ၍ အပြန်အလှန် ချိုချဉ် ခွံ့ကျွေးပါ။ ထို့နောက်ချိုချဉ်ကုန်သည်အထိ ထီးဆောင်းထိုင်လျက် နှစ်ဦးစကား

ပြောပါ။ ချိုချဉ်အရင်ကုန်သောသူက ချစ်သူအား အနှစ်သက်ဆုံး ချစ်သက်လက်ဆောင် တောင်းပါ။ နောက်ကျမှ ကုန်သူက လိုရာလက်ဆောင်ပေးလိုက်ပါ။

ထူးထူးခြားခြား တစ်ဦးနှင့်တစ်ဦး ခိုင်မြဲမှုအား မြင့်မား လာပါလိမ့်မည်။

␣

# သိဟ် အချစ် ယတြာ

## ပီယ

လူချစ် ပီယဓာတ် မြင့်မား၍ အမုန်းထားမလို ရန်ကင်းစေရန်အတွက် ကော်ဖီအောက်ခံ ကြွေပန်းကန်ပြား သုံးချပ်ကိုယူပြီး စီတန်း၍ ချလိုက်ပါ။ အလယ်ပန်းကန်ပြားအတွင်း မိမိဓာတ်ပုံကို တင်ပါ။ ဘေးတစ်ဖက် တစ်ချက်စီရှိ ပန်းကန်ပြားနှစ်ချပ်တွင် ဖယောင်းတိုင် အနီတစ်တိုင်၊ အဖြူတစ်တိုင်စီ ထွန်းပါ။ နောက်နေ့များတွင် အိပ်ရာဝင်ခါနီး ထွန်းပါ။ ကိုးရက် ဆက်လုပ်ပါ။ ထို့နောက် ဖယောင်းတိုင်မှ ထွက်လာသော ဖယောင်းအနီ၊ အဖြူကို ဆတူအနည်းငယ်စီယူ၍ ခေါင်းလိမ်းအုန်းဆီအထဲ ထည့်ပါ။ ယင်းခေါင်းလိမ်းဆီကို မကြာခဏ လူးပေးပါ။

ထူးခြားစွာ မိမိမျက်နှာ ပွင့်လိမ့်မည်။

## အမျက်ဖြေ

သိဟ်ရာသီဖွားများ အချစ်ရေး၊ အိမ်ထောင်ရေးပြဿနာ၊ စိတ်အနှောင့်အယှက် ကြုံသောအခါတွင် . . .

တနင်္ဂနွေနေ့ နံနက် (၈) နာရီ (၄၀) မိနစ်တိတိတွင် မြောက်အရပ်သို့ မျက်နှာမူ၍ နှင်းဆီအနီတစ်ပွင့်ကို တစ်စစီဖြစ်အောင် လက်နှင့်ခြေလိုက်ပါ။ ပွင့်ဖတ်ဝတ်မှုံကြွေများကို လက်ကိုင်ပဝါအဖြူတစ်ထည်နှင့် ထုပ်ယူပါ။ ထိုပဝါထုပ်ကို သစ်ပင်တစ်ပင်၏ တောင်ဘက်အကိုင်းတွင် အပ်ချည်ကြိုးအဖြူ ခြောက်မျှင်နှင့် ချည်နှောင်ချိတ်ဆွဲလိုက်ပါ။

ရက်ပိုင်းအတွင်း အဆင်ပြေ ထူးခြားသွားပါလိမ့်မည်။

**အချစ်မြဲစေ**

သိဟ်ရာသီဖွားများ အချစ်မြဲစေရန်၊ ကံကောင်းစေရန်
တစ်ဦးနှင့်တစ်ဦး မေတ္တာခိုင်ကျည်စေရန် . . .

တနင်္ဂနွေနေ့ တစ်ရက်တွင် ဇီးကွက်ဖိုမတစ်စုံကို မိမိချစ်သူအား လက်ဆောင်ပေးပါ။ ထို့နောက် ချစ်သူကို ရေကန်တစ်ခုဘေးရှိ အလွန်ကြီးမားသော သစ်ပင်တစ်ပင်၏ ခွဆုံတစ်နေရာတွင် ယင်းဇီးကွက်ဖိုမအစုံကို ချစ်သူအား တင်ထားခိုင်းပါ။ ထို့နောက် ယင်းသစ်ပင်ရိပ်တွင် ပခုံးချင်း ထိကပ်ထိုင်ကာ သစ္စာထားစကားဆိုကြပါ။

အလွန်အဆင်ပြေ၊ မေတ္တာခိုင်မြဲစေသောစိတ်ကို ရရှိပါလိမ့်မည်။

# ကန် အချစ် ယတြာ

## ပီယ

ညှို့နိုင်စွမ်းနှင့် မျက်နှာပွင့်လန်း၊ လူချစ်လူခင်များစေရန် . . .

ဗုဒ္ဓဟူးနေ့ နံနက် (၆) နာရီ (၄၂) မိနစ်တိတိတွင် ပန်းရောင်ပလတ်စတစ် ရေဖလားတစ်ခုအတွင်း ရေဖြည့်ပါ။ ရေမွှေးတစ်စက် ထည့်ပါ။ စံပယ်ပန်း ကိုးပွင့် ထည့်ပါ။ ထို့နောက် ပန်းနုရောင် ခေါင်းဘီးတစ်ခုအား ထိုရေတွင် စိမ်ပါ။ ပန်းရောင်လက်ကိုင်ပဝါနှင့် ရေဖလားကို အုပ်ထားပါ။ မဖွင့်ပါနှင့်။ ခြောက်ရက်ပြည့်သောအခါ ယင်းဘီးကို ဆယ်ယူ၍ ဆံပင်ဖီးပါ။ ဘီးငယ်ကို ဆောင်ပါ။

ထူးကဲသော ပီယဓာတ်ကို ရပါလိမ့်မည်။

**အမျက်ပြေ**

ကန်ရာသီဖွား အချစ်ရေး၊ မေတ္တာရေး၊ အိမ်ထောင်ရေး အဆင်မပြေဖြစ်မှုများ ပျောက်ငြိမ်းစေရန် . . .

ဗုဒ္ဓဟူးနေ့တွင် မြေအိုးငယ်တစ်လုံး၏ ဖင်ပိုင်း၌ မီးသွေးခဲနှင့် မိမိချစ်သူ၏ အမည်ကိုရေးပြီး ထိုရေအိုးကို ရေဖလားနှင့် ရေခြောက်ခွက်လောက်လောင်းပါ။ ထိုသို့လောင်းသောအချိန်တွင် ချစ်သူအမည်ကို နှုတ်မှ တသသမြည်တမ်းပါ။ ယင်းနောက် သနပ်ခါးတုံးတစ်ခုနှင့် အိုးကို တစ်စစီဖြစ်အောင် ရိုက်ခွဲပါ။ "အဆိုးဟူသမျှ ကုန်စေ" ဟု နှုတ်မှ ရွတ်ဆိုပါ။ ထို့နောက် မြေအိုးကွဲများကို အုန်းပင်တစ်ပင်၏ အခြေတွင် သွားရောက်စွန့်ပစ်လိုက်ပါ။ ရိုက်ခွဲသောအခါတွင်သုံးသော သနပ်ခါးတုံးကို သွေး၍လိမ်းပါ။

ဤရာသီဖွား ကျားမ/ချစ်သူ၊ အိမ်ထောင်ရှိသူမရွေး မပြေမလည် အခက်အခဲများရှိပါက အထက်ပါအတိုင်း ဆောင်ရွက်ပါ။ အရာရာ အဆင်ပြေသွားပါလိမ့်မည်။

**အချစ်မြဲစေ**

ကန်ရာသီဖွားများ အချစ်မြဲစေရန် . . .

ဗုဒ္ဓဟူးနေ့တွင် ချစ်သူနှင့်အတူ ရိုးရာလွယ်အိတ် တစ်လုံးကို

ဝယ်ယူပါ။ ထိုလွယ်အိတ်ကို ချစ်သူအား လက်ဆောင်ပေးပါ။ အတူတွေ့သောအခါတိုင်း အမြဲတမ်း ထိုလွယ်အိတ်ကလေးကို ကိုယ်နှင့်မကွာ လွယ်စေရန် ချစ်သူအား မှာကြားပါ။ ယင်းနေ့မှစ၍ ရက်ပေါင်း (၆၀) ကြာသောအခါ ထိုလွယ်အိတ်ကို ချစ်သူမှ မိမိအား ပြန်ပေးပါစေ။ လွယ်အိတ်အတွင်း ချစ်သူ၏ ဓာတ်ပုံကို အချစ်ကဗျာစာအုပ် တစ်အုပ်အကြား ညှပ်၍ သိမ်းဆည်းထားလိုက်ပါ။

ချစ်ကြသော အချစ်၊ ထားရှိသော မေတ္တာများ အလွန်တည်တံ့ခိုင်မြဲသော အနေအထားရှိမည်။

၂

## တူ အချစ် ယတြာ

**ပီယ**

တူရာသီဖွားတို့ မျက်နှာပွင့်၍ အထင်အရှား ပီယဓာတ် ပွင့်စေရန်အတွက် . . .

သောကြာနေ့ညနေ (၆) နာရီ (၆) မိနစ်တိတိတွင် လင်ပန်းဝိုင်း တစ်ခုအတွင်း လုံးဝိုင်းသော အဖြူရောင် ကျောက်စရစ်ခဲ တစ်ခဲကို အလယ်ဗဟိုတွင် ထည့်ပါ။ ထို ကျောက်စရစ်ခဲ ပေါ်တွင် ဖယောင်းတိုင် အဖြူရောင်ကို တစ်နေ့လျှင် တစ်တိုင် ထွန်းပါ။ ခြောက်ရက် ထွန်းပါ။ ယင်းနောက် အထက်ပါ ကျောက်စရစ်ခဲပေါ်တွင် လက်သဲနီ ဆိုးဆေးသုတ်လိမ်း၍ ဆောင်ထားပါ။

ပီယမျက်နှာပွင့်၊ လူချစ်လူခင် ပေါ်စေသော အဆောင် တစ်ခု ရရှိပြီ ဖြစ်သည်။

## အမျက်ပြေ

အချစ်ရေး၊ မေတ္တာရေးတွင် အဆင်မပြေ၊ အထင်လွဲ၊ ပြဿနာပေါ်၊ စိတ်အနှောင့်အယှက်ကြုံသောအခါတွင် . . .

သောကြာနေ့ နံနက် (၉) နာရီမတိုင်မီ စာရွက်ဖြူ တစ်ရွက်ပေါ်တွင် ချိန်ခွင်တစ်ခုပုံကို မင်အနီနှင့် ရေးဆွဲပါ။ ချိန်ခွင်၏ တစ်ဖက်တစ်ချက်စီတွင် မိမိအမည်နှင့် ချစ်သူ၏အမည်ကို ရေးပါ။ ထို့နောက် စာရွက်ကို လေးခေါက် ခေါက်ပါ။ ခေါက်ထားသော စာရွက်ပေါ်တွင် ကြွေပန်းကန်ပြား တစ်ချပ်တင်ပါ။ ထိုပန်းကန်ပြားအတွင်း နေကြာစေ့ ထည့်ပါ။ နေကြာစေ့များကို စားသုံးရင်း အရှေ့အရပ်သို့ မျက်နှာမူ၍ လိုရာဆန္ဒပြုပါ။ ပန်းကန်ပြားအတွင်း နေကြာစေ့ကုန်သောအခါ အင်္ကျီချုပ် အပ်တစ်ချောင်း ချပါ။ ထိုအပ်ပေါ်သို့ မတ်စေ့ချပါ။ မတ်စေ့ပေါ် ဖယောင်းတိုင် အနီ ထွန်းပါ။

အပ်ချ၊ မတ်ချ သေချာပေါက် ပြန်လည် အဆင်ပြေသွားကြပါလိမ့်မည်။

## အချစ်မြဲစေ

တူရာသီဖွားများ မေတ္တာမြဲစေ၊ အေးချမ်းစေရန် . . .

အခါသင့်သော သောကြာနေ့၌ အလွန်အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်၏ ပင်စည်ပေါ်တွင် နှစ်ဦးသား တစ်ယောက်

တစ်လှည့်စီ ချစ်ခင်ကြောင်း သံချွန်နှင့်ရေးကြ၊ မှတ်တမ်းတင်ကြပါ။ ထို့နောက် အထက်ပါ သံချွန်ကို အလွန်ငြိမ်သက်နေသော ရေကန်အတွင်း ပစ်ချလိုက်ပါ။ "သောကကင်းအေးပါစေ" ဟု ဆုတောင်းပါ။

အရာရာ အထင်အရှား အဆင်ပြေ ချောမွေ့သွားပါလိမ့်မည်။

⊔

# ပြိဿာ အချစ် ယတြာ

**ပီယ**

ပြိဿာရာသီဖွားများ မျက်နှာပွင့်၊ ပီယဓာတ် မြင့်စေရန် အတွက် ဆောင်ရွက်ရန် . . .

အင်္ဂါနေ့ နံနက် (၇) နာရီ (၂၀) မိနစ်တွင် ဖန်ခွက်တစ်ခွက် အတွင်း ဖန်ဂေါ်လီ ကျောက်ဒိုးတစ်လုံး ထည့်ပါ။ ကျောက်ဒိုး အပေါ် သဲခင်း သဲဖြည့်လိုက်ပါ။ ဖန်ခွက်ထဲရှိ သဲအတွင်း အမွှေးတိုင်သုံးတိုင် စိုက်ထွန်းပါ။ တစ်နေ့သုံးတိုင် ကိုးရက် ထွန်းပါ။ ရက်စေ့သောအခါ သဲကို ရေထဲသွန်ပါ။ ဖန်ခွက်ကို လှူလိုက်ပါ။ ဖန်ဂေါ်လီ ကျောက်ဒိုးလေးကို ဆောင်ထားပါ။

ထူးထူးခြားခြား အထင်အရှား မျက်နှာပွင့်ပေလိမ့်မည်။

**အမျက်ဖြေ**

ပြိဿာရာသီဖွားများ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်မပြေဖြစ်သောအခါတွင် . . .

အင်္ဂါနေ့ည အိပ်ရာဝင်သောအခါ ကြယ်သီးတစ်လုံးကို သံချိတ် နှင့်ချိတ်၍ မိမိခေါင်းအုံးအောက်တွင် ချစ်သူဓာတ်ပုံနှင့်အတူ

ထားပြီး အိပ်စက်ပါ။ နံနက် လင်းသောအခါ ထိုသံချိတ်နှင့် ကြယ်သီးကိုယူ၍ မြေမြုပ်ပါ။ "သောကအားလုံး ကင်းစေ" ဟု ရွတ်ဆိုပါ။ ပြီးနောက် အထက်ပါ မြေကို ဖနောင့်နှင့် (၃၇) ချက် ပေါက်ပါ။ ယင်းမြေပေါ်တွင် အမွှေးတိုင် သုံးတိုင် ထွန်းပါ။ အမွှေးတိုင်မှ ပြာအချို့ကိုယူ၍ ချစ်သူဓာတ်ပုံပေါ် ဖျန်းပက်ပြီး လိုရာဆန္ဒပြုပါ။

အမျက်ပြေကြ၊ အဆင်ပြေကြပါလိမ့်မည်။

## အချစ်မြဲစေ

ချစ်သူများ၊ အိမ်ထောင်ဘက်များ မေတ္တာမြဲစေရန် . . . အင်္ဂါနေ့တွင် ချစ်သူနှစ်ဦး ဆုံစည်း၍ ခုံးတံတားတစ်ခုအပေါ် တွင် ရပ်ပြီး အောက်ရှိ ရေစီးကြောင်းအတွင်းသို့ စံပယ်ပန်း (၁၅) ပွင့်စီ ကြဲချပါ။ ထို့နောက် အရှေ့မြောက်အရပ်သို့ မျက်နှာမူ၍ လက်တွဲလျက် တံတားအပေါ်တွင် ရပ်ပြီး သစ္စာ များသော စကားများ ပြောဆိုကြပါ။

အလွန်ခိုင်မာသော မေတ္တာရောင်ပြန် တစ်ဦးနှင့် တစ်ဦးအပေါ် ကျရောက်၍ အချစ်မြဲကြပေလိမ့်မည်။

။

## ဓနု အချစ် ယတြာ

### ပီယ

မေ့နုရာသီဖွားများ စန်းပွင့်၊ မျက်နှာပွင့်၊ ပီယဓာတ်
မြင့်စေရန် . . .

ကြာသပတေးနေ့ နံနက် (၆) နာရီ (၄၀) မိနစ်တွင် မင်္ဂလာဆောင်ဖိတ်စာ တစ်ခုအကြား တွယ်ချိတ်တစ်ချောင်းထည့်ပါ။ ဖိတ်စာအပေါ်တွင် ဖန်ခွက်တစ်ခွက်တင်ပါ။ ဖန်ခွက်အတွင်း အကျီကြယ်သီးတစ်လုံးထည့်ပါ။ ထို့နောက် ရေထည့်ထားပါ။ အပေါ်မှ အခြားမင်္ဂလာဆောင်ဖိတ်စာ နောက်တစ်ခုနှင့် ဖန်ခွက်ကို အုပ်ထားပါ။ ခြောက်ရက် ဆက်တိုက်ထားပါ။ ယင်းနောက် ကြယ်သီးပေါက်အတွင်း တွယ်ချိတ်ကို သွင်းချိတ်၍ ဆောင်ထားပါ။

ထူးခြားသော မျက်နှာပွင့် ဖြစ်ရပ်များ ဆက်တိုက်
ကြုံမည်။

**အမျက်ပြေ**

မနုရာသီဖွားများ အချစ်၊ မေတ္တာရေးရာ၊ အိမ်ထောင်ရေးရာ အဆင်မပြေဖြစ်ပါက . . .

စကောတစ်ချပ်ထဲ ဆန် ကိုးဆုပ်ထည့်ပါ။ ဆန်များအလယ်တွင် ပန်းကန်ပြားတစ်ချပ် တင်ထားပါ။ ပန်းကန်ပြားပေါ်တွင် ရေသန့်သန့်ပြည့်အောင် ဖြည့်ထားသော ဖန်ခွက်တစ်ခွက် တင်ပါ။ ကွမ်းရွက်ကို ထုံးကိုးချက်တို့ပြီး ကွမ်းသီးတစ်ခြမ်း ထည့်ပါ။ ထိုကွမ်းယာကို ရေခွက်ဘေးချထားပါ။ စကော ပတ်လည်တွင် ဖယောင်းတိုင် ထွန်းပါ။ ဖယောင်းတိုင်များ မီးငြိမ်းသောအခါ ချစ်သူဓာတ်ပုံကို ညာလက်တွင်ကိုင်၍ ခွက်မှ ရေကို သောက်ပါ။ ထို့နောက် ချစ်သူဓာတ်ပုံကို အထက်ပါ စကောအောက်တွင် ဖိထားပါ။

ရပ်ပိုင်းအတွင်း အထင်အရှား အဆင်ပြေ အေးချမ်းသွားပါမည်။

**အချစ်မြဲစေ**

မနုရာသီဖွားများ မိမိချစ်သူ မိမိအပေါ် ခိုင်မြဲသော မေတ္တာရှိစေရန် . . .

ကြာသပေးတေးနေ့ တစ်ရက်တွင် အလွန်လှပသော ပုံတူပို့စကတ်နှစ်ခု ဝယ်ယူပါ။ ထို့နောက် ပန်းပေါင်းစုံဖူးပွင့်နေသော

ဥယျာဉ်ထဲ တစ်နေရာ၌ အတူလက်တွဲ လမ်းလျှောက်ပြီး အရိပ်ကောင်းတစ်နေရာတွင် ခေတ္တနားနေ၍ ထိုပို့စကတ်များအပေါ် လိုရာရေးပြီး တစ်ဦးနှင့်တစ်ဦး လဲလှယ် သိမ်းဆည်းထားလိုက်ပါ။

ထူးခြားသော မေတ္တာနှောင်ကြိုးများ အပြန်အလှန်
မြဲမြဲခိုင်ခိုင် နှောင်ရစ်လာပါလိမ့်မည်။

⊔

# မကာရ အချစ် ယတြာ

## ပီယ

ပီယခာတ်ပွင့်၍ လူချစ်လူခင်ပေါပြီး မုန်းသူရန်ဘက် ပျောက်စေရန်အတွက် . . .

စနေနေ့ နံနက် (၈) နာရီ တိတိတွင် ဝါးတူတစ်စုံကို သားရေကွင်း အနီရောင်နှင့်ပူးနှောင်လိုက်ပါ။ ဝါးတူကို ကော်ဖီကြွေပန်းကန်ပြားတစ်ချပ်ပေါ်တွင် ကန့်လန့်ဖြတ်တင်လိုက်ပါ။ ထိုတူပေါ်တွင် ဆင်အမြီးနှင့် ပြုလုပ်ထားသော လက်စွပ်ကို ထင်လိုက်ပါ။ ထို့နောက် ယင်းလက်စွပ်ကို ဝတ်ဆင်ပါ။ ဝါးတူကို မီးဖိုခန်းတွင် ထားလိုက်ပါ။

ထူးခြားစွာ မျက်နှာပွင့်၍ ရန်သူကပင် ချစ်ခင်အံ့။

## အမျက်ဖြေ

မကာရရာသီဖွားများ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အဆင်မပြေ အစေမကပ်ဖြစ်ပါက . . .

မိမိချစ်သူဓာတ်ပုံကို မှောက်၍ ထိုဓာတ်ပုံပေါ်တွင် လင်ပန်းကို မှောက်ပါ။ လင်ပန်း၏ကျောပေါ်တွင် ဖယောင်းတိုင် ကိုးတိုင်

ထွန်းပြီး ကွာစေ့သုံးထုပ် ဖြူးပါ။ ထို့နောက် မီးငြိမ်းသောအခါ ဓာတ်ပုံကိုထုတ်၍ ကြည့်မှန်တစ်ချပ်ပေါ်တွင် ကပ်ပါ။ ဓာတ်ပုံထဲမှ ချစ်သူ့မျက်လုံးကို စိုက်ကြည့်ပါ။ မျက်စိမလွှဲ မျက်တောင်မခတ်စိုက်ကြည့်ရင်း "အဆင်ပြေစ" ဟု (၂၇) ကြိမ် ရွတ်ဆိုပါ။

အထင်အရှား အဆင်ပြေ တိုးတက်မှုများ ဖြစ်ပွားလာပါမည်။

## အချစ်မြဲစေ

တစ်ဦးနှင့်တစ်ဦး အမုန်းမဖက်ဘဲ အချစ်သက်ရှည်ခိုင်ခန့်စေရန် . . .

မြေအိုးတစ်လုံးကို ထုံးသုတ်၊ မြေအိုးထဲ မြေကြီးထည့်၍ စနေနေ့ နံနက် (၉) နာရီ (၄၅) မိနစ်အချိန်တွင် ထိုမြေအိုးအတွင်း ကျောက်စရစ်ခဲ ခြောက်လုံးစီ နှစ်ဦးအတူတကွထည့်၍ ယင်းမြေအိုးကို စီးဆင်းနေသောရေတွင် မျှောပါ။ ထို့နောက် နှစ်ဦးယှဉ်တွဲပြီး မိမိတို့ဘာသာအလိုက် ကိုးကွယ်သောဘုရားကို အောက်မေ့၍ မေတ္တာဓာတ်ခံယူပါ။

ထူးခြားစွာ မေတ္တာရေး၊ အိမ်ထောင်ရေး အဆင်ပြေသော အနေအထားကြုံမည်။

⊔

# ကုမ် အချစ် ယတြာ

## ပီယ

မေတ္တာစာတတ်ဝင် လူချစ်ခင်၍၊ မျက်နှာမြင် ချစ်ခင်ကာ
သွားလေရာ လူချစ်လူခင်ပေါ၊ ကူညီသူပေါ မျက်နှာပွင့်
စေရန် . . .

စနေနေ့ နံနက် (၇) နာရီ (၂၀) မိနစ်တွင် ငွေရောင် ခေါင်းလောင်းငယ်လေး တစ်လုံးကို ကြိုးအနီနှင့်တွဲ၍ မိမိ အိပ်ခန်း ပြတင်းပေါက်တွင် ချိတ်ဆွဲထားပါ။ (၇) ရက်စေ့သောအခါ ခေါင်းလောင်းကိုယူ၍ ဆောင်ပါ။

ထူးခြားသော ပီယဓာတ်ကို အထင်အရှား ရရှိမည်။

## အမျက်ပြေ

ကုမ်ရာသီဖွားတို့ အချစ်ရေး၊ မေတ္တာရေး အဆင်မပြေမှု
များ ဖြစ်ပေါ်ပါက အောက်ပါအတိုင်း ယတြာပြုပါ။

ပုလင်းတစ်လုံးအတွင်း ငွေစက္ကူတစ်ဆယ်တန် တစ်ရွက် ထည့်ပါ။ ဖူးနေသော နှင်းဆီနီ တစ်ဖူးထည့်ပါ။ အုန်းညွန့်

တစ်ညွှန့် ထည့်ပါ။ ချစ်သူအမည်ကို စာရွက်ဖြူပေါ်တွင် မင်အနီနှင့် ရေး၍ ထည့်ပါ။ ထို့နောက် ပုလင်းဝကို ချင်းတက်တစ်ခုနှင့်ပိတ်ပြီး ပုလင်းကို သစ်ပင်တစ်ပင်၏ တောင်ဘက်အကိုင်းတွင် နိုင်လွန်ကြိုးနှင့် ချိတ်ဆွဲထားပါ။ "ချင်းစိမ်းနဲ့ မိတ်သလင် မဟုတ်ပါ၊ နိုင်လွန်းချစ်သူရယ်" ဟု (၂၇) ခေါက်ရွတ်ပါ။

ရက်ပိုင်းအတွင်း အရာရာ အဆင်ပြေသွားပါလိမ့်မည်။

## အချစ်မြဲစေ

ကုမ်ရာသီဖွားများ မေတ္တာတည်မြဲ၊ ချစ်သူနှင့်မိမိအကြား မေတ္တာခိုင်မြဲစေရန် . . .

နှစ်ဦး ကြည်ကြည်ဖြူဖြူရှိသော စနေနေ့တစ်ရက် ညနေပိုင်းတွင် နှစ်ဦးတည်းတွဲ၍ "မဟာ . . ." အမည်နှင့်စသော လမ်း သို့မဟုတ် ပန်းခြံတွင် အတူ လမ်းလျှောက်ပါ။ ထို့နောက် သစ်ပင်အရိပ်အောက်၌ ဖွင့်လှစ်ထားသော အအေးဆိုင်တစ်ဆိုင်တွင် အတူထိုင်၍ အမျိုးတူ အအေးတစ်ခွက်စီ သောက်သုံးပြီး ချစ်ခင်ဖွယ်စကား အပြန်အလှန်ပြောပါ။

ထူးခြားသော သံယောဇဉ် အနှောင်အဖွဲ့လေးများ ပေါက်ဖွားလာမည်။

၊၊

## မိန် အချစ် ယတြာ

**ပီယ**

မိမိထံမှ ပီယဓာတ်များ ပွင့်ထွက်၍ ရန်သူ ပပျောက်၊
ချစ်သူခင်သူ ပေါ်များစေရန်၊ မျက်နှာပွင့်ရန် . . .

လပြည့်နေ့ည လူခြေတိတ်ချိန်တွင် မိမိနေအိမ် အရှေ့အဝင်ပေါက်ဝ၌ အသည်းနှလုံးပုံ တွဲလျက်ပါသော သော့ချိတ် (key chain) တစ်ခုကို ချိတ်ဆွဲပါ။ နံနက်လင်းသောအချိန်တွင် ထိုသော့ချိတ်ကိုယူ၍ လင်ပန်းနှင့် အုပ်ထားပါ။ လင်ပန်း၏ ကျောဘက်ပေါ်တွင် ဖယောင်းတိုင်အနီ တစ်နေ့လျှင် တစ်တိုင် ကိုးရက် ဆက်ထွန်းပါ။ ထို့နောက် အထက်ပါ သော့ချိတ်ကို ဆောင်ယူသုံးစွဲပါ။

သွားလေရာ မျက်နှာပွင့်၊ လူချစ်လူခင် ပေါ်များသော
ပီယဓာတ်ရပေမည်။

## အမျက်ပြေ

မိန်ရာသီဖွားများ အချစ်ရေး၊ မေတ္တာရေး၊ အဆင်မပြေ အိမ်ထောင်ရေးတွင် အနှောင့်အယှက်ရှိပါက အဆိုး ပပျောက်စေရန် . . .

ကြာသပတေးနေ့တွင် စလောင်းဖုံးအသစ်တစ်ချပ်ကို တစ်ရက် ရေစိမ်ပါ။ သောကြာနေ့ နံနက်စောစောတွင် ငွေစက္ကူ တစ်ကျပ်တန် ကိုးရွက်ကို စလောင်းဖုံးနှင့် အုပ်ဖုံးလိုက်ပါ။ ထို့နောက် စလောင်းဖုံးတွင် ချစ်သူ၏အမည်မှ နောက်ဆုံး အမည်၏ အက္ခရာကို ထုံးနှင့်ရေးပါ။ ယင်းနောက် စလောင်းဖုံး ကျောဘက်တွင် ဖယောင်းတိုင် အနီတစ်တိုင် ထွန်းပါ။ ပြီးနောက် တစ်ကျပ်တန် ကိုးရွက်ကို အပ်ချည်နှင့် သီ၍ ပြတင်းပေါက်တစ်ခုတွင် ချိတ်ဆွဲပါ။

ရက်ပိုင်းအတါင်း အထင်အရှား အရာရာ အဆင်ပြေ သွားပါလိမ့်မည်။

## အချစ်မြဲစေ

မိန်ရာသီဖွားများ အချစ်မြဲစေရန် . . .

ကြာသပတေးနေ့တွင် ချစ်သူနှစ်ဦး အပြန်အလှန် နှစ်သက်ရာ အချစ်သီချင်း၊ စုံတွဲသီချင်း တိတ်ခွေဝယ်ပေးကြပါ။ ထို့နောက် (၇) ရက်ဆက်တိုက် နေ့စဉ် နံနက်တိုင်း သီချင်းခွေကို ဖွင့်ကြပါ။

တစ်ပတ်အကြာ ကြာသပတေးနေ့၌ အလွန်လှပသည့် ရေကန်နံဘေးတွင် နှစ်ဦးယှဉ်တွဲထိုင်ပြီး ရေကန်အတွင်းသို့ စံပယ်ပန်းများ မျှောပါ။

အလွန်အဆင်ပြေ၍ အပြန်အလှန် သံယောဇဉ်ငြိတွယ်မှု အားကောင်းမည်။

▄

**စံ-ဇာဏီဘို**

အချစ်သည်....
ကမ္ဘာဦးအစကတည်းက ရှိခဲ့သည်။
ယခုလည်း ရှိနေဆဲ။
အချစ်ပွင့်သည်လည်း
ကမ္ဘာဦးအစကတည်းက ဖူးခဲ့ပွင့်ခဲ့သည်။
ယခုလည်း ဖူးနေပွင့်နေဆဲ။
ရာသီမရွေးပွင့်နေသော
အချစ်ပွင့်အကြောင်းကိုပြောပြထားသည်......

# ဆယ့်နှစ်ရာသီအချစ်

## စံ-ဇာဏီဘို

